မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ အင်္ဂါနေ့ အတွဲ (၅၈)၊ အမှတ် (၃၁၇)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားတွင် အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၂

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးစွမ်းဆောင်ရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူငယ်ရေးရာကော်မတီများမှ လူငယ်တာဝန်ခံများ၊ ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

ပြုပြင်ပြောင်းလဲကြရန်အတွက် တာဝန်ကိုယ်စီရှိကြသည်

မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံကျော်ကျော်မှာ လူငယ်များ ဖြစ်သည်။ ကိန်းဂဏန်းအားဖြင့်ဆိုရလျှင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏ ၃၅ ဒသမ ၅၈ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၃၅ နှစ်အကြားရှိ လူငယ်များဖြစ်သည်။ နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံကျော် အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်များရှိနေသောနိုင်ငံမှာ လူသားသယံဇာတအရင်းအမြစ် အခြေအနေကောင်းများ ရရှိနေသော နိုင်ငံဖြစ်သည်ဟူ၍လည်း ဆိုကြသည်။

နိုင်ငံ၏အနာဂတ်ကို ဖန်တီးဖော်ဆောင်မည့် အင်အားစုများမှာ ပစ္စုပ္ပန်၏လူငယ်များ ဖြစ်သည်။ လူငယ်များကို တက်လူများ ဟူ၍လည်း တင်စားကြလေ့ရှိသည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးသည့် အရွယ်၊ လေ့လာစူးစမ်းမှု၊ သင်ယူမှုတို့ ထက်သန်သည့်အရွယ်၊ ကာယခွန်အားစိတ်ဓာတ်ခွန်အားတို့ ကြံ့ခိုင်သန်စွမ်းလာသည့် အရွယ်၊ ယင်းသို့သောအရွယ် လူငယ်များသည် မိမိကိုယ်မိမိ၊ မိမိနေထိုင်ရာ ပတ်ဝန်းကျင်နှင့်တကွ မိမိနိုင်ငံ၊ တစ်ခါတစ်ရံ ကမ္ဘာလောကကြီးအတွက်ပါ ဖန်တီးသူများ၊ တည်ဆောက်သူများ၊ အကောင်းဆုံးအကျိုးပြုသူများ ဖြစ်ကြသည်။

သိဒ္ဓတ္ထမင်းသား ကပိလဝတ် နန်းတော်ကို စွန့်ခွာ၍ သစ္စာတရားကို ရှာဖွေသည့် ခရီးစတင်ခဲ့ချိန်သည် ငယ်ရွယ်နုပျိုချိန်တွင် ဖြစ်သည်။ မြန်မာ့လွတ်လပ်ရေး၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လူငယ်ဘဝတစ်လျှောက်လုံး နိုင်ငံနှင့်လူမျိုး လွတ်လပ်ရေးအတွက် မနားမနေ ကြိုးပမ်းခဲ့ပြီး အကောင်းဆုံးအရွယ်မှာပင် အသက်စွန့်သွားခဲ့သူ ဖြစ်သည်။ လောကအကျိုးကိုဆောင်သည့် တီထွင်သူများစွာ၊ စွန့်စားသူ များစွာတို့မှာ လူငယ်များကသာလျှင် အများစုဖြစ်သည်။ ဤသို့လျှင် တည်ဆောက်နိုင်စွမ်းရှိသူ၊ ဖန်တီးနိုင်စွမ်းရှိသူ တက်လူအင်အားတို့ ကြီးကြီးမားမား ပိုင်ဆိုင်ထားသည့်နိုင်ငံသည် အနာဂတ်အတွက် အလားအလာကောင်းများကို ပိုင်ဆိုင်ထားခြင်းပင်ဖြစ်သည်။ သို့ရာတွင် ပိုင်ဆိုင်ထားပြီးဖြစ်သော လူသားသယံဇာတကို တန်ဖိုးမြင့်သည့် လူသား အရင်းအမြစ်ဖြစ်လာအောင် ရင်းနှီးမြှုပ်နှံ ပြုစုပျိုးထောင်ရေးနှင့် စနစ်တကျအကျိုးရှိစွာ အသုံးချနိုင်ရေးတို့ကို မူဝါဒများချမှတ်ကာ မှန်မှန်ကန်ကန်ပြုလုပ်နိုင်မှသာ မျှော်လင့်ထားသည့်အတိုင်း နိုင်ငံ့အတွက် အနာဂတ်အင်အားဖြစ်ပေါ်လာမှာလည်း ဖြစ်သည်။

လူငယ်များကို တန်ဖိုးမြင့်သည့် လူသားအရင်းအမြစ်ဖြစ်လာအောင် လေ့ကျင့်ပေးရန်မှာ ပညာရေးစနစ်က အဓိကကျသည်။ "လူငယ်များကလည်း မိမိတို့ပညာရရှိရေးအတွက် တာဝန်ယူရပါမယ်။ အစိုးရပိုင်းကလည်း အကောင်းဆုံးပညာရေးစနစ်တစ်ခု ထူထောင်ဖို့အတွက်ကို တာဝန်ယူရမယ်။ အားလုံးက ဝိုင်းဝန်းပြီး ကိုယ့်တာဝန်ကိုယ်ထမ်းဆောင်မှ ကျွန်မတို့ အောင်မြင်နိုင်မှာပါ" ဟူ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။ လူငယ်များအပိုင်းက ပညာကို ကောင်းစွာ သင်ယူရန်နှင့် အစိုးရအပိုင်းက အကောင်းဆုံးပညာရေးစနစ်ကို ထူထောင်ရန်ဟူ၍ တာဝန်ကိုယ်စီရှိနေကြသည်။ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲရာတွင်လည်း လူငယ်များအပိုင်းကရော၊ အစိုးရအပိုင်းကပါ ပြုပြင်ပြောင်းလဲရန် တာဝန်ကိုယ်စီရှိနေကြခြင်း ဖြစ်သည်။

လူငယ်များ၏ ပညာရေး၊ ကျန်းမာရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားသော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးရေး၊ နိုင်ငံရေးရာတို့တွင် လူငယ်များပိုမိုပါဝင်လာနိုင်ရန် လမ်းဖွင့်ပေးရေး၊ လူငယ်များ၏ တီထွင်ဖန်တီးမှုများနှင့် သုတေသနလုပ်ငန်းများကို ပံ့ပိုးကူညီပေးရေး၊ လူငယ်စာပေ၊ အနုပညာနှင့်ယဉ်ကျေးမှုတို့ကို မြှင့်တင်ပေးရေးတို့မှာ လူငယ်တို့အတွက် ရေခံ၊ မြေခံကောင်းများ ဖန်တီးပေးရေးဖြစ်ပြီး ဝိုင်းဝန်းကြိုးပမ်းမှုများဖြင့် မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဟု ယုံကြည်မိသည်။ လူငယ်များအနေဖြင့်မူ မိမိကိုယ်ကို အရည်အသွေးမြင့်မားအောင် ရည်မှန်းချက် မြင့်မြင့်မားမားထား၍ ဆန္ဒပြင်းပြင်း၊ ဝီရိယသန်သန်၊ စိတ်ခွန်အားကောင်းကောင်း၊ ပညာဉာဏ်ထက်ထက်သန်သန်ဖြင့် တန်ဖိုးမြင့်မားသည့်လူ့စွမ်းအားအဖြစ် ထူထောင်နိုင်ကြပါစေကြောင်း။ ။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရအရာထမ်းများအတွက် စီမံကိန်းရေးဆွဲအဆိုပြုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲ ကျင်းပ

အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်ဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရအရာထမ်းများအတွက် စီမံကိန်းရေးဆွဲအဆိုပြုရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲတွင် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းလွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

နေပြည်တော် ဩဂုတ် ၁၂

အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်ဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရအရာထမ်းများအတွက် စီမံကိန်းရေးဆွဲအဆိုပြုရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးမင်းလွင်၊ အာဆီယံဆိုင်ရာ ဂျပန်သံအမတ်ကြီး Kazuo Sunaga နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူတို့က ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ခန့်ဆုမ်းက ဧည့်သည်တော်များနှင့် သင်တန်းသားများကို ညစာဖြင့် ဧည့်ခံသည်။ အဆိုပါသင်တန်းကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံဆိုင်ရာမြန်မာအဖွဲ့ရုံးနှင့် အာဆီယံ-ဂျပန်ပေါင်းစည်းရေးရန်ပုံငွေအစီအစဉ်တို့က ပူးတွဲကြီးမှူးကျင်းပခြင်းဖြစ်သည်။

အဆိုပါသင်တန်းသည် သင်ခန်းစာများ၊ လက်တွေ့လုပ်ဆောင်မှုများ၊ အပြန်အလှန် ကျွမ်းကျင်မှုဖလှယ်ခြင်း၊ လေ့လာမှုများနှင့် အုပ်စုဖွဲ့လေ့ကျင့်ခန်းများမှတစ်ဆင့် ကမ္ဘောဒီးယား၊လာအို မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့မှ အစိုးရအရာထမ်းများ၏ စီမံကိန်းရေးဆွဲအဆိုပြုရေးနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ မြှင့်တင်ရန် ရည်ရွယ်သည်။ သုံးရက်ကြာကျင်းပမည့် အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ၂၅ ဦး၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့မှ အစိုးရအရာထမ်း ၃၀ စုစုပေါင်းသင်တန်းသား ကိုယ်စားလှယ် ၅၅ ဦးတက်ရောက်ကြသည်။ **သတင်းစဉ်**

မိန်းကလေးတို့ဘဝ ၉၉ ရက်တာ လှုပ်ရှားမှုမိတ်ဆက်ခြင်း စကားဝိုင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမဆောင်၌ ဩဂုတ် ၁၂ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ်နေ့မှစ၍ ကုလသမဂ္ဂကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းနေ့ဖြစ်သော နိုဝင်ဘာ ၂၀ ရက်အထိ မိန်းကလေးများဘဝ ၉၉ ရက်တာလှုပ်ရှားမှု မိတ်ဆက်ခြင်း စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က Plan International Myanmar က စီစဉ်ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် Plan International Myanmar မှ လူငယ်ရေးရာကော်မတီ ဒေါ်စုစုထွန်းတို့က မိတ်ဆက်စကားပြောကြားသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် Plan International Myanmar စီမံကိန်း ဒါရိုက်တာ ဒေါ်လင်းလင်းအောင်က ကူညီဆွေးနွေးသူအဖြစ် ဆောင်ရွက်၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နော်လုလုစိုး၊ Plan International Myanmar မှ အမှုဆောင် ဒါရိုက်တာ ဒေါက်တာ မင်းဇော်ဦးနှင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းကော်မတီလူငယ်ရေးရာ ဒေါ်သဲစုစုထွန်း၊ အဆိုတော် အိမ့်ချစ်၊ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် ခင်ဝင့်ဝါ၊ ကချင်ပြည်နယ် ကရာတေးချန်ပီယံ မဆိုင်းနူးတို့က ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ဖြစ်သော ဩဂုတ် ၁၂ ရက်မှစတင်ပြီး အောက်တိုဘာ ၁၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မိန်းကလေးများနေ့ ဂုဏ်ပြုကျင်းပခြင်း၊ ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေး ဆိုင်ရာကွန်ဗင်းရှင်းနေ့ နိုဝင်ဘာ ၂၀ ရက်အထိ ၉၉ ရက်တာကာလအတွင်း လူငယ်များဦးဆောင်မှုနှင့် နိုင်ငံတော်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အနာဂတ်ကာလများတွင် မိန်းကလေးများ တန်းတူအခွင့်အရေးရရှိရန် ရည်ရွယ်ချက်ဖြင့် စုပေါင်းလမ်းလျှောက်ခြင်း၊ အားကစားသရုပ်ဖော်ပြသခြင်း၊ တေးဂီတဖျော်ဖြေခြင်း၊ ပြိုင်ပွဲဓာတ်ပုံများ ခင်းကျင်းပြသခြင်းများဆောင်ရွက်သွားမည် ဖြစ်ကြောင်း အဆိုပါ စကားဝိုင်းမှ သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၂

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ



◆ *ရှေ့ဖုံးမှ*

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီနေ့ဟာ လူငယ်များအတွက်သာမကဘဲ ကျွန်မတို့ရဲ့ပညာရေး စနစ်တစ်ခုလုံးအတွက် ကျင်းပတဲ့ အခမ်းအနားပဲဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ရဲ့ ဆောင်ပုဒ်ဟာ လူငယ်တွေပါဝင်ပြီး ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲခြင်းပဲ ဖြစ်ပါတယ်။ ဒီဆောင်ပုဒ်ကို ကြည့်လိုက်တဲ့အခါ ကိစ္စနှစ်ရပ် အဓိကပါဝင်ပါတယ်။ တစ်ခုက ပြုပြင်ပြောင်းလဲခြင်း၊ တစ်ခုက ပညာရေးပဲဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲခြင်းဆိုတာကို နှစ်မျိုးစဉ်းစားလို့ရပါတယ်။ အတိတ်က ကျန်ခဲ့တဲ့ အခြေအနေတွေကို ပြုပြင်သင့်လို့ ပြန်ပြီးတော့ပြုပြင်ခြင်း၊ နောက်တစ်ခုက အနာဂတ်အတွက် ကျွန်မတို့ ဖန်တီးတီထွင်ပြီးတော့ ပြုပြင်ပြောင်းလဲခြင်းပဲ ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲဖို့ လိုအပ်

"ဒီနှစ်ခုက နည်းနည်းတော့ကွာခြားပါတယ်။ ကျွန်မတို့နိုင်ငံလို ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ နိုင်ငံအတွက်ဆိုရင် ပြုပြင်ပြောင်းလဲဖို့ နှစ်မျိုးလုံးလိုအပ်ပါတယ်။ ကျွန်မတို့အတိတ်တုန်းက ကျန်ရစ်ခဲ့တဲ့ အခြေအနေ၊ ပြုပြင်ပြောင်းလဲသင့်တဲ့ အခြေအနေတွေကို ပြုပြင်ပြောင်းလဲဖို့ဆိုတာလည်း အင်မတန်မှ အရေးကြီးပါတယ်။ ဒါ့အပြင် အနာဂတ်အတွက် ဖန်တီးတီထွင်နိုင်တဲ့ အခြေအနေလည်း လိုအပ်ပါတယ်။ ဘယ်လိုကိစ္စတွေကို ပြုပြင်ပြောင်းလဲရမယ်ဆိုတာနဲ့ပတ်သက်လို့ ကျွန်မ ဖတ်ဖူးတဲ့ ကဗျာဆုတောင်းလေးတစ်ခုကို သတိရမိပါတယ်။ အဲဒီကဗျာဆုတောင်းရဲ့ အဓိပ္ပာယ်ကတော့ ပြုပြင်ပြောင်းလဲသင့်တာကို ပြုပြင်ပြောင်းလဲနိုင်တဲ့ သတ္တိရှိနိုင်ပါစေ။ ပြောင်းလဲသင့်တဲ့အရာတွေကို ပြောင်းလဲရဲတဲ့ ခံနိုင်ရည်ရှိနိုင်ပါစေ။ ဘယ်ဟာက ပြုပြင်ပြောင်းလဲသင့်တယ်၊ ဘယ်ဟာက မပြောင်းလဲသင့်ဘူးဆိုတာကို ခွဲခြားသိရှိနိုင်တဲ့ ဉာဏ်ပညာအမြော်အမြင်ရှိပါစေဆိုတဲ့ ဆုတောင်းလေးပဲ ဖြစ်ပါတယ်။

ပညာအမြော်အမြင်လိုအပ်

"ပြုပြင်ပြောင်းလဲတဲ့နေရာမှာ ကျွန်မတို့လူသားများဟာ တခြားသတ္တဝါတွေနဲ့ မတူပါဘူး။ တခြားသတ္တဝါတွေဟာ ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ တဖြည်းဖြည်းပြောင်းလဲတဲ့ evolution ဆိုတဲ့ ပြုပြင်ပြောင်းလဲမှုမျိုးပဲရှိပါတယ်။ တော်လှန်ရေးလို့ဆိုတဲ့ revolution ကာလအတွင်းမှာ အကြီးအကျယ်ပြောင်းလဲမှုတွေကို လုပ်နိုင်တာကတော့ လူသားတွေပဲ ဖြစ်ပါတယ်။ ကျွန်မတို့ ဒီလိုပြုပြင်ပြောင်းလဲမှုတွေ လုပ်ခြင်းအားဖြင့် ကမ္ဘာကြီးဟာတိုးတက်လာတာလည်းရှိတယ်၊ တချို့ဘက်တွေမှာ ဆုတ်ယုတ်လာတာလည်းရှိတယ်။ ဒါကြောင့်မို့ ဘာတွေကို ပြောင်းလဲသင့်တယ်၊ ဘာတွေကိုပြောင်းလဲရမယ်၊ ဘယ်လိုပုံစံနဲ့ ပြောင်းလဲရမယ်ဆိုတာ ကျွန်မတို့အားလုံး စဉ်းစားရမှာဖြစ်ပါတယ်။ ဒီဟာတွေကို အကောင်အထည်ဖော်နိုင်တယ်ဆိုတာဟာ ပညာရှိမှ ရတာပါ။ ပညာအမြော်အမြင်လိုအပ်တယ်။ ပညာဆိုတဲ့ စကားကိုကြည့်လိုက်ရင် ပညာအမြော်အမြင်ဆိုတာ အဓိပ္ပာယ်အရှိဆုံးလို့ပဲထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ကို ပညာသင်ပေးတဲ့ ပညာရေးစနစ်တစ်ခုလုံးရဲ့အဓိကဦးတည်ချက်တစ်ခုကတော့ အမြော်အမြင်ရှိဖို့ပဲဖြစ်ပါတယ်။ ပညာသင်ပေးတယ်ဆိုတာဟာ ဘဝမှာ ကိုယ်ကြုံတွေ့ရမယ့် အခြေအနေတွေကို မျှော်မှန်းပြီးတော့ ဒီလိုအခြေအနေတွေ ဖြစ်ပေါ်လာရင် ဘယ်လိုရင်ဆိုင်မလဲ၊ ဘယ်လိုကျော်လွှားမလဲဆိုတာကို မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်ဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပညာအမြော်အမြင်လို့ ပြောမှပြည့်စုံပါတယ်။ ပညာချည်းသက်သက်ပြောတာဆိုရင် ဒါဟာအတန်းပညာကိုဆိုလိုတာပဲ ဖြစ်နိုင်ပါတယ်။ ပညာချည်းသက်သက်ဆိုတာ ဘယ်နှစ်တန်းအောင်ပြီးပြီ၊ ဘွဲ့ဘယ်လောက်ရပြီးပြီ အဲဒီလိုဘွဲ့တွေရုံနဲ့လည်း ကျွန်မတို့ဟာ အမြော်အမြင်ရှိနိုင်တာမဟုတ်ပါဘူး။

အားလုံးပါဝင်နိုင်တဲ့ ပညာရေးစနစ်

"ဒါကြောင့်မို့ ကျွန်မတို့ရဲ့ပညာရေးစနစ်ဟာ ဉာဏ်ပညာအမြော်အမြင်ရှိစေဖို့ ဦးတည်တဲ့ စွမ်းရည်ရှိဖို့ အများကြီး အရေးကြီးပါတယ်။ ပညာသင်တဲ့နေရာမှာ လူကြီးတွေထက် လူငယ်တွေက အားသာပါတယ်။ လူကြီးတွေက မိမိတို့ရဲ့အသက်မွေးဝမ်းကျောင်းအတွက်၊ မိသားစုအရေးအတွက်၊ အလုပ်တာဝန်တွေအတွက်လုပ်ဖို့ကိုင်ဖို့ တာဝန်ယူဖို့ အချိန်ယူရတဲ့အတွက် ပညာဆည်းပူးတဲ့နေရာမှာ အချိန်ရာနှုန်းပြည့် မပေးနိုင်ပါဘူး။ လူငယ်တွေရဲ့အားသာချက်က ပညာရှာနိုင်တဲ့ အချိန်အပြည့်အဝရှိပါတယ်။ လူငယ်တိုင်းမှာရှိလားဆိုတော့ မရှိပါဘူး။ အဲဒါလည်း ကျွန်မတို့ပြုပြင်ပြောင်းလဲရမယ့် ကိစ္စတစ်ခုဖြစ်ပါတယ်။ အားလုံးပါဝင်တဲ့ပညာရေးစနစ်၊ ဆင်းရဲ၊ ချမ်းသာမရွေး၊ မြို့နယ်၊ တောနယ်မရွေး၊ အားလုံးပါဝင်နိုင်တဲ့ ပညာရေးစနစ်တစ်ခု လိုအပ်ပါတယ်။ အားလုံးဟာ သင်ယူနိုင်တဲ့ အခွင့်အရေးကိုပေးတဲ့ ပညာရေးစနစ်မျိုးဖြစ်ဖို့ လိုပါတယ်။ ဒါမှသာ လူငယ်များရဲ့ အဓိကအားသာချက်ဖြစ်တဲ့ အချိန်ကို လူငယ်များဟာ ပြည့်ပြည့်ဝဝတန်ဖိုးရှိအောင် သုံးနိုင်မှာပါ။ ဒါကတော့ အစိုးရနဲ့ အဓိကဆိုင်သွားတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ အစိုးရရဲ့ မူဝါဒတွေအရ ကျွန်မတို့ရဲ့ လူငယ်များအားလုံးဟာ ပညာဆည်းပူးနိုင်ရေးအတွက် ကြိုးစားရမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

"လူငယ်များကလည်း မိမိတို့ ပညာရရှိရေးအတွက် တာဝန်ယူရပါမယ်။ အစိုးရပိုင်းကလည်း အကောင်းဆုံးပညာရေးစနစ်တစ်ခု ထူထောင်ဖို့အတွက်ကို တာဝန်ယူရမယ်။ အားလုံးက ဝိုင်းဝန်းပြီး ကိုယ့်တာဝန်ကိုယ်ထမ်းဆောင်မှ ကျွန်မတို့ အောင်မြင်နိုင်မှာပါ။ ဘယ်လောက်ပဲ ပညာရေးစနစ်ကောင်းကောင်း၊ အင်မတန်မှချမ်းသာပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေကို ကြည့်လိုက်ရင် ပညာရေးဘက်မှာအားသန်တဲ့ လူငယ်တွေရှိသလို အားမသန်တဲ့ လူငယ်တွေရှိပါတယ်။ ဒီဟာက နိုင်ငံအပေါ်မှာချည်းပဲ မူတည်တာမဟုတ်ပါဘူး။ မိသားစုတွေအပေါ်မှာလည်း မူတည်ပါတယ်။ လူငယ်တွေ တစ်ယောက်ချင်းတစ်ယောက်ချင်းအပေါ်မှာလည်း မူတည်ပါတယ်"

ရုန်းကန်နေဆဲ နိုင်ငံတစ်နိုင်ငံဖြစ်

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ပညာဆည်းပူးနိုင်ရေးအတွက် ကြိုးစားဖို့ ဆိုတဲ့နေရာမှာ ကျွန်မတို့နိုင်ငံ ဘယ်လောက်ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတဲ့အပေါ်မှာလည်း မူတည်ပါတယ်။ ချမ်းသာတဲ့နိုင်ငံတွေမှာဆိုရင် လူငယ်တွေရဲ့ ပညာရေးစနစ်နဲ့ပတ်သက်လို့ ပိုပြီးတော့ ပြည့်ပြည့်စုံစုံ ထောက်ပံ့နိုင်တယ်၊ ကူညီနိုင်တယ်။ ဆင်းရဲတဲ့နိုင်ငံတွေမှာဆိုရင် ဒီလောက်ထိလုပ်မပေးနိုင်ဘူး။ ကျွန်မတို့နိုင်ငံကိုလည်း ကျွန်မက ဆင်းရဲတဲ့နိုင်ငံလို့တော့ မဆိုလိုပါဘူး။ သို့သော်လည်း ကျွန်မတို့ဟာ ဖွံ့ဖြိုးမှုမှာ အရှေ့ကိုရောက်နေတဲ့နိုင်ငံတစ်နိုင်ငံ မဟုတ်ပါဘူး။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုန်းကန်နေဆဲ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒါကြောင့် ပညာရေးစနစ်အတွက် သုံးချင်သလောက်၊ အကုန်အကျခံချင်သလောက်ခံနိုင်တဲ့ အနေအထားမှာ မရှိသေးပါဘူး။ ဒီဟာကို ကျွန်မတို့ဘယ်လိုကျော်လွှားရမလဲ။ အားလုံးပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ကျော်လွှားရမှာဖြစ်ပါတယ်။

နှီးနှောဖလှယ်ပြီး အဖြေကိုရှာ

"လူငယ်များကလည်း မိမိတို့ပညာရရှိရေးအတွက် တာဝန်ယူရပါမယ်။ အစိုးရပိုင်းကလည်း အကောင်းဆုံးပညာရေးစနစ်တစ်ခု ထူထောင်ဖို့အတွက်ကို တာဝန်ယူရမယ်။ အားလုံးက ဝိုင်းဝန်းပြီး ကိုယ့်တာဝန်ကိုယ်ထမ်းဆောင်မှ ကျွန်မတို့ အောင်မြင်နိုင်မှာပါ။ ဘယ်လောက်ပဲ ပညာရေးစနစ် ကောင်းကောင်း၊ အင်မတန်မှချမ်းသာပြီး ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတွေကို ကြည့်လိုက်ရင် ပညာရေးဘက်မှာအားသန်တဲ့ လူငယ်တွေရှိသလို အားမသန်တဲ့ လူငယ်တွေရှိပါတယ်။ ဒီဟာက နိုင်ငံအပေါ်မှာချည်းပဲမူတည်တာမဟုတ်ပါဘူး။ မိသားစုတွေအပေါ်မှာလည်း မူတည်ပါတယ်။ လူငယ်တွေ တစ်ယောက်ချင်းတစ်ယောက်ချင်းအပေါ်မှာလည်း မူတည်ပါတယ်။ ဒါကြောင့် လူငယ်များ ပါဝင်ပြီး ပညာရေးစနစ်ကို ပြောင်းလဲမယ်ဆိုရင်၊ လူငယ်များက အချိန်ကို မှန်မှန်ကန်ကန်နဲ့ တန်ဖိုးအရှိဆုံးဖြစ်အောင်သုံးဖို့ ဘာတွေလိုအပ်နေသလဲဆိုတာကို ကျွန်မတို့အစိုးရကို တင်ပြစေချင်ပါတယ်။ ဒါတွေကတော့ လူငယ်များရဲ့အမြင်ပါ။ အမြင်ဆိုရာမှာလည်း အမြင်တစ်ခုရှိရုံနဲ့ မှန်သွားတယ်လို့ ဆုံးဖြတ်လို့မရပါဘူး။ အားလုံးကဆွေးနွေးပြီး တစ်ယောက်နဲ့တစ်ယောက် နှီးနှောဖလှယ်ပြီး အဖြေကို ရှာရမှာဖြစ်ပါတယ်။ ကျွန်မရဲ့အယူအဆက ပညာအမြော်အမြင်ရှိဖို့ဆိုတာဟာ လူတိုင်းလူတိုင်းဟာ တတ်နိုင်သမျှ အဓိပ္ပာယ်ရှိရှိနဲ့ ရှင်သန်ရေးအတွက်ပဲလို့ ဆိုလိုချင်ပါတယ်။ လူတိုင်းလူတိုင်းဟာ ဒီကမ္ဘာကြီးကို ငါပေးဆပ်နိုင်တဲ့ အခြေအနေရှိတယ်ဆိုတဲ့ ယုံကြည်ချက်တစ်ခုတော့ ရှိဖို့လိုအပ်တယ်။ ဒါဟာ ပညာရေးစနစ်မှာ အဓိကတစ်ခုပါပဲ။

ကိုယ့်ပတ်ဝန်းကျင်အတွက် တန်ဖိုးရှိအောင်နေနိုင်

"ကျွန်မတို့ ပညာရေးစနစ်ကိုဖြတ်သန်းသွားတဲ့ နိုင်ငံသူနိုင်ငံသားအားလုံးဟာ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးရှိတဲ့ ကမ္ဘာကြီးကို အကျိုးပြုတဲ့ လူသားတွေဖြစ်တယ်ဆိုတဲ့ ယုံကြည်မှုရှိနိုင်ဖို့အတွက် ကျွန်မတို့လုပ်ပေးဖို့ဟာ အဓိကပဲလို့ ထင်ပါတယ်။ တချို့ကလည်း ဒီလိုမျိုးဆိုတာ အင်မတန်မှတော်တဲ့ အင်မတန်မှထူးချွန်တဲ့ ပုဂ္ဂိုလ်တွေမှ လုပ်နိုင်တဲ့ကိစ္စလို့ ထင်ကြတယ်။ အဲဒီလိုမဟုတ်ပါဘူး။ လူတိုင်းလူတိုင်းဟာ ကိုယ့်နေရာကနေ ဘယ်လောက်မြင့်သည်ဖြစ်စေ၊ နိမ့်သည်ဖြစ်စေ၊ တောမှာပဲဖြစ်စေ၊ မြို့မှာပဲဖြစ်စေ၊ ဘယ်လိုနေရာမှာပဲဖြစ်စေ ကိုယ့်ရဲ့ဘဝကို အဓိပ္ပာယ်ရှိရှိနဲ့ ကိုယ့်ပတ်ဝန်းကျင်အတွက် တန်ဖိုးရှိအောင်နေနိုင်ပါတယ်။ နေချင်တဲ့ စိတ်ဓာတ်ရှိရင် နေနိုင်ပါတယ်။ ပထမကတော့ ဒီဆန္ဒရှိဖို့ပါပဲ။ အခုခေတ်မှာက တစ်ယောက်ချင်း တစ်ယောက်ချင်း၊ လူပုဂ္ဂိုလ်တစ်ယောက်ချင်းရဲ့ တန်ဖိုးကို မြင့်မြင့်မားမားထားပါတယ်။ လူတစ်ဦးတစ်ယောက်ချင်းမှာ တန်ဖိုးမရှိဘူးလားဆိုရင် တန်ဖိုးရှိပါတယ်။ သို့သော်ငြားလည်း လူပုဂ္ဂိုလ်တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ အများစုရဲ့တစ်စိတ်တစ်ပိုင်းဖြစ်တယ်ဆိုတာလည်း ကျွန်မတို့မေ့လို့မရပါဘူး။ ကျွန်မတို့ဟာ တစ်ယောက်တည်းသာ ရပ်တည်နိုင်တယ်ဆိုရင် ဘဝဟာ ဘယ်လိုအဓိပ္ပာယ်ရှိမလဲ။ ကိုယ်တစ်ဦးတည်း တစ်ယောက်တည်း ရှင်သန်ဖို့ဆိုတာဟာ အဓိပ္ပာယ်ရှိတဲ့ဘဝမဟုတ်ပါဘူး။ အဓိပ္ပာယ်ရှိတဲ့ဘဝလို့ ဆိုချင်တာဟာ ကျွန်မတို့မှာ ကိုယ့်ရဲ့တန်ဖိုးကို အမြင့်မားဆုံးဖြစ်အောင် လုပ်နိုင်ရမယ်။ ကိုယ့်ရဲ့တန်ဖိုးကို အများအတွက် အကျိုးရှိအောင်လည်း သုံးနိုင်ရမယ်။ အဲဒီလိုကျွန်မတို့ လုပ်နိုင်မယ်ဆိုရင် ကျွန်မတို့ရဲ့ပညာရေးဟာ အောင်မြင်တယ်လို့ ပြောလို့ရပါတယ်။

တကယ်ပဲပြောင်းလဲချင်တဲ့ စိတ်ရှိ

"ဒါကြောင့် ကျွန်မတို့ရဲ့လူငယ်များအနေနဲ့ လက်ရှိပညာရေး စနစ်ကို အများအတွက်ရော၊ ကိုယ့်အတွက်ရော၊ ဘယ်လိုအသုံးပြုရင်အကောင်းဆုံးဖြစ်မလဲဆိုတာကို ဝိုင်းဝန်းကူညီပေးစေချင်ပါတယ်။ ကျွန်မတို့ တကယ်ပဲပြောင်းလဲချင်တဲ့ စိတ်ရှိမယ်ဆိုရင် မြန်မြန်ဆန်ဆန် ပြောင်းလဲလို့ရပါတယ်။ ကျွန်မတို့ပညာရေးစနစ် ဘယ်လောက်ရှိလဲဆိုတာ ခန့်မှန်းတဲ့နေရာမှာ ကျွန်မတို့

စာမျက်နှာ ၄ သို့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူငယ်ရေးရာကော်မတီများမှ လူငယ်တာဝန်ခံများ၊ ကော်မတီဝင်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

စာမျက်နှာ ၃ မှ

တက္ကသိုလ်တွေရဲ့ပညာရေးက ဘယ်အဆင့်ရှိလဲ ဆိုတာကိုကြည့်လိုက်တဲ့အခါမှာ ဒီနှစ်နှစ်ကျော် သုံးနှစ်အတွင်းမှာ တက်လာတယ်။ ကျွန်မတို့တိုးတက်တယ်ဆိုတာမှန်တယ်၊ သို့သော်လည်း ကျွန်မတို့ရဲ့ဒေသအတွင်းက တခြားတက္ကသိုလ်တွေရဲ့တိုးတက်မှုနှုန်းနဲ့စာရင် ကျွန်မတို့ရဲ့တိုးတက်မှုနှုန်းကနှေးတယ်။ ဘာကြောင့်နှေးတယ်ဆိုတာ အဓိကစဉ်းစားရမယ့်ကိစ္စပါ။ ဘယ်ဟာတွေမှာ အားနည်းချက်တွေရှိလဲဆိုတော့ ကျွန်မတို့ဟာ သုတေသနလုပ်တဲ့ဘက်မှာလည်း အားနည်းနေတယ်။ ဘာသာစကားဘက်မှာလည်း အားနည်းနေတယ်။ Website တွေသုံးတဲ့ နေရာမှာလည်း ကျွန်မတို့ရဲ့ တက္ကသိုလ်တွေက အားနည်းနေတယ်။ ဒီသုံးခုစလုံးက ဆက်နွှယ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သုတေသနလုပ်ဖို့ Website သုံးဖို့ဟာ ဘာသာစကားကျွမ်းကျင်မှုနဲ့လည်း ဆက်နွှယ်နေပါတယ်။ အဲဒီတော့ ကျွန်မတို့ဟာ ဘယ်ဘက်မှာ အားနည်းနေတယ်ဆိုတာကို ကျွန်မတို့သိမှ အားနည်းနေတဲ့ ကဏ္ဍတွေမှာ ပိုပြီးတော့ တိုးတက်မှုရှိအောင် အားလုံးကြိုးစားနိုင်မှာပါ။ ဒါတွေအတွက် ကျွန်မတို့ရဲ့လူငယ်တွေက ဝိုင်းဝန်းပြီးတော့ အကြံပြုစေချင်ပါတယ်။ ဘယ်လိုပုံစံမျိုးနဲ့သင်ရင် ထိရောက်သလဲဆိုတာကို သင်ယူတဲ့လူတွေကသာ ပြောနိုင်မှာပါ။ သင်ပေးတဲ့ လူတွေကလည်း ဘယ်လိုနည်းနဲ့သင်ရင် ထိရောက်မှုရှိသလဲဆိုတာကို အသိဆုံးဖြစ်ပါတယ်။

အစိုးရကျောင်းတွေကို အများကြီးတိုးတက်စေချင်

"ဒါကြောင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ အားလုံး ဝိုင်းဝန်းပြီးတော့ တိုင်ပင်ညှိနှိုင်းကြရင် ကျွန်မတို့နိုင်ငံ ဘယ်လိုမြန်မြန်တိုးတက်နိုင်မလဲဆိုတာကို သိလာနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်တဲ့နေရာမှာ နောက်ကျနေတယ်ဆိုပေမယ့်လည်း ကျွန်မတို့ရဲ့ လူမှုရေးစနစ်အရ၊ ယဉ်ကျေးမှုအရ ပညာနဲ့ပတ်သက်ရင် လူတန်းစားနဲ့သိပ်ပြီးတော့ မဆိုင်ပါဘူး။ အထက်တန်းလွှာတွေမှ ပညာတတ်တယ်ဆိုတာဟာ ကျွန်မတို့နိုင်ငံရဲ့ လူမှုရေး၊ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာထဲမှာ မပါပါဘူး။ ကျွန်မတို့နိုင်ငံမှာ ပညာတတ်တွေအားလုံးဟာ အားလုံးအထက်တန်းလွှာက လာတယ်ဆိုတဲ့ လူမှုရေးစံနှုန်း၊ စံထားဟာ မရှိသေးပါဘူး။ နောင်လည်း မဖြစ်စေချင်ပါဘူး။ ဘယ်အလွှာကပဲလာလာ ပညာရှာချင်တဲ့သူတွေ ပညာရှာလို့ရနိုင်တဲ့ ပညာရေးစနစ်တစ်ခုကို ကျွန်မတို့ထူထောင်နိုင်ဖို့ လိုအပ်ပါတယ်။ အခုဆိုရင် ပုဂ္ဂလိကကျောင်းတွေရှိတယ်၊ အစိုးရကျောင်းတွေရှိတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်မတို့ရဲ့ အစိုးရကျောင်းတွေကို အများကြီးတိုးတက်စေချင်တယ်။ ပိုက်ဆံရှိတဲ့မိဘများဟာ သူတို့ရဲ့သားသမီးတွေကို ပုဂ္ဂလိကကျောင်းတွေကို လွှတ်တယ်ဆိုတဲ့ အစဉ်အလာကို ကျွန်မ အားမပေးချင်ပါဘူး။

အကောင်းဆုံးပညာရေးစနစ်ကိုရရှိနိုင်

"ပုဂ္ဂလိကကျောင်းတွေကသာ အကောင်းဆုံး ပညာရေးစနစ်ကို ပေးနိုင်တယ်ဆိုတဲ့ အမြင်တွေ မြင်ပြီးတော့ မိဘတွေက သားသမီးတွေကို အဲဒီကျောင်းတွေကိုပဲ လွှတ်ချင်တယ်။ ဒါပေမယ့် ကမ္ဘာကြီးကို ကြည့်လိုက်မယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်တဲ့ တချို့နိုင်ငံတွေမှာဆိုရင် ချမ်းသာသူများ၊ တတ်နိုင်တဲ့သူများက မိမိတို့ရဲ့သားသမီးများကို ပုဂ္ဂလိကကျောင်းတွေကို လွှတ်တယ်။ တချို့နိုင်ငံတွေမှာတော့ ဒီလိုမဟုတ်ပါဘူး။ ဖွံ့ဖြိုးတိုးတက်မှုက အတူတူပါပဲ။ အစိုးရက ထူထောင်ထားတဲ့ ကျောင်းတွေဟာ ပုဂ္ဂလိကကျောင်းတွေနဲ့တန်းတူပါပဲ။ ပိုတောင်မှကောင်းတယ်လို့လည်း ပြောလို့ရပါတယ်။ အဲဒီလိုစနစ်မျိုး ကျွန်မတို့နိုင်ငံမှာ ထူထောင်ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မတို့ရဲ့နိုင်ငံသူနိုင်ငံသားများဟာ ဆင်းရဲချမ်းသာမရွေး တောနေ မြို့နေမရွေး အားလုံးဟာ အကောင်းဆုံးပညာရေးစနစ်ကို ရရှိနိုင်တဲ့ ပညာရေးစနစ်ရဲ့အကျိုးကို ရရှိနိုင်တဲ့ နိုင်ငံမျိုးဖြစ်စေချင်ပါတယ်။ အဲဒါအတွက်လည်း ဒီနေ့လိုမျိုး အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့မှာ ဆွေးနွေးတဲ့အခါ ထည့်သွင်းဆွေးနွေးပြီး အကြံဉာဏ်တွေပေးစေချင်ပါတယ်။

အံဝင်ခွင်ကျဖြစ်အောင်လုပ်ဖို့လို

"ကျွန်မတို့ရဲ့အစိုးရကျောင်းတွေ ခိုင်မာလာအောင်၊ ပိုပြီးတော့ တိုးတက်လာအောင်၊ ပိုပြီးတော့ ပညာရေးစနစ်ကို အားပေးနိုင်အောင် ဘယ်လိုလုပ်မလဲ၊ ဒီနှစ်နှစ် သုံးနှစ်အတွင်းမှာ အပြောင်းအလဲတွေ တော်တော်များများရှိတယ်ဆိုတာကို တချို့လည်း သတိပြုမိမယ်လို့ထင်ပါတယ်။ နှစ်နှစ်ဆိုတဲ့ ကာလဟာ မများပါဘူး။ နှစ်နှစ်အတွင်းမှာ သိသိသာသာ အပြောင်းအလဲတွေ ဖြစ်အောင် ကျွန်မတို့ လုပ်နိုင်တယ်ဆိုရင် မှန်မှန်ကန်ကန်မူဝါဒတွေ ချလိုက်ပြီဆိုရင် ကျွန်မတို့ အများကြီးတိုးတက်နိုင်မယ်လို့ ယူဆပါတယ်။ ကျွန်မတို့ရဲ့ပညာရေးတိုးတက်ရေးလုပ်တဲ့နေရာမှာ ကမ္ဘာကြီးနဲ့လည်း အံဝင်ခွင်ကျဖြစ်အောင် လုပ်ဖို့လိုပါတယ်။ တစ်ကမ္ဘာလုံးသွားနေတဲ့ လမ်းကြောင်းနဲ့ ကျွန်မတို့ဟာ ဇီလာဆန့်ကျင်ပြီး သွားလို့မရပါဘူး။ ကမ္ဘာကြီးတိုးတက်သလို ကျွန်မတို့လည်း တိုးတက်ရမှာပါ။ ဒါပေမယ့်လည်း ကျွန်မတို့ ကောင်းတဲ့ယဉ်ကျေးမှု အစဉ်အလာတွေ၊ ယဉ်ကျေးမှုအပေါ် တန်ဖိုးထားမှုတွေကိုတော့ မပျောက်ကွယ်သွားစေချင်ပါဘူး။ လူငယ်တွေသတိပြုစေချင်ပါတယ်။ လူငယ်တွေဆိုတာ တခြားသူတွေလုပ်တာကိုကြည့်ပြီး အားကျချင်တဲ့စိတ်တွေရှိတယ်၊ အတုခိုးချင်တဲ့ စိတ်တွေရှိတယ်။ အဲဒီဟာတွေကို သေသေချာချာ ဆင်ခြင်ပါ။ ပညာဆိုတာ ကိုယ်တိုင်ဆင်ခြင်သုံးသပ်နိုင်တဲ့ အရည်အချင်းဖြစ်ပါတယ်။ တခြားသူတွေလုပ်လို့ လိုက်လုပ်တဲ့စိတ်မျိုး မဟုတ်ဘူး။ သူများမိုးခါးရေသောက်လို့ သောက်တဲ့စိတ်ဆိုတာ ပညာရှိရဲ့ စိတ်မဟုတ်ပါဘူး။ တစ်ဦးတစ်ယောက်အတွက်၊ ပတ်ဝန်းကျင်အများစုအတွက်ရော ဘယ်လိုအကျိုးရှိလဲဆိုတာကို ဆင်ခြင်သုံးသပ်နိုင်တဲ့ အရည်အချင်းတွေကို ကျွန်မတို့ လူငယ်တွေကိုပေးချင်ပါတယ်။

ပညာကိုစိတ်ဝင်စားစွာသင်ယူဖို့အားပေး

"ဒီအရည်အချင်းတွေဟာ နောင်အနာဂတ်အတွက် တီထွင်ပြောင်းလဲနိုင်တဲ့ စွမ်းအားရော၊ အတိတ်တုန်းက ကျန်ရစ်ခဲ့တဲ့ အခြေအနေတွေကို ပြောင်းလဲနိုင်တဲ့ အရည်အချင်းတွေရော အားလုံးပြည့်စုံလာမှာ ဖြစ်ပါတယ်။ ပညာဆိုတာ တစ်ယောက်တည်းအတွက် မဟုတ်ဘူးဆိုတာ အားလုံးသိစေချင်ပါတယ်။ တချို့က ပညာဆိုတာ တစ်ယောက်တည်းအတွက် ထင်ပါတယ်။ အထူးသဖြင့် အမှတ်နဲ့ပတ်သက်လို့ အပြိုင်အဆိုင်များတဲ့ ပညာရေးစနစ်ကြောင့်ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ အမှတ်အများဆုံးလူက အတော်ဆုံးဆိုတဲ့ အမြင်ရှိတဲ့အခါ ပြိုင်ပြီးတော့ ဘယ်သူက အမှတ်အများဆုံးရမလဲဆိုတဲ့ စိတ်ဓာတ်နဲ့လုပ်တဲ့အခါ ပညာသင်ခြင်းရဲ့ တခြားတန်ဖိုးတွေကို မေ့သွားတတ်ပါတယ်။ ပညာသင်တယ်ဆိုတာ အမှတ်များများရအောင် လုပ်တာပဲလို့ ထင်လာကြပါတယ်။ အဲဒီလိုစိတ်တွေကို ပြောင်းဖို့လိုပါတယ်၊ ပြောင်းနိုင်ဖို့အတွက် ဆရာသမားတွေနဲ့ ကျောင်းသူကျောင်းသားတွေဆီမှာပဲ တာဝန်ရှိတာမဟုတ်ပါဘူး၊ အရေးကြီးတာက မိဘများမှာလည်း တာဝန်ရှိပါတယ်။ တစ်ခါတလေ မိဘများကိုက ဖိအားပေးပါတယ်၊ ဒီလိုဖိအားပေးတယ်ဆိုတာ ကလေးတွေအတွက် ကောင်းတဲ့ကိစ္စ မဟုတ်ပါဘူး၊ အကောင်းဆုံးဖြစ်အောင်လုပ်ဖို့၊ ပညာကိုစိတ်ဝင်စားစွာသင်ယူဖို့၊ ပညာကို မှန်မှန်ကန်ကန်သုံးနိုင်ဖို့၊ အဲဒီဟာတွေကို အားပေးဖို့လိုပါတယ်။ ကျွန်မတို့ တဖြည်းဖြည်း အမှတ်ကို အဓိကထားတဲ့စနစ်ကို ပြောင်းချင်ပါတယ်။ အမှတ်ကို အားကိုးတယ်ဆိုတာ လူငယ်များရဲ့ တခြားအရည်အချင်းတွေကို ဖုံးလွှမ်းသွားနိုင်ပါတယ်။ အမှတ်ရတယ်ဆိုတာ အရင်စနစ်အရဆိုရင် အလွတ်များများကျက်နိုင်တဲ့သူက အမှတ်များများရတယ်၊ အလွတ်ကျက်နေတာနဲ့ပဲ သင်ယူထားတဲ့ အချက်အလက်တွေ၊ သင်ယူထားတဲ့အနက်အဓိပ္ပာယ်ကို ခြုံငုံမိရဲ့လားလို့ စဉ်းစားစရာဖြစ်လာပါတယ်။

အစိုးရဘက်ကလည်း ပြုပြင်ပြောင်းလဲ

"လူငယ်များအားလုံးပါဝင်ပြီး ပညာရေးစနစ်ပြုပြင်ပြောင်းလဲဖို့ လုပ်တဲ့နေရာမှ လူငယ်တွေက ကိုယ့်ကိုယ်ကိုကစပြီး ပြုပြင်ပြောင်းလဲရပါလိမ့်မယ်၊ ကိုယ့်ကိုယ်ကို မပြုပြင်၊ မပြောင်းလဲဘဲနဲ့ တခြားကိစ္စတွေကို ပြုပြင်ပြောင်းလဲလို့မရပါဘူး။ ပညာရေးစနစ်အတွက် အဓိကတာဝန်ယူထားတဲ့ အစိုးရဘက်ကလည်း ပြုပြင်ပြောင်းလဲရပါလိမ့်မယ်။ အစိုးရပညာရေးဌာနကလည်း အားလုံးဝိုင်းပြီးတော့ ပြုပြင်ပြောင်းလဲသင့်တဲ့နေရာမှာ ပြုပြင်ပြောင်းလဲရမှာဖြစ်ပါတယ်။

"လူငယ်များဟာ မျိုးဆက်တစ်ခုနှင့်တစ်ခု ပြောင်းလဲသွားကြတာပဲဖြစ်ပါတယ်။ လူငယ်တွေက အမြဲလူငယ်ဖြစ်မှာမဟုတ်ဘူးဆိုတာကို အသိပေးပါရစေ။ လူငယ်ဆိုတာ အချိန်အတိုင်းအတာတစ်ခုပဲ လူငယ်ဖြစ်မှာပါ။ နောင်တစ်ချိန်မှာ ကျွန်တော်တို့ ကျွန်မတို့ဟာ လူကြီးတွေဖြစ်လာမယ်ဆိုတာကို မမေ့ကြပါနဲ့။ ဒါကိုအမြဲသတိထားပါ။

"မှန်ကန်တဲ့လမ်းဆိုတာ ကိုယ့်အတွက်လည်းဖြစ်ရမယ်၊ အများအတွက်လည်းဖြစ်ရမယ်။ အခုအချိန်မှာ ကျွန်မတို့ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့နိုင်ငံအတွက်လည်းဖြစ်ရမယ်၊ အခုအချိန်မှာဆိုရင် ကျွန်မတို့နိုင်ငံက ပြောင်းလဲတဲ့ရာသီဥတုဒဏ်ကြောင့် နိုင်ငံသူနိုင်ငံသားတွေလည်း ဒုက္ခရောက်တယ်၊ အစိုးရကလည်း ရှိတဲ့အစွမ်းအစတွေနဲ့ ပြည်သူပြည်သားတွေရဲ့ လုံခြုံရေး၊ ပြန်လည်ထူထောင်ရေးတွေကို လုပ်နေတဲ့အတွက် အားလုံးက ဝိုင်းပြီး ပါစေချင်ပါတယ်။ ကိုယ်မတတ်နိုင်တဲ့ပြောင်းလဲခြင်းရဲ့ အကျိုးဆက်တွေ ကိုယ်ဘယ်လိုပြောင်းလဲကိုင်တွယ်မလဲဆိုတာ အားလုံးက ဝိုင်းပြီးစဉ်းစားပေးနိုင်တဲ့ ပညာတွေ၊ မိမိတို့နိုင်ငံနဲ့ လူ့အသိုင်းအဝိုင်းမှာ ပွားများစေချင်ပါတယ်" ဟု ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူငယ်ရေးရာကော်မတီများမှ လူငယ်တာဝန်ခံများ၊ ကော်မတီဝင်များနှင့်လည်းကောင်း၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် လူငယ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

လိုက်လံကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်၏ အတိုင်ခံပုဂ္ဂိုလ်သည် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ်အဖြစ် ခန်းမအတွင်း ပြသထားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် လူငယ်ရေးရာကော်မတီများ၏ ပြခန်းများ၊ လူငယ်နှင့်ခရီးသွားပြခန်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းတို့အား လိုက်လံကြည့်ရှုအားပေးသည်။

သတင်းစဉ်





မုတ်သုံလေ အားကောင်းနေမည်

နေပြည်တော် ဩဂုတ် ၁၂

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။ **မိုး/ဇလ**

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနား ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို နေပြည်တော် MICC-2 ၌ ယနေ့ မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံရှိ လူငယ်ထုတစ်ရပ်လုံး၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရာတွင် ကောင်းမွန်သောလမ်းပြဖြစ်နိုင်မည့် လူငယ်ရေးရာမူဝါဒကို ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ လူငယ်ရေးရာမူဝါဒသည် လူငယ်များ၏ ဆန်းသစ်သောအတွေးအခေါ် ဆင်ခြင်တုံတရားများနှင့် လူကြီးများ၏ အတွေးအခေါ်နှင့် အတွေ့အကြုံများပေါင်းစပ်၍ အခက်အခဲများကို မည်သို့ကျော်လွှားရမည်ဆိုသည်ကို ဖော်ဆောင်နိုင်ရန် ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မဟာဗျူဟာများလည်း ရေးဆွဲထားပြီးဖြစ်ကြောင်း။

အဆိုပါ မဟာဗျူဟာများကိုလည်း လူငယ်များကိုယ်တိုင် ပါဝင်ရေးဆွဲခဲ့ကြကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုနှင့်တစ်ခုသည် အခြေခံအချက်အလက်လိုအပ်ချက်များ မတူညီသည့်အတွက် နေပြည်တော်အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ လူငယ်ကိုယ်စားလှယ်များက ဒေသ၏လိုအပ်ချက်နှင့် ကိုက်ညီသည့် ဦးစားပေးလုပ်ငန်းစဉ်များကို ဖော်ထုတ်၍ အကောင်အထည်ဖော်သွားရမည် ဖြစ်ကြောင်း၊ လူငယ်များ၏ အခွင့်အရေးကို ဖော်ဆောင်သည်နှင့်အတူ တာဝန်ယူရမည့် အချက်များလည်းရှိကြောင်း၊ နိုင်ငံတော်နှင့်အတူ လူငယ်များကိုယ်တိုင် တာဝန်ယူ အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပါကြောင်း၊ လူငယ်ကဏ္ဍ (၁၆)ရပ်အနက်မှ ကဏ္ဍတစ်ခုချင်းစီအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူငယ်များ အတူတကွ တွေ့ဆုံဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့တွေ့ဆုံခြင်းအားဖြင့် တည်ရှိနေသောအခြေအနေများ၊ လိုအပ်ချက်များ၊ မတူညီသည့် အခြေအနေများအား သိရှိလာပြီး အားလုံးပူးပေါင်းဆောင်ရွက်လျှင် အခက်အခဲများပြေလည်ပြီး လုပ်ငန်းအောင်မြင်မြန်ဆန်လာမည်ဖြစ်ကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်များဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင်လည်း ပညာရေးပြုပြင်ပြောင်းလဲမှု၊ လူငယ်များ ဖွံ့ဖြိုးတိုးတက်မှု၊ သင်ကြားမှု၊ သင်ယူမှုများနှင့် ဆက်စပ်နေကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ဘဝတွင် အကောင်းဆုံး ပြုစုပျိုးထောင်ပေးနိုင်လျှင် အသက်(၈)နှစ် ကျော်အရွယ်တွင် သင်ကြား သင်ယူမှုများ များစွာတိုးတက်ဖွံ့ဖြိုးနိုင်ကြောင်း၊ ရှေးဦးအရွယ် ကလေးသူငယ်ကဏ္ဍသည် နောက်ပိုင်းပညာရေးအတွက် အရေးကြီးသောကဏ္ဍဖြစ်သည့်အတွက်လူငယ်များမှ နောင်မျိုးဆက်သစ်များကို အမွေကောင်းများ ပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဥပဒေသည်လည်း ပေါ်ထွက်နေပြီဖြစ်ပါကြောင်း။

အားလုံးသာတူညီမျှရရှိခံစား

ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ရှေးဦးအရွယ်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းနှစ်ခုပေါင်း၍ မိဘများနှင့် မိသားစုဝင်များက ပါဝင်ပြုစုစောင့်ရှောက်မှုသည် နောင်ကျောင်းများတွင် သင်ကြားသင်ယူမှု ထိရောက်ရေးအတွက် အခြေခံဖြစ်ကြောင်း၊ ယနေ့ခေတ်လူငယ်များအနေဖြင့် အတွေ့အကြုံများသည့် လူကြီးများထံမှ လက်ဆင့်ကမ်းအမွေရယူပြီး နောက်မျိုးဆက်သစ် အနာဂတ်လူငယ်များကို ပေးရမည်ဖြစ်ကြောင်း၊ လူငယ်များသည် ကြီးပြင်းရသောပတ်ဝန်းကျင် အခြေအနေများ ကွာခြားသော်လည်း အခွင့်အရေးခံစားရမှုမှာ အတူတူပင်ဖြစ်သင့်ကြောင်း၊ အားလုံးသာတူညီမျှ ရရှိခံစားရေးသည် လက်ရှိအစိုးရ၏ မူဝါဒဖြစ်ကြောင်း၊ သာတူညီမျှရရှိခံစားရစေရန်တွင် လိုအပ်သည့်နေရာများကို ဦးစွာ ဖြည့်ဆည်းပေးခြင်းဖြစ်သောကြောင့် ဒေသအလိုက် လိုအပ်ချက်များကို ဖော်ထုတ်ပြီး ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့၏ ဆောင်ပုဒ်သည် "လူငယ်ထုကြီး ပါဝင်ကာ ပညာရေးစနစ် ပြောင်းလဲပါ" ဟု ဆိုသည့်အတိုင်း ပညာရေးပြောင်းလဲမှုစနစ်တွင် လူငယ်များကိုယ်တိုင်ပါဝင်ပြီး အစိုးရက အပြောင်းအလဲကို ဖော်ဆောင်နေပြီဖြစ်သည့်အတွက် လူငယ်များမှလည်း ပါဝင်၍ တာဝန်ယူပြောင်းလဲပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်ခဲ့

ဆက်လက်၍ UNFPA မှ ဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan က လူငယ်ရေးရာမူဝါဒစာအုပ် ဖြစ်ပေါ်လာရေးအတွက် မိမိတို့ အစိုးရမဟုတ်သောအဖွဲ့အစည်းအနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူငယ်ရေးရာ မူဝါဒရေးဆွဲရေးဆိုင်ရာ ဗဟိုကော်မတီအဖွဲ့ဝင် လူငယ်ကိုယ်စားလှယ်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လူငယ်ရေးရာမူဝါဒရေးဆွဲရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ဝင် လူငယ်ကိုယ်စားလှယ်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လူငယ်ရေးရာမူဝါဒရေးဆွဲရေးဆိုင်ရာ မူကြမ်းရေးဆွဲရေးအဖွဲ့ အဖွဲ့ဝင်လူငယ်ကိုယ်စားလှယ်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း ပေးအပ်သည်။

ထို့နောက် လူငယ်ရေးရာမူဝါဒ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(မူကြမ်း)အား မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ကိုသူရစိုး(ခ) ဟိန်းထက်မှ လူငယ်ရေးရာမူဝါဒပါ ကဏ္ဍကြီး(၁၆)ချက်အား မဟာဗျူဟာစီမံချက်တွင် ထည့်သွင်းဆောင်ရွက်ထားမှုအပေါ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖိတ်ကြားထားသော လူငယ်ကိုယ်စားလှယ်တစ်ဦးက Talent Performance Show ကိုလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တိုင်းရင်းသားရိုးရာ အကအလှများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်သည်။

ပြန်လည်ဖြေကြား

ထို့နောက် လူငယ်ကိုယ်စားလှယ်များမှဦးဆောင်ပြီး "ယနေ့လူငယ်များနှင့် မြန်မာနိုင်ငံ၏အနာဂတ်" ခေါင်းစဉ်ဖြင့် ၂၀၁၉ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်စကားဝိုင်းကိုကျင်းပပြီး တက်ရောက်လာကြသော လူငယ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူငယ်ကိုယ်စားလှယ်တစ်ဦးအား ဆုငွေပေးအပ်စဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံယဉ်ကျေးမှုရက်သတ္တပတ်-၂၀၁၉ အခမ်းအနား တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁၂

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ Junction City ရှိ Side Atrium Hall ၌ ကျင်းပသည့် အာဆီယံယဉ်ကျေးမှုရက်သတ္တပတ် - ၂၀၁၉ (ASEAN Week 2019) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့ရှိ သံတမန်များနာယက ဘရူနိုင်းနိုင်ငံ သံအမတ်ကြီး Mr. Pehin Dato Abdu'r Rahmani Dato Basir နှင့် အာဆီယံသံရုံးများမှ သံအမတ်ကြီးများနှင့် ဇနီး/ခင်ပွန်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ ရန်ကုန်မြို့ရှိ ပြည်ပသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာ-အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း(MAWFA) အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အာဆီယံအနေဖြင့် ၂၀၁၉ ခုနှစ်ကို အာဆီယံယဉ်ကျေးမှုနှစ်အဖြစ် သတ်မှတ်ထားသည့်အလျောက် အာဆီယံအသိုင်းအဝိုင်းနှင့် အာဆီယံ၏ စုံလင်ကြွယ်ဝပြီး မတူကွဲပြားသည့် ယဉ်ကျေးမှုများကို ပြည်သူများအကြား ပိုမိုသိရှိနားလည်လာစေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ အာဆီယံသံရုံးများက "အရောင်အသွေးစုံလင်သောချည်မျှင်၊ မတူကွဲပြားသောအဆင်၊ တစ်ခုတည်းသောအာဆီယံ" (Colourful Threads, Diverse Patterns, One ASEAN) ဟူသောခေါင်းစဉ်ဖြင့် "အာဆီယံယဉ်ကျေးမှုရက်သတ္တပတ်-၂၀၁၉" ပြပွဲကို ပူးတွဲကျင်းပခြင်းဖြစ်သည်။

အာဆီယံယဉ်ကျေးမှုပြပွဲတွင် အာဆီယံနိုင်ငံများ၏ မတူကွဲပြားခြားနားသောယဉ်ကျေးမှုများကို အဖွဲ့ဝင်နိုင်ငံများ၏ ရိုးရာဝတ်စားဆင်ယင်မှုနှင့် ပိတ်သားချည်မျှင်တို့မှတစ်ဆင့် ထုတ်ဖော်ပြသကြမည်ဖြစ်သည်။ အများပြည်သူလေ့လာကြည့်ရှုနိုင်ရန်အတွက် ပြပွဲကို ရန်ကုန်မြို့ Junction City ၌ ဩဂုတ် ၁၂ ရက် မှ ၁၈ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံယဉ်ကျေးမှုရက်သတ္တပတ် - ၂၀၁၉ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ကျေးရွာအုပ်စု ဆင်တဲကြီးကျေးရွာ စာကြည့်တိုက်၌ ဩဂုတ် ၁၁ ရက်က ကျည်တောင်ကန်နယ်မြေ ရဲစခန်းမှူး ရဲအုပ် သန်းဝေက သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး၊ လူကုန်ကူးမှု မဖြစ်ပွားစေရေးအတွက် ဒေသခံပြည်သူများအား အသိပညာပေးဟောပြောစဉ်။

ကိုကိုရှုပ (နေပြည်တော်)

စွမ်းအားမြင့်မျိုးဖိုများဖြန့်ဖြူးခြင်းစီမံကိန်း ညှိနှိုင်းဆွေးနွေး

လားရှိုး ဩဂုတ် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် ရာသီဥတုပြောင်းလဲမှုဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံတွင် စွမ်းအားမြင့်မျိုးဖိုများဖြန့်ဖြူးခြင်းစီမံကိန်းစတင်ခြင်း၊ ခရိုင်အဆင့်အလုပ်ရုံဆွေးနွေးပွဲနှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်သူများ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက လားရှိုးမြို့တော်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဦးကြိုင်နှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့ထွန်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးပေးပြီး မီးဖိုအသုံးပြုပုံနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ကြသည်။

မောင်ကျော်ကြီး

မြန်မာနိုင်ငံ၏ ပင်လယ်ငါးဖမ်းခြင်းလုပ်ငန်းဆိုင်ရာ အကျိုးစီးပွားနှင့် UNCLOS ကွန်ဗင်းရှင်း

လှမျိုးနွယ်

မြန်မာနိုင်ငံတွင် ရေထွက်ပစ္စည်းများကို မွေးမြူခြင်း၊ ပင်လယ်ပြင်တွင် ဖမ်းဆီးခြင်း၊ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ခြင်းတို့ကြောင့် နိုင်ငံခြားဝင်ငွေ နှစ်စဉ်တိုးမြှင့်ရှာဖွေပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၅၁၄ ဒသမ ၉၇၄ သန်း ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ်တွင် နိုင်ငံတော်၏ သား၊ ငါးကဏ္ဍအနေဖြင့် ထုတ်လုပ်မှုတိုးတက်ရေး၊ ပြည်တွင်းထုတ်ကုန်(GDP) တိုးမြှင့်ရေး၊ ပြည်တွင်း၊ ပြည်ပဝင်ငွေ တိုးမြင့်ရရှိရေးနှင့် နိုင်ငံခြားဝင်ငွေ တိုးမြင့်ရရှိရေးအတွက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ရာတွင် မြန်မာ့ရေထွက်ပစ္စည်းထုတ်လုပ်မှု တိုးမြှင့်မှုသာမက ပြည်တွင်း၊ ပြည်ပဝင်ငွေများ တိုးမြင့်ရရှိရန်၊ ခိုင်မာသောဈေးကွက်ရရှိရန် လိုအပ်မှုကြောင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က ဥရောပသမဂ္ဂ (အီးယူ) အပါအဝင် ငါး၊ ပုစွန်စားသုံးမှုများသည့် နိုင်ငံများနှင့် ချိတ်ဆက်၍ အရည်အသွေးနှင့် ထုတ်လုပ်မှုကောင်းမွန်သော နည်းစနစ်များဖြင့် ငါးတန်အပါအဝင် ဈေးကွက်ဝင် ရေချိုငါး၊ ပုစွန်၊ ကဏန်းပျော့များကို ပြည်ပသို့ တင်ပို့ခွင့်ရရှိနေပြီဖြစ်ကြောင်း လေ့လာဖတ်ရှုခဲ့ရပါသည်။

ငါးလုပ်ငန်းပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပခြင်း၊နိုင်ငံတော်အတွက် နှစ်စဉ်ပြည်တွင်း၊ ပြည်ပဝင်ငွေတိုးမြှင့်ရရှိခြင်း၊ ပြခန်းနှင့် ရေထွက်ပစ္စည်းဈေးပွဲတော်ကျင်းပခြင်းသတင်းများအား ဖတ်ရှုပြီးချိန်မှစ၍ ဆောင်းပါးတစ်ပုဒ်ရေးရန် စိတ်အားထက်သန်ခဲ့သော်လည်း လုပ်ငန်းတာဝန်များကြောင့်လည်းကောင်း၊ ငါးမျိုးနွယ်သတ္တဝါများ၊ ငါးလုပ်ငန်းနှင့် စပ်လျဉ်းသော မိမိ၏ အတွေ့အကြုံမှာ ဘောင်ကျဉ်းပြီး အကန့်အသတ်ဖြင့်သာရှိနေသည်ဟု ယူဆ၍လည်းကောင်း ဆောင်းပါးရေးရန် တုံ့ဆိုင်းခဲ့မိပါသည်။

သို့သော် ပင်လယ်ပြင်၌ ငါးမျိုးနွယ်စိတ်များပါဝင်သော ရေသတ္တဝါများ ရှာဖွေ၊ ဖမ်းဆီးရေးအတွက် အပြည်ပြည်ဆိုင်ရာဥပဒေအရ သတ်မှတ်ချက်၊ ခွင့်ပြုချက်၊ ကန့်သတ်ချက်၊ တာဝန်ရှိမှုတို့နှင့် စပ်လျဉ်း၍ မိမိလေ့လာသိရှိထားသမျှကဏ္ဍကို မျှဝေခြင်းဖြင့် အထောက်အပံ့ဖြစ်စေမည်ဟူသော ယုံကြည်ချက်မှာလည်း ရှိနေပါသည်။ ထို့အပြင် သီးခြားအထူးပြုဘာသာရပ်ဖြစ်သည့်အလျောက် ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် မလွယ်ကူမှန်းလည်း စဉ်းစားမိပါသည်။ သို့ဖြစ်၍ မိမိလေ့လာသိရှိထားသမျှကဏ္ဍကိုသာ ဘောင်ကျဉ်းကျဉ်းခတ်၍ ယခုဆောင်းပါးကိုရေးရန် ဆုံးဖြတ်ခဲ့ပါသည်။

သီးသန့်အချုပ်အခြာလုပ်ပိုင်ခွင့်

နိုင်ငံတစ်နိုင်ငံက သီးသန့်အချုပ်အခြာလုပ်ပိုင်ခွင့် (exclusive right) ကျင့်သုံးရာ ပင်လယ်ဇုန်များဖြစ်သည့် ကမ်းလွန်ရေတိမ်ပိုင်း၊ သီးသန့်စီးပွားရေးဇုန်တို့တွင် ငါးမျိုးစိတ်မျိုးစုံအပါအဝင် ရေသတ္တဝါများ၊ ငါးဖမ်းခြင်းကိစ္စများအတွက် တစ်နိုင်ငံချင်းက ပြည်တွင်းဥပဒေများဖြင့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ချမှတ်လေ့ရှိကြပါသည်။ Exclusive right ဆိုသည်မှာ သက်ဆိုင်ရာ ကမ်းရိုးတန်းနိုင်ငံက ရှာဖွေတူးဖော်ခြင်းမပြုသေးသည့်တိုင် ယင်းနိုင်ငံ၏ ခွင့်ပြုချက်မရဘဲ အခြားမည်သည့်တစ်နိုင်ငံကမျှ ဝင်ရောက်လုပ်ကိုင်ရှာဖွေခြင်းမပြုနိုင်သည့် အခွင့်အရေးကို ဆိုလိုပါသည်။

ပင်လယ်ပြင်တွင် ငါးဖမ်းခွင့် အခွင့်အရေးကို ကျင့်သုံးရာ၌ နိုင်ငံများက စိတ်တိုင်းကျ ထင်တိုင်းပြုလုပ်ခွင့်မရှိစေရေးအတွက် လိုက်နာရန် စည်းမျဉ်း၊ စည်းကမ်း၊ ကန့်သတ်ချက်များကို နှစ်နိုင်ငံစာချုပ်များ (Bilateral Agreements)၊ နိုင်ငံအများပါဝင်သော စာချုပ်များ (Multilateral Agreements) နှင့် ဒေသအလိုက်စာချုပ်များ (Regional Agreements) ဖြင့် သတ်မှတ်ကြပါသည်။

သာဓကအားဖြင့် အိန္ဒိယသမုဒ္ဒရာနှင့် အာဖရိကပင်လယ်ကမ်းခြေများသို့ ရွှေ့ပြောင်းရောက်ရှိနေကြသော တူနာငါးများအား ဥရောပသမဂ္ဂ(အီးယူ)သင်္ဘောများဖြင့် လိုက်လံဖမ်းဆီးနိုင်ရေးအတွက် သီးသန့်စာချုပ်များ (Tuna Agreement)၊ အီးယူနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန်အတွင်းတည်ရှိသော အလွန်ကျယ်ပြန့်များပြားသည့် ငါးအမျိုးအစားများဖမ်းဆီးခွင့်ပါဝင်သော စာချုပ်များချုပ်ဆိုခြင်းကို လေ့လာတွေ့ရှိနိုင်ပါသည်။

အီးယူသည် အာဖရိကနိုင်ငံအများစုနှင့်လည်းကောင်း၊ အတ္တလန္တိတ်သမုဒ္ဒရာ၊ အရှေ့မြောက်ပင်လယ်နှင့် မြောက်ပင်လယ်တွင် ငါးများဖမ်းဆီးနိုင်ရေးအတွက် ယင်းပင်လယ်ပြင်များနှင့် နီးကပ်စွာတည်ရှိနေသော နိုင်ငံများနှင့်လည်းကောင်း အကျိုးတူငါးဖမ်းပိုင်ခွင့်စာချုပ်များ ချုပ်ဆိုထားကြပါသည်။ စာချုပ်အများစုတွင် ငါးဖမ်းခြင်းကို ပူးပေါင်းဆောင်ရွက်သည့်နိုင်ငံအား ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာ အထောက်အပံ့ပေးရေးကိစ္စတို့ကိုပါ ထည့်သွင်းလေ့ရှိပါသည်။

စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ထားကြ

အီးယူသင်္ဘောများဖြင့် ငါးဖမ်းရာတွင် ပင်လယ်ပြင်၏ သဘာဝပတ်ဝန်းကျင်အား ထိခိုက်ပျက်စီးမှု မရှိစေရန်နှင့် ငါးမျိုးအုပ်စုများ ရေရှည်တည်တံ့စေရန်အတွက် စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ထားကြပါသည်။ ထို့အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် သဘာဝသယံဇာတများ ရေရှည်တည်တံ့မှုအား ထိန်းသိမ်းရေးတို့အတွက်လည်း အထူးအလေးပေး ဖော်ပြကြရပါသည်။

သို့သော် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နိုင်ငံများအားလုံး လိုက်နာစောင့်ထိန်းရန် ဥပဒေအဖြစ်မူ ယခုအချိန်အထိ ၁၉၈၂ ခုနှစ်ကတည်းက စတင်အာဏာသက်ဝင်ခဲ့သော ကုလသမဂ္ဂ ပင်လယ်ဥပဒေကွန်ဗင်းရှင်း (United Nations Convention on the Law of the Sea- UNCLOS) တစ်ခုတည်းသာ ရှိပါသေးသည်။

၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလ၌ ထုတ်ပြန်ခဲ့သော UNCLOS ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးရန် စတင်ဖွင့်လှစ်သည့်နေ့၌ပင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၀ ကျော်က လက်မှတ်ရေးထိုးခဲ့ပြီး ယခုအချိန်တွင် UNCLOS ကွန်ဗင်းရှင်းဝင်နိုင်ငံပေါင်း ၁၆၈ နိုင်ငံအထိ ရှိလာပြီဖြစ်၍ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပြီးလျှင် ဒုတိယမြောက် နိုင်ငံအများဆုံးပါဝင်လက်မှတ်ရေးထိုးသည့် ကွန်ဗင်းရှင်းအဖြစ် စံချိန်တင်နိုင်ခဲ့ပါသည်။ ယခင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက ပင်လယ်သမုဒ္ဒရာနှင့် အဏ္ဏဝါသတ္တဝါများ၏တန်ဖိုးကို ယခုကဲ့သို့ ညွှန်ပြပြောဆိုခဲ့ဖူးပါသည်။

လူသားတို့အတွက် စားနပ်ရိက္ခာဖူလုံ ပြည့်စုံစေရန် ဖြည့်ဆည်းပေးရုံမျှသာမက ကမ်းရိုးတန်းနိုင်ငံများ၏ အမျိုးသားအချုပ်အခြာအာဏာသက်ရောက်ရာ ပြင်ပရှိ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်ဧရိယာကို လူသားထုတစ်ရပ်လုံးအတွက် ဘုံအမွေအနှစ်အဖြစ် လူသားများ၏ ကြွယ်ဝချမ်းသာရေး၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဆင်းရဲသောနိုင်ငံများ၏ ပြည့်စုံဖူလုံရေးကို ဆောင်ကြဉ်းပေးနိုင်ပါကြောင်း၊ ပင်လယ်ပတ်ဝန်းကျင်၊ ပင်လယ်ကမ်းရိုးတန်းနှင့် ပင်လယ်လုံခြုံရေး စသည့်အရေးကြီးကိစ္စများကို ထိန်းသိမ်းစောင့်ရှောက်ရေးမှာ နိုင်ငံများ၏ တာဝန်ဖြစ်သကဲ့သို့ လူသားတစ်ဦးချင်းစီကပါ အလေးပေးဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ နိုင်ငံတကာ လူမှုအသိုက်အဝန်းများ၏ ဘဝရပ်တည်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေး၏ အရေးကြီးမှုနှင့် အရေးပါမှုကို နိုင်ငံများအားလုံးက သတိပြုမိမည်ဟု ယုံကြည်ပါကြောင်း၊ ကမ္ဘာကြီး သာယာစိုပြည်ရေးနှင့် ငြိမ်းချမ်းမှုရှိရေးသည် တစ်နိုင်ငံချင်း၏ ပင်လယ်နှင့် ယင်း၏ပတ်ဝန်းကျင်အား တန်ဖိုးထားသည့်စနစ်များအပေါ် များစွာမူတည်လျက်ရှိကြောင်း တိုက်တွန်းခဲ့ဖူးပါသည်။

ပိုမိုကြီးမားကျယ်ပြန့်လာ

အပြည်ပြည်ဆိုင်ရာ လူ့အဖွဲ့အစည်းများအကြား အပြန်အလှန် မှီခိုဆက်သွယ်မှု တိုးတက်များပြားလာခြင်းနှင့်အတူ ငါး၊ ပုစွန်စသည့် အဏ္ဏဝါဆိုင်ရာ သယံဇာတအရင်းအမြစ်များနှင့် ရေထွက်ကုန်များအပေါ် နိုင်ငံများ၏ မှီခိုအားထားမှုမှာလည်း တစ်နေ့တခြား ပိုမိုကြီးမားကျယ်ပြန့်လာပါသည်။

> **“လူသားတို့အတွက် စားနပ်ရိက္ခာဖူလုံပြည့်စုံစေရန် ဖြည့်ဆည်းပေးရုံမျှသာမက ကမ်းရိုးတန်းနိုင်ငံများ၏ အမျိုးသားအချုပ်အခြာအာဏာသက်ရောက်ရာပြင်ပရှိ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်ဧရိယာကို လူသားထုတစ်ရပ်လုံးအတွက် ဘုံအမွေအနှစ်အဖြစ် လူသားများ၏ ကြွယ်ဝချမ်းသာရေး၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဆင်းရဲသောနိုင်ငံများ၏ ပြည့်စုံဖူလုံရေးကို ဆောင်ကြဉ်းပေးနိုင်ပါကြောင်း၊ ပင်လယ်ပတ်ဝန်းကျင်၊ ပင်လယ်ကမ်းရိုးတန်းနှင့် ပင်လယ်လုံခြုံရေး စသည့်အရေးကြီးကိစ္စများကို ထိန်းသိမ်းစောင့်ရှောက်ရေးမှာ နိုင်ငံများ၏ တာဝန်ဖြစ်သကဲ့သို့ လူသားတစ်ဦးချင်းစီကပါ အလေးပေးဆောင်ရွက်ရန် တာဝန်ရှိ”**

တစ်ဖက်တွင် ကမ္ဘာ့ရာသီဥတု ဆိုးရွားပျက်စီးလာမှု၊ သယံဇာတများရှားပါးလာမှု၊ လွတ်လပ်စွာရေကြောင်းသွားလာခွင့်အား ထိပါးနှောင့်ယှက်လာမှုအပါအဝင် စိန်ခေါ်မှုပေါင်း မြောက်မြားစွာတိုးပွားလာပါသည်။ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် နိုင်ငံများနှင့် သက်ဆိုင်သော ပင်လယ်ပြင်တစ်ခုလုံးအပေါ် လွှမ်းမိုးအာဏာသက်ရောက်မည့် တရားမျှတသောနိုင်ငံတကာ ဥပဒေ၊ စည်းမျဉ်းများ လိုအပ်သကဲ့သို့ နိုင်ငံများအကြား ဖြစ်ပွားလေ့ရှိသော အငြင်းပွားမှုများ လျှော့ချထိန်းချုပ်ရေးအတွက်လည်း အရေးကြီးလာပါသည်။ အထူးသဖြင့် ကျိုးကြောင်းညီညွတ်ပြည့်စုံပြီး တရားမျှတမှုကို ဖော်ဆောင်နိုင်မည့် နိုင်ငံတကာမှ လက်ခံသော အပြည်ပြည်ဆိုင်ရာဥပဒေများ၏ အခန်းကဏ္ဍသည် ကြီးမားသောအထောက်အပံ့ကို ဖြစ်စေနိုင်ပါသည်။

နိုင်ငံတကာကွန်ဗင်းရှင်းများ၊ နိုင်ငံတကာစာချုပ်များ အမြောက်အမြားရှိကြသည့်အနက် UNCLOS ကွန်ဗင်းရှင်းသည် နိုင်ငံများက အချုပ်အခြာအာဏာ အပြည့်အဝကျင့်သုံးနိုင်သည့် နယ်ပယ်၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးတွင် ဥပဒေအရ လေးစားလိုက်နာကြရမည့် တာဝန်နှင့် အခွင့်အရေး၊ လွတ်လပ်စွာရေကြောင်းသွားလာခွင့်တို့ကို ပြဋ္ဌာန်းထားသောကြောင့် အဖိုးတန်သော ကွန်ဗင်းရှင်းအဖြစ် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးက တညီတညွတ်တည်း လက်ခံအသိအမှတ်ပြုခြင်းကိုလည်း ရခဲ့ပါသည်။

တစ်ပြိုင်တည်းပင် ကုလသမဂ္ဂ ပင်လယ်ဥပဒေကွန်ဗင်းရှင်း (၁၉၈၂ ခုနှစ်) သည် ကုလသမဂ္ဂက ကြီးမှူးပြုလုပ်သည့် နိုင်ငံတကာစာချုပ်များ၊ ကွန်ဗင်းရှင်းများအနက် ခက်ခဲရှုပ်ထွေးသည့် ဥပဒေတစ်ရပ်ဟုလည်း ဆိုနိုင်ပါသည်။ အကြောင်းရင်းမှာ ကွန်ဗင်းရှင်းသည် ပင်လယ်ပြင်အသုံးပြုမှုဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လမ်းညွှန်ပြဆိုထားသည့်အပြင် နည်းပညာဆိုင်ရာကဏ္ဍများကိုပါ ပေါင်းစည်းထားခြင်း၊ ထို့အပြင် ပင်လယ်ဥပဒေဆိုင်ရာ နယ်ပယ်အားလုံးအကျုံးဝင်ပြီး အဏ္ဏဝါဆိုင်ရာ သယံဇာတအသုံးပြုမှု၊ ရေကြောင်းသွားလာမှုတို့နှင့် စပ်လျဉ်း၍ နိုင်ငံများက လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်ဆိုင်ရာ ဥပဒေတစ်ရပ်ချမှတ်ရေး ကြိုးပမ်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကောင်းမွန်သော ပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ထုံးများအား နိုင်ငံများက သတိရှိစွာဖြင့် လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ပိုလီမက်တယ်လစ်နိုဂျူးလ်၊ ပိုလီမက်တယ်လစ်ဆာလ်ဖိုက်နှင့် ကိုဘော့များပြည့်ဝနေသည့် ဖဲရိုမက်ဂနီးစ်များ ရှာဖွေတူးဖော်ရေးနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများကိုပါ နောက်ဆက်တွဲရေးဆွဲနိုင်ခြင်းသည် UNCLOS ကွန်ဗင်းရှင်း၏ ထူးခြားချက်ဟု ဆိုရပါမည်။

UNCLOS ကွန်ဗင်းရှင်း၏ အခြားထူးခြားချက်မှာ နိုင်ငံများက လိုက်နာစောင့်ထိန်းရမည့် တာဝန်များသာမက ယင်းတို့ အချုပ်အခြာအာဏာ အပြည့်အဝသက်ရောက်သည့် ပိုင်နက်ပင်လယ်နှင့် သီးသန့်အချုပ်အခြာ လုပ်ပိုင်ခွင့်ကျင့်သုံးနိုင်သည့် ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းအစရှိသော ပင်လယ်ဇုန်များကိုလည်းကောင်း၊ နိုင်ငံများ၏ အမျိုးသားစီရင်ပိုင်ခွင့်ပြင်ပတွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာပင်လယ်ပြင်အသုံးချခွင့်ဆိုင်ရာ သတ်မှတ်ချက်များကိုလည်းကောင်း ချမှတ်နိုင်ခြင်း ဖြစ်ပါသည်။

ကျယ်ပြန့်စွာအကျုံးဝင်

အဏ္ဏဝါညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး၊ ကျွန်းစုများနှင့် ကျွန်းများပိုင်းခြားသတ်မှတ်ရေး၊ နိုင်ငံတကာရေကြောင်းသွားလာရေးအတွက် အသုံးပြုသော ရေလက်ကြားများ၏ ဥပဒေရေးရာအဆင့်နှင့် အခြားသတ်မှတ်ချက်များ၊ ကျွန်းစုနိုင်ငံများ၊ ကျွန်းများ၊ ကုန်းတွင်းပိတ်နိုင်ငံများ၏ ပင်လယ်ဝင်ထွက်ခွင့်နှင့် ဖြတ်သန်းသွားလာခွင့်ဆိုင်ရာအခွင့်အရေး၊ အဏ္ဏဝါပတ်ဝန်းကျင်၏ ရေထု၊ လေထုညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရေး၊ အဏ္ဏဝါသိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ရေးနှင့် မြှင့်တင်ရေးစသည့်ကိစ္စများအထိပါ ကျယ်ပြန့်စွာအကျုံးဝင်ကြောင်း တွေ့ရှိနိုင်ပါသည်။

အထူးခြားဆုံးအချက်မှာ ကမ္ဘာ၏ ရှားပါးလှသော အဖိုးတန်သယံဇာတများကို တိုးချဲ့ရှာဖွေတူးဖော်ထုတ်လုပ်ခွင့်ရရှိစေရန် ပထဝီဘူမိ၊ ပထဝီရုပ သက်သေအထောက်အထားများအရ တောင်းဆိုခွင့်ရှိသော နိုင်ငံများအတွက် ယင်းတို့အချုပ်အခြာအာဏာ သက်ရောက်ရာ ကမ်းလွန်ရေတိမ်ပိုင်းဧရိယာအား ရေမိုင် ၂၀၀ ထက် ကျော်လွန်တိုးချဲ့သတ်မှတ်ခြင်းကိုပါ ခွင့်ပြုထားခြင်းဖြစ်ပါသည်။

ပင်လယ်သမုဒ္ဒရာရေထုသည် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေး၊ နိုင်ငံတကာရေကြောင်းသွားလာရေးအတွက် အဓိကအရေးပါရုံမျှမက ငါး၊ ရေနံ၊ ဓာတ်ငွေ့၊ အခြားအဖိုးတန်သတ္တုများအစရှိသည့် သက်ရှိ၊ သက်မဲ့သယံဇာတများ အလွန်ကြွယ်ဝသည့် ဧရိယာလည်းဖြစ်ခြင်းကြောင့် ပင်လယ်ဥပဒေသည် အပြည်ပြည်ဆိုင်ရာ ဥပဒေများအနက် အခြေခံအားဖြင့် အလွန်အရေးကြီးသောကဏ္ဍမှ ပါဝင်ပါသည်။

UNCLOS ကွန်ဗင်းရှင်းပါ ကျယ်ပြန့်လှသည့် ကဏ္ဍများအနက် ငါးမျိုးစိတ်အပါအဝင် အခြားရှားပါးရေသတ္တဝါအမျိုးအစားများနှင့် စပ်လျဉ်းသော နိုင်ငံများ၏ လုပ်ပိုင်ခွင့်၊ အခွင့်အရေးနှင့်အတူ ဥပဒေအရ တာဝန်ရှိမှုဆိုင်ရာ သတ်မှတ်ချက်များသည် ငါးလုပ်ငန်းအပေါ် လုံးဝ သို့မဟုတ် တစ်စိတ်တစ်ဒေသအားဖြင့် မှီခိုအားထားနေကြရသော ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများအနေဖြင့် သိသင့်သိထိုက်သည်ဟူသော ယူဆချက်ကလည်း ယခုဆောင်းပါးရေးသားရန် စေ့ဆော်မှုကို ဖြစ်စေခဲ့ပါသည်။

ကမ်းလွန်ရေတိမ်ပိုင်း၌ အများဆုံးတွေ့ရှိရသော သဘာဝသယံဇာတများကို ကွန်ဗင်းရှင်းတွင် ဖော်ပြထားပါသည်။ သဘာဝသယံဇာတများဆိုရာတွင် သတ္တုသယံဇာတများ၊ ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတွင် နေထိုင်လှုပ်ရှားနေကြသော သက်မဲ့သယံဇာတများ၊ လှုပ်ရှားမှုမရှိဘဲ အခြေတကျနေထိုင်သောမျိုးစုများတွင် ပါဝင်သော သက်ရှိသတ္တဝါများ၊ ပေါက်ဖွားချိန်အဆင့်၌ မလှုပ်ရှားနိုင်သော organisms များ၊ ပင်လယ်ကြမ်းပြင် သို့မဟုတ် ပင်လယ်ကြမ်းပြင် အောက်ခံမြေထုလွှာနှင့် လက်တွေ့ဆက်စပ်တွယ်ကပ်နေမှသာလျှင် လှုပ်ရှားနိုင်သော သက်ရှိသတ္တဝါများ စသည်တို့ ပါဝင်ပါသည်။

ကမ်းရိုးတန်းနိုင်ငံအား ယင်း၏ ကမ်းလွန်ရေတိမ်ပိုင်းနှင့် ရေမိုင် ၂၀၀ သီးသန့်စီးပွားရေးဇုန်အတွင်းရှိ သက်ရှိ၊ သက်မဲ့သယံဇာတပစ္စည်းများကို ဖမ်းဆီးခြင်း၊ ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ အကာအကွယ်ပေးခြင်းတို့အပါအဝင် နိုင်ငံသားပြည်သူလူထု၏ အကျိုးစီးပွားအလို့ငှာ ပေါက်ဖွားနိုင်သော ငါးမျိုးနွယ်များနှင့် သက်ဆိုင်သော သုတေသနပြုလုပ်ရန်အတွက် သီးသန့်လုပ်ပိုင်ခွင့်အခွင့်အရေးအားလည်း UNCLOS ကွန်ဗင်းရှင်းက အပြည့်အဝပေးထားပါသည်။ *စာမျက်နှာ ၁၀ သို့*

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အိန္ဒိယနိုင်ငံ၏ ပြည်ပရေးရာဝန်ကြီးဟောင်း ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၁၂

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ အမှတ်(၅၄၅/၅၄၇) ကုန်သည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး၌ အိန္ဒိယနိုင်ငံ၏ ပြည်ပရေးရာဝန်ကြီးဟောင်း Smt. Sushma Swaraj ကွယ်လွန်သွားသည့်အတွက် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။

အိန္ဒိယနိုင်ငံ၏ ပြည်ပရေးရာဝန်ကြီးဟောင်းသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခု ကွယ်လွန်ချိန်တွင် အသက် ၆၇ နှစ်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ရဲနွယ်ရေလွှဲဆည် စစ်ဆေး

ကျောက်တံခါး ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဩဂုတ် ၁၁ ရက် နံနက် ၁၁ နာရီခွဲက ကျောက်တံခါးမြို့နယ် ရဲနွယ်ရေလွှဲဆည်အား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ရဲနွယ်ရေလွှဲဆည်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ရေစီးဝင်မှုနှင့် ပြန်လည်ထုတ်လွှတ်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဆည်တမံများ၏ ကြံ့ခိုင်မှု၊ ရေဝင်ရောက်မှုအခြေအနေ၊ ဆည်ရေအမှတ်တို့အား ရေကင်းများချ၍ အချိန်ပြည့်စောင့်ကြည့်ရန်၊ ဆည်ပတ်ဝန်းကျင်ဒေသများကိုလည်း မိမိတို့ဆည်တမံနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး ဆောင်ရွက်ကြရန် စသည်တို့ကို မှာကြားခဲ့ပြီးနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရဲနွယ်ရေလွှဲဆည်၏ အခြေအနေအား ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ ရဲနွယ်ရေလွှဲဆည်သည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအနီး ရဲနွယ်ချောင်းပေါ်တွင် တည်ဆောက်ထားသော မြေသားတမံအမျိုးအစား ဖြစ်ပြီး ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောက်လုပ်ခဲ့ကာ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ပြီးစီး၍ ၂၅ မဂ္ဂါဝပ် ရေအားလျှပ်စစ်ထုတ်ယူလျက်ရှိရာ နှစ်စဉ်ပျမ်းမျှ ၁၂၃ ကီလိုဝပ်နာရီ သန်းပေါင်း ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ရေနွယ်ရေလွှဲဆည်ရေသောက်စနစ်ကို ကျောက်တံခါးမြို့နယ် ဆီဆုံကုန်းကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိပြီး တူးမြောင်းမကြီး နှစ်ခု အရှည် ၇ မိုင်၊ မြောင်းခွဲများ သုံးခု အရှည် ၁၉ မိုင်၊ လက်တံမြောင်း ကိုးခု အရှည် ၉၂ မိုင်၊ လက်တံမြောင်းခွဲများ ၈၈ ခု မိုင် ၃၅၀၊ တူးမြောင်း အဆောက်အအုံ ၄၁၄၀ နှင့် စီမံကိန်းပြီးစီးမည့် ၂၀၂၁-၂၀၂၂ တွင် ကျောက်တံခါး၊ ပိန်းဇလုပ်၊ ညောင်လေးပင်၊ ပြွန်တန်ဆာမြို့နယ်တို့ရှိ လယ်မြေရေိယာ ဧက ၆၂၀၀၀ အား ဆည်ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဟိန်းထက်(ပဲခူး)

ဒုတိယဝန်ကြီး ဦးကျော်လင်း မောင်တောဒေသတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်လျက်ရှိသော အိုးထိန်းစခန်း၊ ကြိမ်ချောင်းတောင်စခန်းနှင့် လှဖိုးခေါင်ကြားစခန်း၊ သက္ကယ်ပြင်နှင့် ရွှေဇားအိမ်ရာစခန်းများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့သည် ဩဂုတ် ၁၁ ရက်က ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနေရာချထားရေးအတွက် မောင်တောဒေသတွင် အိမ်ရာများ တည်ဆောက်လျက်ရှိသော အိုးထိန်းစခန်းသို့ ရောက်ရှိကာ စခန်းအဝင်လမ်း ကျောက်ချောလမ်းခင်းထားမှုနှင့် အိမ်ရာတည်ဆောက်မှုများအား စစ်ဆေးပြီး ဒုတိယဝန်ကြီးက အိမ်ရာများ ၁၀၀ ရာခိုင်နှုန်းပြီးနေပြီဖြစ်သော်လည်း အိမ်ရာအဝင် မြောင်းကူးတံတားများ၊ အိမ်ရာအတွင်းလမ်းများ ဆောင်ရွက်ပေးရန်နှင့် မိုးတွင်း၌ ပျက်စီးမှုအခြေအနေများကို စောင့်ကြည့်၍ ပြုပြင်ပေးသွားရန် မှာကြားသည်။ အိုးထိန်းစခန်းတွင် နေရပ်စွန့်ခွာသွားသော တိုင်းရင်းသားများအတွက် UEHRD မှ အိမ်ရာ ၇၂ လုံး၊ ဂျပန်နိုင်ငံမှ အလုံး ၅၀ နှင့် Community Centre တစ်လုံး တည်ဆောက်ပေးထားရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီး စုစုပေါင်းအိမ်ရာ ၁၂၂ လုံးမှာ အဆင်သင့် တက်ရောက်နေထိုင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံနှင့်အဖွဲ့ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနေရာချထားရေးအတွက် မောင်တောဒေသတွင် တည်ဆောက်လျက်ရှိသော အိမ်ရာစခန်းများ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကြိမ်ချောင်းတောင်စခန်းတွင် တည်ဆောက်လျက်ရှိသော စခန်းအဝင်လမ်း ကျောက်ချောလမ်းခင်းထားမှုနှင့် စခန်းအတွင်း အိမ်ရာများတည်ဆောက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ကြိမ်ချောင်းတောင်စခန်းတွင် UEHRD မှ အိမ်ရာအလုံး ၁၀၀၊ အိန္ဒိယနိုင်ငံမှ အိမ်ရာအလုံး ၆၀၊ ဂျပန်နိုင်ငံမှ အိမ်ရာ ၅၁ လုံးနှင့် Community Centre တစ်လုံး တည်ဆောက်ကြရာ အားလုံး ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေသဖြင့် စုစုပေါင်းအိမ်ရာ ၂၁၁ လုံးမှာ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာပါက နေထိုင်ရန် အဆင်သင့်ဖြစ်နေကြောင်း သိရသည်။

ပြန်လည်ပြင်ဆင်ထားရှိမှုကို ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာပါက ကြားစခန်း (Transit Camp) အဖြစ် ဆောင်ရွက်ထားရှိမည့် လှဖိုးခေါင်စခန်းသို့ ရောက်ရှိခဲ့ကြရာ စခန်းတာဝန်ခံ ညွှန်ကြားရေးမှူးက အဆောက်အဦများ တည်ဆောက်ထားရှိမှုနှင့် ယခုနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော အဆောက်အဦအချို့အား ပြန်လည်ပြင်ဆင်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကြားစခန်းတွင် ယာယီနေထိုင်သူများအတွက် ကျွေးမွေးရေးအစီအစဉ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြင်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။ ကြားစခန်းတွင် အဆောက်အဦ ၆၂၃ လုံးရှိပြီး တစ်လုံးလျှင် မိသားစု ရှစ်စု နေထိုင်နိုင်အောင် စီစဉ်ထားကြောင်း သိရသည်။

လိုအပ်သလိုဆောင်ရွက်ပေးသွားရန် အဆင်သင့်ပြင်ထား

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါစခန်းတွင် တရုတ်နိုင်ငံမှ လှူဒါန်းထားသော Assemble Board House အလုံး ၁၀၉၀ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အလုံး ၉၀ မှာ နေရာချထားပြီး အုတ်ရေကန်၊ ရေဘုံဘိုင်၊ အိမ်သာနှင့် မိလ္လာကန်များအားလုံး ဆောင်ရွက်ထားပြီး နေထိုင်ရန်အသင့် ဖြစ်နေပြီဖြစ်ကြောင်း၊ အလုံး ၁၀၀ မှာ အဆင်သင့်တပ်ဆင်ထားပြီး နေရာချထားရန်သာကျန်ရှိကာ ကျန်အလုံး ၉၀၀ မှာ စခန်းအတွင်းထားရှိကာ ပြန်လည်ဝင်ရောက်လာမည့် လူဦးရေပေါ်မူတည်ကာ လိုအပ်သလိုဆောင်ရွက်ပေးသွားရန် အဆင်သင့်ပြင်ထားကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သက္ကယ်ပြင်အိမ်ရာစခန်းနှင့် နေရပ်စွန့်ခွာသွားသော ဟိန္ဒူဘာသာဝင်များ နေထိုင်ရန်အတွက် ရွှေဇားအိမ်ရာစခန်းတွင် အိန္ဒိယနိုင်ငံမှ ဆောက်လုပ်လှူဒါန်းထားသော အိမ်ရာများအား ကြည့်ရှုစစ်ဆေးသည်။

လုပ်ငန်းများအဆင်ပြေစေရန် ပူးပေါင်းဆောင်ရွက်

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် မောင်တောခရိုင်မှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပြီး မိမိတို့ကျရာတာဝန်မှာ စေတနာထားပြီး အကောင်းဆုံးဆောင်ရွက်သွားကြရန်၊ လုပ်ငန်းများအားလုံး အဆင်ပြေစေရန်အတွက် ဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✽ *ကျော်ဖုံးမှ*

ပြည်တွင်းရှိ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို အစဉ်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညီနောင်အဖွဲ့အစည်းများအနေဖြင့်လည်း သဘာဝဘေးဒဏ်ကျရောက်ခဲ့သည့် မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ အကူအညီပေးသည့်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ယခုကဲ့သို့ ဆက်လက်ပူးပေါင်းဆောင်ရွက်ကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆန်အိတ် ၂၂၅၀ လှူဒါန်း

ထို့နောက် ဒုတိယသမ္မတထံ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မွန်ပြည်နယ်အတွင်း သဘာဝဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၂၂၅၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ငွေကျပ်သိန်း ၂၀၀ နှင့် ဓာတ်မြေသြဇာ အိတ် ၃၇၀ ကို ပေးအပ်လှူဒါန်းရာ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က လက်ခံရယူသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို ဒုတိယဝန်ကြီး ဦးစိုးအောင်က မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်ပြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ရေကြီးမှုအန္တရာယ် လျော့ချနိုင်ရန်

ထို့နောက် ဒုတိယသမ္မတသည် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကျိုက်မရောမြို့ ရသေ့ကျောင်းတွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိရာ ကယ်ဆယ်ရေးစခန်းတွင် ဒုတိယသမ္မတအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မွန်ပြည်နယ်အတွင်းရှိ သဘာဝဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသင်းခွဲများ၊ ကုန်စည်ဒိုင်များနှင့် ဆန်စပါးလုပ်ငန်း လုပ်ကိုင်သူများက ဆန်အိတ်၊ ဓာတ်မြေသြဇာအိတ်နှင့် အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ကျိုက်မရောမြို့နယ်အတွင်း နှစ်စဉ်ရေကြီးမှုအခြေအနေ၊ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ထောက်ပံ့ထားရှိမှု အခြေအနေနှင့် ရေကြီးမှုအန္တရာယ်မှ လျော့ချနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေ၊ ဆန်၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ငါးသေတ္တာဘူးများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျိုက်မရောမြို့ရှိ အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း၊ ကျိုက်မရောမြို့ရှိ အခြေခံပညာ မူလတန်း (လွန်)ကျောင်းတွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းတို့သို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေ၊ ဆန်၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ငါးသေတ္တာဘူးများ ထောက်ပံ့ပေးအပ်သည်။

ကျိုက်မရောမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်း၍ မြစ်ရေ၊ ချောင်းရေကြီးမြင့်မှုကြောင့် ကျေးရွာ ၂၆ ရွာတွင် အိမ်ခြေ ၇၇၀၆ လုံး ရေကြီးနစ်မြုပ်ခဲ့ပြီး ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေ၊ ဆန်၊ ခေါက်ဆွဲခြောက်ထုပ်၊ ငါးသေတ္တာနှင့် ရေသန့်ဘူးများ ထောက်ပံ့ပေးထားကြောင်း သိရသည်။

မြေပြိုကျမှုထပ်မံ မဖြစ်ပွားရန်

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မြေပြိုကျမှုဖြစ်ပွားခဲ့သည့် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာသို့ သွားရောက်ပြီး စက်ယန္တရားများဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပုံရိပ်ဖမ်းစက်ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ဒရုန်းယာဉ်ဖြင့် မြေပြိုကျမှုဖြစ်ပွားခဲ့သည့် တောင်ပေါ်တွင် ဓာတ်ပုံရိုက်ကူး

◆ **မိမိဒေသအတွင်း သဘာဝဘေးဖြစ်နိုင်ခြေရှိသည့် နေရာများတွင် အထူးဂရုစိုက်၍ ကြိုတင်ကာကွယ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်သွားရန် လိုအပ်**

◆ **သဘာဝဘေးများ ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် မှန်ကန်သည့် စာရင်းဇယားများ အချိန်မီရရှိရေးသည်လည်း အလွန်အရေးကြီးသဖြင့် မှန်ကန်သည့် စာရင်းအင်းများ အချိန်မီရရှိရေးကို အောက်ခြေအဆင့်မှစ၍ အလေးထားဆောင်ရွက်**

ထားပြီး မြေသားအက်ကြောင်းများ ရှိနေမှုအခြေအနေကို လည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ဌာနတွင်းရှိ ဘူမိဗေဒပညာရှင်များဖြင့် မြေပြိုကျသည့်နေရာတွင် မြေသားနမူနာများ စမ်းသပ်ခြင်း၊ နောင်တွင် ယခုကဲ့သို့ မြေပြိုကျမှုထပ်မံဖြစ်ပွားမှုမရှိစေရန် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဘေးအန္တရာယ်ကင်းရှင်းရေး ဦးစားပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ယခုဆောင်ရွက်လျက်ရှိသည့် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ နောင်ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

စာမျက်နှာ ၉ သို့

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြေပြိုကျမှုဖြစ်ပွားခဲ့သည့် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာ၌ စက်ယန္တရားများဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အရေးပေါ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

စာမျက်နှာ ၈ မှ

အဆိုပါ မြေပြိုကျမှုဖြစ်ပွားခဲ့သည့်နေရာတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့် လူဦးရေအင်အား ၅၀၀ ကျော်ခန့်သည် စက်ယန္တရားများ၊ မြေသယ်ယာဉ်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဘီးလင်းမြို့တွင် နှစ်စဉ်ရေကြီးနစ်မြုပ်သည့် လူနေအိမ်များကို ပြောင်းရွှေ့နေရာချထားရန် စီစဉ်လျာထားသည့် ဘီးလင်းမြို့နယ်ရှိ ဘုရင့်နောင်မြို့ကွက်သစ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ သထုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက မြို့ကွက်သစ်ဖော်ဆောင်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတသည် ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ အရေးပေါ်အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ရုတ်တရက်ရေကြီးမှုများကြုံတွေ့နိုင်

အစည်းအဝေးတွင် ဒုတိယသမ္မတက ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဒဏ်ကို ကမ္ဘာ့အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း ခံစားနေရပါကြောင်း၊ မိုးလေဝသပညာရှင်များ၏ ခန့်မှန်းချက်အရ ယခုနှစ်တွင် မြန်မာနိုင်ငံ၌ မုတ်သုံအဝင်နောက်ကျ၍ အထွက်စောမည်ဟု သိရပါကြောင်း၊ ထို့ကြောင့် နှစ်စဉ်ရွာသွန်းသည့် မိုးရေချိန်ပမာဏ ပြောင်းလဲမှုမရှိသော်လည်း မိုးရွာသွန်းချိန်ကာလ တိုတောင်းမည်ဖြစ်၍ ရုတ်တရက် ရေကြီးရေလျှံမှုများ ကြုံတွေ့ရနိုင်သဖြင့် ဆည်တမံများ၏ ကြံ့ခိုင်ရေးကို ယခင်ထက် ပိုမိုဂရုစိုက်ရန် လိုအပ်ပါကြောင်း၊ ဆည်များသို့ ရေဝင်ရောက်မှုအပိုင်းတွင် ယခင်နှစ်ကာလတူထက် ယခုနှစ်တွင် များစွာလျော့နည်းလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ဆည်ရေကို အလေ့အလွင့်မရှိဘဲ ထိရောက်အကျိုးရှိစွာ စနစ်တကျအသုံးပြုရန် လိုအပ်ပါကြောင်း၊ ဆည်မြောင်းဆိုင်ရာ ဝန်ထမ်းများသာမက ရေကိုအသုံးပြုနေသည့် တောင်သူများပါ သိရှိလိုက်နာစေရေး ပညာပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ရာသီဥတု ပြုပြင်ပြောင်းလဲမှုဒဏ်ကို အကာအကွယ်ပေးနိုင်မည့် သစ်ပင်၊ သစ်တောများ မပြုန်းတီးစေရေး ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ သစ်ပင်စိုက်ပျိုးမှုကို စီမံချက်ချမှတ်အလေးထား ဆောင်ရွက်သွားကြစေလိုပါကြောင်း။

မျိုးစပါး ကြိုတင်စုဆောင်း

မိမိဒေသအတွင်း သဘာဝဘေးဖြစ်နိုင်ခြေရှိသည့် နေရာများတွင် အထူးဂရုစိုက်၍ ကြိုတင်ကာကွယ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်သွားရန်လိုအပ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် ဆန်စပါးအများဆုံး စိုက်ပျိုးသည့်ဒေသတွင် ပါဝင်သဖြင့် ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်လာပါက လိုအပ်သည့် မျိုးစပါးလုံလောက်စွာ ထောက်ပံ့ပေးနိုင်ရေးအတွက် ကြိုတင်စုဆောင်းထားရန်နှင့် အခြားလိုအပ်သည်များ ကြိုတင်စီမံဆောင်ရွက်ထားရန် လိုကြောင်း၊ သဘာဝဘေးများဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် မှန်ကန်သည့် စာရင်းဇယားများ အချိန်မီရရှိရေးသည်လည်း အလွန်အရေးကြီးသဖြင့် မှန်ကန်သည့်စာရင်းအင်းများ အချိန်မီရရှိရေးကို အောက်ခြေအဆင့်မှစ၍ အလေးထားဆောင်ရွက်ကြရန်နှင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ အကောင်းဆုံးကိုမျှော်လင့်ပြီး အဆိုးဆုံးအတွက်လည်း ရင်ဆိုင်တုံ့ပြန်နိုင်ရေး ပြင်ဆင်ထားရှိရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျိုက်မရောမြို့ အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်စဉ်။ သတင်းစဉ်

သထုံရှိ ရေဘေးရှောင်ပြည်သူများအား မွန်ပြည်နယ်အစိုးရအဖွဲ့မှ စားသောက်ကုန်ပစ္စည်းများ လာရောက်ထောက်ပံ့

သထုံ ဩဂုတ် ၁၂

မွန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများသည် ဩဂုတ် ၁၂ ရက် ညနေ ၅ နာရီခွဲက သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာနှင့် ဈေးမသွယ်အထက်ကျေးရွာတို့ရှိ ရေဘေးရှောင်စခန်းများသို့သွားရောက်ကာ ထောက်ပံ့ပစ္စည်းများပေးအပ်၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးရွှေမြင့်၊ သထုံမြို့နယ်မဲဆန္ဒနယ်မြေ အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လှဲ့နှင့် တာဝန်ရှိသူများသည် ဒူးရင်းဆိပ်ကျေးရွာ၏ ယာယီရေဘေးရှောင်စခန်း အမှတ်(၁) ကျေးရွာဓမ္မာရုံနှင့် ဈေးမသွယ်အထက်ကျေးရွာ ရွှေနဘေဘုန်းကြီးကျောင်းတို့သို့ သွားရောက်ကာ အဆိုပါကျေးရွာနှစ်ရွာရှိ ယာယီရေဘေးရှောင်စခန်းလေးခုတို့မှ ဒေသခံပြည်သူများကို တွေ့ဆုံအားပေးစကား ပြောကြားပြီး မွန်ပြည်နယ်အစိုးရမှ ထောက်ပံ့သည့် ဆန်အိတ်ပေါင်း ၆၀ ၊ ဆီ၊ ငါးသေတ္တာ၊ ငါးခြောက်၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် မုန့် စသည့်စားသောက်ရိက္ခာများအား ပေးအပ်ရာ ရေဘေးရှောင်ပြည်သူများကိုယ်စား ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ကျေးရွာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

သထုံမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး ဒုံသမိချောင်းရေမြင့်တက်လာမှုကြောင့် ဒူးရင်းဆိပ်ကျေးရွာနှင့် ဈေးမသွယ်အထက်ကျေးရွာ အနိမ့်ပိုင်းတို့ရှိ လူနေအိမ်ခြံဝင်းအတွင်း ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၁၂ ရက်အထိ ရေဘေးရှောင်စခန်း လေးခု ဖွင့်လှစ်ထားကာ အိမ်ထောင်စု ၁၂၃ စုမှ လူဦးရေ ၆၃၄ ဦးတို့ ရေဘေးရှောင်နေထိုင်ကြကြောင်း သိရသည်။

သက်ဦး(သထုံ)

ဒူးရင်းဆိပ်ကျေးရွာ ယာယီရေဘေးရှောင်စခန်းမှ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။

ခန်းဆောင်နီအိပ်မက် (၁၉၈၇) ရုပ်သံဇာတ်လမ်းတွဲ မြန်မာဘာသာဖြင့် အသံထပ်၍စတင်ပြသခြင်းအခမ်းအနားကျင်းပ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခန်းဆောင်နီအိပ်မက် (၁၉၈၇) ရုပ်သံဇာတ်လမ်းတွဲ မြန်မာဘာသာဖြင့် အသံထပ်၍ စတင်ပြသခြင်းအခမ်းအနား၌ အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြား၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV) တို့ ပူးပေါင်းဆောင်ရွက်သည့် ရုပ်သံဇာတ်လမ်းတွဲဖြစ်သော ခန်းဆောင်နီအိပ်မက် (၁၉၈၇) မြန်မာဘာသာဖြင့် အသံထပ်၍ စတင်ပြသခြင်းအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV) စတူဒီယိုခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာချန်းဟိုင်၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပါတီကော်မတီ၏ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် မစ္စတာဟွမ်ယူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ကမ္ဘာတည်သရွေ့တေးသီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်သံဇာတ်လမ်းတွဲအဖြစ် တရုတ်နိုင်ငံတွင် ကျော်ကြားသည့် ဤဇာတ်လမ်းတွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အသံသရုပ်ဆောင် ၁၅ ဦး၊ ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြားမှ အသံသွင်းအင်ဂျင်နီယာများနှင့် စကားပြန်တို့ ပူးပေါင်းပါဝင်ပြီး မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့တွင် ဘာသာပြန်အသံသွင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံ ရုပ်သံဌာနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် နည်းပညာနှင့် အတွေ့အကြုံအပြန်အလှန်ဖလှယ်နိုင်ကြပြီး မြန်မာ့ရုပ်မြင်သံကြားအတွက်လည်း တရုတ်ရုပ်သံဇာတ်လမ်းတွဲများ ထုတ်လွှင့်ပြသခြင်းဖြင့် အစီအစဉ်များ ပိုမိုစုံလင်လာမည်ဖြစ်ပါကြောင်း၊ ယခုဇာတ်လမ်းတွဲကို မြန်မာပရိသတ်များ နှစ်ခြိုက်ကြမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က ခန်းဆောင်နီအိပ်မက် ရုပ်သံဇာတ်လမ်းတွဲကို ယခုလိုမြန်မာဘာသာ နောက်ခံစကားပြောဖြင့် ထုတ်လွှင့်ပြသခြင်းသည် တရုတ်-မြန်မာ နှစ်နိုင်ငံယဉ်ကျေးမှုကို သက်ဝင်လှုပ်ရှားစေပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကိုလည်း ပြသရာရောက်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပါတီကော်မတီ၏ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် မစ္စတာဟွမ်ယူက မြန်မာ့အသံထပ် ခန်းဆောင်နီအိပ်မက် ရုပ်သံဇာတ်လမ်းတွဲ ထုတ်လုပ်ပြသခြင်းဖြင့် မြန်မာပြည်သူများအတွက် တရုတ်စာပေယဉ်ကျေးမှု၊ လူနေမှုဘဝကို ပိုမိုသိရှိပြီး တရုတ် - မြန်မာ နှစ်နိုင်ငံပြည်သူများအကြား သိရှိနားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားလာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ခန်းဆောင်နီအိပ်မက် ဇာတ်လမ်းတွဲအသံသွင်းလုပ်ငန်းစဉ်များအား ရိုက်ကူးထားသည့် ဗီဒီယိုမှတ်တမ်းကို ပြသပြီး ဇာတ်လမ်းတွဲတွင် အသံဖြင့်ပါဝင်သရုပ်ဆောင်ထားကြသည့် MRTV မှ အသံသရုပ်ဆောင်များကို မိတ်ဆက်ပေးသည်။

ယင်းနောက် ခန်းဆောင်နီအိပ်မက် ဇာတ်လမ်းတွဲ စတင်ပြသခြင်းအခမ်းအနား LED Screen ကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တရုတ်နိုင်ငံသံအမတ်ကြီး၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပါတီကော်မတီ၏ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကွမ်ရှီးအသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့် အမြဲတမ်းအတွင်းဝန်တို့က ဖွင့်လှစ်ပေးပြီး ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်ဝင်ခန်းတချို့ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တရုတ်သံအမတ်ကြီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ ဘာသာပြန် အသံထပ်လုပ်ငန်းဆောင်ရွက်နေသည့် ရုံးခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ခန်းဆောင်နီအိပ်မက် ဇာတ်လမ်းမှာ တရုတ်ပြည် ချင်မင်းဆက် ကျိန်းလုံးမင်းလက်ထက်(၁၇၆၅ ခုနှစ်)တွင် တရုတ်စာရေးဆရာကြီး ဆောင်ဇူချင်း ရေးသားခဲ့သော ထင်ရှားသည့် ၁၈ ရာစု တရုတ်ဂန္ထဝင်ဝတ္ထုကြီးကိုအခြေခံ၍ ပဒေသရာဇ်စနစ်၏ အုပ်ချုပ်သူနှင့် ပြည်သူတို့၏ ဘဝကိုအခြေခံပြီး သရုပ်ဖော်ရိုက်ကူးထားသော ဇာတ်လမ်းတွဲတစ်ခုဖြစ်သည်။

တရုတ် ရုပ်သံဇာတ်လမ်းတွဲဖြစ်သည့် ခန်းဆောင်နီအိပ်မက်(၁၉၈၇)တွင် အပိုင်း ၃၀ ကျော်ပါဝင်ပြီး မြန်မာဘာသာ နောက်ခံစကားပြောဖြင့် ခန်းဆောင်နီအိပ်မက်ဇာတ်လမ်းတွဲ ကို ယနေ့မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တနင်္လာနေ့နှင့် အင်္ဂါနေ့ ည ၇ နာရီသတင်းအပြီးတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

စာမျက်နှာ ၆ မှ

သက်ဆိုင်ရာ ကမ်းရိုးတန်းနိုင်ငံအနေဖြင့် အပြည့်အဝရှာဖွေတူးဖော်ထုတ်လုပ်ခြင်း မပြုနိုင်သေးလျှင် အခြားတစ်နိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

အကျိုးတူပူးပေါင်းဆောင်ရွက်ခွင့်ပြုရာ၌ သက်ဆိုင်ရာ နိုင်ငံက ရှာဖွေနိုင်သော စွမ်းဆောင်နိုင်စွမ်းရှိမှုကို ဆုံးဖြတ်ခြင်းနှင့် နိုင်ငံတွင်း အဓိကငါးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော လူထု၏ လိုအပ်ချက်နှင့် အခြေအနေအား အလေးပေးစဉ်းစားသုံးသပ်ခြင်းများ ပြုလုပ်ကြရပါသည်။

ထို့အတူ တစ်ဖက်တွင် အလွန်အကျွံဖမ်းဆီးခြင်း မဖြစ်စေရန် ငါးအမျိုးအစားအလိုက် ဖမ်းဆီးခွင့်ပြုမည့်အတိုင်းအတာအား ခွဲတမ်းဖြင့် ပုံသေသတ်မှတ်ခြင်း၊ ဖမ်းဆီးခွင့်ပြုမည့် ငါးအမျိုးအစား၊ ဖမ်းဆီးခွင့်ပြုမည့် ရာသီအချိန်ကာလ သတ်မှတ်ခြင်း၊ ဖမ်းဆီးခွင့်ပြုမည့် ဧရိယာသတ်မှတ်ခြင်း၊ ယင်းဧရိယာအတွင်း ဖမ်းဆီးရာ၌လည်း ဖမ်းဆီးခွင့်ပြုမည့် ငါးအမျိုးအစား၊ ငါးအရွယ်အစား၊ အရေအတွက်နှင့် ဖမ်းဆီးရာတွင် အသုံးပြုမည့် ငါးဖမ်းပစ္စည်းကိရိယာအမျိုးအစားနှင့် အရေအတွက်သတ်မှတ်ခြင်းတို့ ပြုလုပ်နိုင်ပါသည်။

ထို့အတူ နို့တိုက်သတ္တဝါများကို ဖမ်းဆီးရာတွင်လည်း ကမ်းရိုးတန်းနိုင်ငံက အထက်ဖော်ပြပါအချက်များကို ကန့်သတ်၍ တားမြစ်ပိတ်ပင်နိုင်ပါသည်။ ကြပ်မတ်ကွပ်ကဲခွင့်ရှိပါသည်။ စုပုံထားရှိသော အန်နာဒရိုမတ်စ် (Anadromous) မျိုးနွယ်ဝင် ငါးများဖြစ်လျှင်မူ ဖမ်းဆီးခွင့်အခွင့်အရေးအတွက် အကန့်အသတ်ရှိမှုကို သတိပြုသင့်ပါသည်။ အန်နာဒရိုမတ်စ်ငါးမျိုးများ၏ မူလဇာစ်မြစ်သည် သက်ဆိုင်ရာ ကမ်းရိုးတန်းနိုင်ငံ၏ မြစ်အတွင်းမှ အစပြုပေါက်ဖွားခြင်းဖြစ်ခဲ့လျှင် သက်ဆိုင်ရာ ကမ်းရိုးတန်းနိုင်ငံသည် မူလအကျိုးစီးပွားရှိခြင်းကြောင့် ပုံမှန်ဖမ်းဆီးခွင့် အခွင့်အရေး ရပါသည်။

သို့သော် ဖော်ပြပါ အန်နာဒရိုမတ်စ်များသည် လျင်မြန်စွာနေရာပြောင်းရွှေ့သည့် အမျိုးအစားများဖြစ်လျှင်မူ တစ်နိုင်ငံတည်း၏ ရေပြင်တွင် အမြဲတမ်းရှိမနေဘဲ အခြားပင်လယ်နယ်နိမိတ်ချင်း ဆက်စပ်နေသည့် နိုင်ငံ၏ပင်လယ်ဧရိယာအတွင်းသို့လည်း လျင်မြန်စွာနှင့်လွယ်ကူစွာကူးပြောင်းရောက်ရှိနိုင်ခြင်းကြောင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းခြင်းဖြင့်သာ ဖမ်းဆီးရမည့်အခြေအနေ ဖြစ်နိုင်ပါသည်။ အန်နာဒရိုမတ်စ်မျိုးစုများ၏ ကြီးထွားပေါက်ဖွားခြင်း၊ သွားလာလှုပ်ရှားခြင်း အချိန်ကာလအများစုကို အခြားနိုင်ငံ၏ ရေပြင်အတွင်း၌ ဖြစ်ပေါ်မည်ဆိုလျှင် စီမံခန့်ခွဲပိုင်ခွင့်အခွင့်အရေးအား ထိုနိုင်ငံက ရရှိမည်ဖြစ်ကြောင်း သတိမူသင့်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဗဟို)၏ နှစ်ပတ်လည်အစည်းအဝေး (၂၀၁၉) ကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ဗဟို)၏ နှစ်ပတ်လည်အစည်းအဝေး (၂၀၁၉) ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)ရှိ ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဗဟိုစည်းမျဉ်းနှင့် ကျင့်ဝတ်ကော်မတီ ဥက္ကဋ္ဌ ဦးကြည်မင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ဗဟို)မှ ဥက္ကဋ္ဌ ဦးမြတ်ခိုင်က အမှာစကားပြောကြားကာ ဒုတိယဥက္ကဋ္ဌ ဦးကျော်စွာမင်းက အစည်းအဝေးကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)မှ အထွေထွေအတွင်းရေးမှူး ဦးသာဇော်က အသင်း၏နှစ်ပတ်လည် အစီရင်ခံစာအကြောင်းကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်အိအိတင်က နိုင်ငံတကာဆက်ဆံရေးအခြေအနေကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး (၂) ဦးဇေယျာမြတ်ခိုင်က အသင်း၏ အထူးကိစ္စရပ်များကိုလည်းကောင်း၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်အေးမွန်က ဘဏ္ဍာရေးအစီရင်ခံစာကိုလည်းကောင်း ၊ စည်းရုံးရေးမှူး ဦးသိန်းလှိုင်က စည်းရုံးရေးအစီရင်ခံစာကိုလည်းကောင်း၊ ပြန်ကြားရေးမှူး ဦးဘဦးက အသင်း၏ ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း၏ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှဥက္ကဋ္ဌ၊ ကိုယ်စားလှယ်များက စည်းရုံးရေးအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ရှေ့လုပ်ငန်းစဉ်များ၊ အခက်အခဲများနှင့် အကြံပြုချက်အစီရင်ခံစာများကို တင်သွင်းဖတ်ကြားကြသည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဗဟို)မှ ဥက္ကဋ္ဌ ဦးမြတ်ခိုင် အမှာစကားပြောကြားစဉ်။

ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို) အထွေထွေအတွင်းရေးမှူး ဦးသာဇော်က မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို) အရန်ကော်မတီ အင်အားဖြည့်တင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အစည်းအဝေးတွင် တင်ပြခဲ့သည့် ဆွေးနွေးဆုံးဖြတ်ချက်များကို အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးမြတ်ခိုင်က "ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအရ နှစ်ပတ်လည်အစည်းအဝေးကျင်းပရခြင်း ဖြစ်ပါတယ်။ ဒီညီလာခံမှာထူးခြားတာကတော့ နောက်သက်တမ်းမှာအရွေးခံမယ့်သူတွေကို လေ့လာသူအဖြစ်နဲ့ ထည့်ပေးထားပါတယ်။ ပဲခူးတို့၊ ကချင်တို့ဆိုရင် ဖွဲ့စည်းပုံမှာ ပြဿနာအချို့ရှိတယ်။ သူတို့ကို လေ့လာသူအဖြစ်နဲ့ ဖိတ်ထားတာရှိပါတယ်။ MJA ကို ၂၀၁၂ ခုနှစ် ဩဂုတ် ၁၁ ရက်မှာ စတင်ဖွဲ့စည်းခဲ့တာပါ။ သက်တမ်း ခုနစ်နှစ်ရှိသွားပါပြီ"ဟု ပြောသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသည် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ဗဟို)၏ တတိယအကြိမ်နှစ်လယ်ညီလာခံဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

သတင်းနှင့် ဓာတ်ပုံ- ဇော်ကြီး

မိုးသည်းထန်စွာရွာသွန်း၍ ရေတိုက်စားပျက်စီးမှုများနှင့် မြေပြိုမှုဖြစ်သည့်ဒေသများအား ဝိုင်းဝန်းပြုပြင်ဆောင်ရွက်လျက်ရှိ

ပဲခူး

ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာ သမိုင်းဝင်ဆုတောင်းပြည့် ဒေးစွန်ပါစေတီတော်မြတ်ကြီးအနီးရှိ မာန်လျှော့တောင်ပြိုကျနေမှု အစိတ်အပိုင်းအား ဆက်လက်ပြိုကျမှုမဖြစ်စေရေးအတွက် ဩဂုတ် ၁၂ ရက် မွန်းလွဲပိုင်းက နယ်မြေခံတပ်ရင်းတို့မှ တပ်မတော်သားများက တုတ်တန်းရိုက်ခြင်းများ လာရောက်ကူညီလုပ်ဆောင်ပေးကြသည်။

အဆိုပါ မာန်လျှော့တောင်သည် ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဝမ်းဘဲအင်းကျေးရွာအနီး ဒေးစွန်ပါစေတီတော်မြတ်ကြီးတည်ရှိရာ တောင်တန်းတွင်တည်ရှိပြီး မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ဩဂုတ် ၁၁ ရက် နံနက် ၆ နာရီခွဲခန့်က မြေသားများပြိုကျခဲ့ခြင်းဖြစ်ပြီး အဆိုပါ ပြိုကျနေသည့် တောင်အစိတ်အပိုင်း ဆက်လက်ပြိုကျမှုမဖြစ်ပေါ်စေရန်အတွက် ဂေါပကအဖွဲ့များနှင့်အတူ တပ်မတော်မှ အရာရှိ၊ စစ်သည်များက ဝါးတုတ်တန်းရိုက်ခြင်းများဖြင့် ကုသိုလ်ယူလာရောက် လုပ်ဆောင်ပေးကြောင်း သိရသည်။

ဟိန်းထက်(ပဲခူး)

လောင်းလုံး

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်ရှိ ရှင်မော်တောင်တစ်လျှောက်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းမှစ၍ တောင်နံရံမြေသားများပြိုကျမှုဖြစ်ပွားပြီးနောက် ရှင်မော်ဘုရားတောင်ပေါ်၌ မြေပြိုကျ၍ ပိတ်မိနေသော ဒေသခံများအနက် ခုနစ်ဦးကို ယနေ့ညနေပိုင်းက တောင်ပေါ်မှ ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အောင်လံ

အောင်လံမြို့နယ် မိုးကောင်းကျေးရွာအနီး ပြည်လမ်းရှိ အရှည် ၃၀၆ ပေရှိ ကြေးနီချောင်းတံတားသည် ယနေ့ နံနက် ၂ နာရီက တောင်ကျချောင်းရေ တိုက်စားမှုကြောင့် တံတားအလယ် အာရ်စီ ဒေါက်တိုင်တစ်တိုင် ရေစီးနှင့်မျောပါသွားကြောင်း သိရသည်။

အဆိုပါ တံတားမှာ ၁၉၂၄ ခုနှစ်ခန့်က မြို့နယ်ဆောက်လုပ်ရေးမှ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မျောပါသွားသော ဒေါက်တိုင်မှာ တံတားအထူးအဖွဲ့ တည်ဆောက်ရေး(၅)မှ ၂၀၀၃ ခုနှစ်တွင် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လမ်းဦးစီးဌာနမှ တံတားတည်ဆောက်ရေးအဖွဲ့(၅)ထံသို့ ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဆက်သွယ်ထားသည်။

အဆိုပါတံတားအခြေအနေအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ လမ်းဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကာ လက်ရှိတွင် ခြောက်တန်အောက် ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာခွင့်ပြုထားကြောင်းနှင့် ယာဉ်ကြီးများဖြတ်သန်းသွားလာမှုမရှိစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပုလဲ

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် ချင်ပြစ်ကျေးရွာ၏ တောင်ဘက်ရှိ မြောက်ယမားမူလမြောင်းအနီး၌ ဩဂုတ် ၁၁ ရက် ည ၁၀ နာရီ မိနစ် ၂၀ က ချင်ပြစ်- မရိုးတုန်းတံတားအဝင် ချဉ်းကပ်လမ်း အလျား ပေ ၂၀ ၊ အနံ ၁၈ ပေရှိ မြေသားပေါင်အနက်မှ အလျား ၁၀ ပေခန့် ရေတိုက်စားမှုကြောင့် ပျက်စီးမှုအား ပြင်ဆင်ဆောင်ရွက်နေကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

အဆိုပါလမ်း ရေတိုက်စားပျက်စီးမှုကို မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဩဂုတ် ၁၂ ရက် နံနက်ပိုင်းမှစတင်၍ အမြန် ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တနင်္သာရီမြို့နယ်၌ ရေတိုက်စား၍ ကားလမ်းပြတ်တောက်သည့်နေရာအား ပြန်လည်ပြုပြင်နေစဉ်။

တနင်္သာရီ

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေကြီး၍ ဩဂုတ် ၁၁ ရက် နံနက် ၆ နာရီက တနင်္သာရီ မြစ်ရေသည် အန္တရာယ်ရေအမှတ် ၂၄ ပေကို (၅ လက်မ)ကျော်လွန်ပြီး(မြိတ်-တနင်္သာရီ-ဘုတ်ပြင်း) ပြည်ထောင်စုလမ်းမကြီး၏ တချို့အနိမ့်ပိုင်းနေရာများတွင် မြစ်ရေကျော်နေ၍ ခရီးသွားပြည်သူများ အန္တရာယ်ကင်းပြီး စိတ်ချမ်းသာစွာ သွားလာနိုင်ရေးအတွက် တပ်မတော်သားအင်အား ၅၀ ကျော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများပူးပေါင်းကာ တပ်မတော် ဖိုင်ဘာလှေနှစ်စင်း၊ မီးသတ်ဦးစီးဌာန ဖိုင်ဘာလှေတစ်စင်း၊ အရပ်ဘက်မှ လက်လှော်လှေများနှင့် ဝါးဖောင်/သစ်ဖောင်များဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နေရာအလိုက် အုပ်စုခွဲပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင်အမှတ် ၈၃၄ နှင့် ၈၃၅ ကီလိုမီတာ အကြား လယ်တောင်ယာရွာအနီးတွင် အရှည် ပေ ၁၅၀၀၊ အနက် ၄ ပေ၊ မိုင်တိုင်အမှတ် ၈၃၁.၅ နှင့် ၈၃၂ ကီလိုမီတာအကြားရှိ အောက်ကင်းကျေးရွာအနီးရှိ အရှည် ပေ ၄၀၀၊ အနက် ၃ ပေ ၉ လက်မ၊ မိုင်တိုင် အမှတ် ၈၂၈.၅ ကီလိုမီတာအနီး အော်ကြီးကျေးရွာ၌ အလျား ပေ ၇၀၀၊ အနက် ၁ ပေ ၉ လက်မ ၊ မိုင်တိုင်အမှတ် ၈၂၅.၅ ကီလိုမီတာအနီး ဥယျာဉ်ကွင်းကျေးရွာတွင် အရှည် ၂၅၀ ပေ ၊ အနက် ၁ ပေ ၉ လက်မခန့်နှင့် မိုင်တိုင် ၈၂၃.၅ ကီလိုမီတာအနီးရှိ အရှေ့မော်တုန်းကျေးရွာတွင် အရှည် ပေ ၆၀၀ ခန့်၊ အနက် ၁ ပေ ၃ လက်မဖြင့် လမ်းမအပေါ်နေရာများမှာ မြစ်ရေကျော်နေသဖြင့် ခရီးသွားပြည်သူများ အသက်အန္တရာယ်ကင်းစေရန် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ လူနှင့်ပစ္စည်းများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် မိုးများသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများစီးဆင်းလာမှုကြောင့် ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီခွဲခန့်က တနင်္သာရီမြို့နယ် ဇဝဲကျေးရွာနှင့်တကူကျေးရွာသွား ကားလမ်းအကြား (ဒေသခေါ်)၉ မိုင်ကုန်းနေရာအနီး တောင်ကုန်းမှ တောင်ကျရေများ စီးဆင်းလာမှုကြောင့် မြေပြိုကျပြီး လမ်းပိုင်းပြတ်တောက်ကာ ကားလမ်းပိတ်ဆို့မှု ဖြစ်ပွားနေကြောင်း သိရှိရသဖြင့် ခရီးသွားပြည်သူများ အလွယ်တကူ ပြန်လည်သွားလာနိုင်ရန် မြို့နယ်လမ်းဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအာကာကျော် ကြီးကြပ်လျက် အလုပ်သမား ၂၀ နှင့်အတူ မြေတူးစက်နှစ်စီး၊ မြေကော်စက်တစ်စီးတို့ဖြင့် သွားရောက်ရှင်းလင်းမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်း(ဇဝဲ-တကူ)သွား ကားလမ်းပေါ်သို့ တောင်ကျရေများ ဆက်လက်တိုက်စားမှုဒဏ်ကြောင့် ၈.၆ ကီလိုမီတာနှင့် ၈.၇ ကီလိုမီတာအကြား ကားလမ်းပြတ်တောက်သွားသည့်နေရာအား မြေဖို့နေစဉ်ကာလအတွင်း ရှောင်ကွင်းလမ်းဖြင့် သွားလာနိုင်စေရန် အမြန်ဖောက်လုပ်ပေးလျက်ရှိကြောင်း လမ်းဦးစီးဌာန(မြို့ပြ) ဦးကျော်သီဟထံမှ သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

ဆင်ပေါင်ဝဲ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ဇောင်းတန်းလေးကျေးရွာ အိမ်ထောင်စုသုံးစုနှင့် နေအိမ်သုံးလုံးမှာ မျောပါသွားနိုင်သဖြင့် ယနေ့ နံနက် ၁၀ နာရီက နေအိမ်များဖြိုဖျက်ပြီး ရေလွတ်ရာဆွေမျိုးသားချင်းနေအိမ်များသို့ ပြောင်းရွှေ့ပေးခဲ့သည်။

ယာယီပြောင်းရွှေ့ထားသည့် အိမ်ထောင်စုသုံးစု၏ စားဝတ်နေရေးနှင့် နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရန် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် နီးစပ်ရာဆွေမျိုးသားချင်းများမှ ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေခြည်(ဆင်ပေါင်ဝဲ)

✪ *ကျောဖုံးမှ*

ကျောက်ပန်းတောင်းမြို့နယ်တွင် ယနေ့ ညနေ ၆ နာရီ ခန့်က လေပြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မကျီးကုန်းကျေးရွာအုပ်စု အိမ်အိုကျေးရွာတွင် နေအိမ်တစ်လုံး သွပ်မိုးလန်ခြင်းနှင့် ဒိုင်း၊ မြားများပျက်စီးခြင်းနှင့် မင်းခေါင်းမြောက်ကျေးရွာအုပ်စု စမ်းပွင့်ကျေးရွာ ဘုန်းကြီးကျောင်းဝင်းရှိ သိမ်ပေါ်သို့ သစ်ပင်များ ကျိုးကျခဲ့သဖြင့် သိမ်အဆောက်အအုံပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အတူ စမ်းပွင့်ကျေးရွာတွင် နေအိမ်လေးလုံးနှင့် မကျီးကုန်းကျေးရွာအုပ်စု ရှားပင်လှကျေးရွာတွင် နေအိမ်တစ်လုံးနှင့် ဓမ္မာရုံအဆောက်အအုံတစ်လုံး၊ ထန်းခြံကျေးရွာတွင် နေအိမ်တစ်လုံး၊ မုံကမ်းကျေးရွာတွင် နေအိမ်တစ်လုံးတို့ အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လေဘေးသင့် ကျေးရွာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များသွားရောက်၍ သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်ချိတ်ဆက်ကာ လိုအပ်သည်များ ကူညီပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအနီး မလတ်တောင်မြေပြိုမှုကြောင့် သေဆုံးသူ ၅၉ ဦးရှိ

ပေါင် ဩဂုတ် ၁၂

မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအုပ်စု မိုင်တိုင်အမှတ် ၁၈၄/၅ မှ ၁၈၄/၆ အကြားရှိ မလတ်တောင် မြေသားပြိုကျမှုဖြစ်ပွားခဲ့သည့်ဖြစ်စဉ်တွင် ဩဂုတ် ၁၂ ရက် ညနေ ၈ နာရီအထိ သေဆုံးသူ ၅၉ ဦးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က အတည်ပြုပြောကြားခဲ့သည်။

တောင်မြေသားပြိုကျသည့်အထဲသို့ ပါဝင်သွားသော အိမ်ထောင်စု ၂၇ စုအတွက် ယနေ့အထိ ငွေကျပ်သိန်း ၅၀၀ ကျော်အလှူခံရရှိထားပြီးဖြစ်ရာ ကမ္ဘောဇဘဏ်တွင် အကောင့်တစ်ခုဖွင့်လှစ်ကာ အပ်နှံထားမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပမှ ထည့်ဝင်လှူဒါန်းနိုင်အောင် စီစဉ်ထားကြောင်း ဦးဇော်မိုးအောင်က ပြောသည်။

ထပ်မံပြောင်းရွှေ့ထား

အလားတူ ပေါင်မြို့နယ်တွင် တောင်မြေသားပြိုကျမှု ဖြစ်ပွားခဲ့သောနေရာ ခြောက်နေရာရှိ ဘေးပတ်ဝန်းကျင် နေအိမ်များမှ အိမ်ထောင်စုများအား ဆက်လက်ပြိုကျနိုင်သည့် အနေအထားရှိသေးသောကြောင့် ထပ်မံပြောင်းရွှေ့ထားကြောင်း သိရသည်။

ကိုဟိန်း(ပေါင်)

တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ရေလှောင်တမံ ၁၉ ခုတို့တွင် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများအနက် အချို့သော ရေလှောင်တမံများတွင် မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်မှတ်ထက် ကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျ စီးထွက်လျက်ရှိသည်။

ယနေ့တွင် သတ်မှတ်ကန်ရေပြည့်မှတ်ထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံ ၁၉ ခု ရှိသည်။ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသော ရေလှောင်တမံများမှာ လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘုတ်ရေလှောင်တမံတွင် ၂ ဒသမ ၆၀ ပေ ၊ ဖလမ်းမြို့နယ်ရှိ လိုင်ဗားရေလှောင်တမံတွင် ၀ ဒသမ ၅၀ ပေ၊ ကလေးမြို့နယ်ရှိ ရာဇဂြိုလ်ရေလှောင်တမံတွင် ၁ ဒသမ ၇၀ ပေ၊ အုတ်တွင်းမြို့နယ်ရှိ ရေသိုးရေလှောင်တမံတွင် ၀ ဒသမ ၁၀ ပေနှင့် မင်းရဲရေလှောင်တမံတွင် ၀ ဒသမ ၆၀ ပေ၊ ဖြူးမြို့နယ်ရှိ ငမြွေရေလှောင်တမံတွင် ၀ ဒသမ ၅၀ ပေနှင့် ဖြူးချောင်း ရေလှောင်တမံတွင် ၁ ဒသမ ၁၅ ပေ၊ စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင် တမံတွင် ၅ ဒသမ ၇၀ ပေ၊ ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံတွင် ၁ ဒသမ ၉၀ ပေ၊ ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝရေလှောင်တမံတွင် ၆ ဒသမ ၁၀ ပေ ၊ သထုံမြို့နယ်ရှိ ဝါးပါး ရေလှောင်တမံတွင် ၀ ဒသမ ၂၅ပေ၊ မော်လမြိုင်မြို့နယ်ရှိ ရွှေနတ်တောင်ရေလှောင်တမံတွင် ၁ ဒသမ ၅၀ ပေ၊ မုဒုံမြို့နယ်ရှိ အဇင်းရေလှောင်တမံတွင် ၀ ဒသမ ၆၀ ပေ၊ ကျောက်တော်မြို့နယ်ရှိ ပြိုင်းချောင်းရေလှောင်တမံတွင် ၁ ဒသမ ၁၀ ပေနှင့် ရှောက်ချောင်းရေလှောင်တမံတွင် ၀ ဒသမ ၄၀ ပေ၊ မင်းပြားမြို့နယ်ရှိ ဂရင်ဂျိုင်ရေလှောင်တမံတွင် ၀ ဒသမ ၁၀ ပေ၊ မြေပုံမြို့နယ်ရှိ တမန်းဒူးရေလှောင်တမံတွင် ၀ ဒသမ ၁၀ ပေ၊ အင်္ဂပူမြို့နယ်ရှိ နန်ကသူရေလှောင်တမံတွင် ၀ ဒသမ ၇၀ ပေနှင့် ကညင်ရေလှောင်တမံတွင် ၁ ဒသမ ၅၀ ပေ ရေများ ကျော်ကျလျက်ရှိသည်။

သတင်းစဉ်

အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် တွေ့ဆုံညှိနှိုင်း

ရန်ကုန် ဩဂုတ် ၁၂

အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ရန်ကုန်မြို့ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ရှေးဦးစွာ ဒုတိယဝန်ကြီးဒေါက်တာမြလေးစိန်က အကြိမ်(၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် အားလုံးဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း၊ မိမိတို့အားကစားနည်းများ၏ အားသာချက်၊ အားနည်းချက် ရှေ့ဆက်ဆောင်ရွက်ရမည့် အရှေ့တောင်အာရှ၏ မျှော်မှန်းချက်များကို ဝန်ကြီးဌာနအနေဖြင့် ကူညီရမည့်ကိစ္စရပ်များကို အဖွဲ့ချုပ်များက ပွင့်ပွင့်လင်းလင်းတင်ပြပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အကြိမ်(၃၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံမှ အားကစားနည်း ၅၆ မျိုးကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ အားကစားနည်း ၂၇ မျိုးကို ပဏာမလျာထားပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာအားကစားအဖွဲ့ချုပ်များအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်အတွင်း By Name / By Event များ အမြန်ဆုံးပေးပို့နိုင်ရေး၊ အားကစားနည်းအလိုက် မြန်မာအားကစားအဖွဲ့များ ယှဉ်ပြိုင်ရမည့်နေ့ရက်များနှင့် ပြိုင်ပွဲကျင်းပမည့်နေရာများ၊ တည်းခိုမည့် ဟိုတယ်များ၊ ပြိုင်ပွဲများကျင်းပရာတွင် လေးနေရာခွဲ၍ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ မြန်မာအားကစားအသင်းများ နိုင်ငံတကာနှင့် ပူးပေါင်းလေ့ကျင့်မှုသွားရောက်လေ့ကျင့်နိုင်ရေး လျာထားဆောင်ရွက်နေမှု အခြေအနေများအား ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမလျာထားသည့် အားကစားနည်း ၂၇ နည်းမှအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးများက မိမိတို့အားကစားသမားစခန်းသွင်းလေ့ကျင့်နေသည့်ကာလအတွင်း တိုးတက်မှုနှင့် အားနည်းချက်/အားသာချက် အခြေအနေများ၊ ပူးပေါင်းလေ့ကျင့်မှုပူးတွဲလေ့ကျင့်နိုင်ရေးအစီအစဉ်များ၊ နိုင်ငံခြားနည်းပြခန့်ထားတာဝန်ပေးနိုင်ရေး၊ ပြိုင်ပွဲကာလသုံးလကျော် အားကစားနည်းအလိုက် လေ့ကျင့်ရေးသုံးအသုံးအဆောင်ပစ္စည်းများ၊ ပြိုင်ပွဲအတွက် အထောက်အကူပြုပစ္စည်းများရရှိနိုင်ရေး အခြေအနေများကိုအဖွဲ့ချုပ်တာဝန်ရှိသူများကအသေးစိတ်ဆွေးနွေးတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြိုင်ပွဲနီးကပ်လာသည်နှင့်အမျှ အဖွဲ့ချုပ်များမှာလည်း ဝိုင်းဝန်းကူညီဆောင်ရွက်စေလိုကြောင်း၊ တင်ပြထားသည့် အားကစားအထောက်အကူပြုပစ္စည်းများ အချိန်မီရရှိနိုင်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ ဆီးဂိမ်းပြိုင်ပွဲအတွက် အဖွဲ့ချုပ်များအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အချက်အလက်များကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွင် မြန်မာအသင်း ဆီမီးဖိုင်နယ် တက်ရောက်

ရန်ကုန် ဩဂုတ် ၁၂

၂၀၁၉ အာဆီယံ ယူ- ၁၈ ပြိုင်ပွဲအုပ်စု (က) စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ဘရူနိုင်းအသင်းကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။

မြန်မာအသင်းမှ ထိုးဖောက်မှုကို ဘရူနိုင်းအသင်းမှ ဟန့်တားနေစဉ်။ ဓာတ်ပုံ-MFF

မြန်မာအသင်းသည် ဘရူနိုင်းအသင်းကို နှစ်ဂိုး- ဂိုးမရှိ ဖြင့် အနိုင်ရခဲ့ပြီး လက်ကျန်တစ်ပွဲအလိုတွင် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများစွာ ပြုလုပ်ခဲ့ပြီး ဘရူနိုင်းအသင်းကို ရင်ဆိုင်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးမသွင်းနိုင်သော်လည်း ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း ဂိုးရရန် ရုန်းကန်ခဲ့ရသည်။ ကစားသမားအပြောင်းအလဲ ပြုလုပ်ခဲ့သောကြောင့် မြန်မာအသင်းသည် ပုံစံကောင်းပြသနိုင်ခြင်း မရှိဘဲ ဂိုးသွင်းခွင့် ဖန်တီးနိုင်မှုတွင်လည်း အားနည်းခဲ့သောကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက အနိုင်ဂိုးရရန် တိုက်စစ်အားမြှင့်လာပြီး ၅၄ မိနစ်တွင် ပြည့်ဖြိုးအောင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားလာနိုင်ပြီး ၇၃ မိနစ်တွင် မိုးဆွေက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားသည်။

အုပ်စု(က) အခြားပွဲများတွင် အင်ဒိုနီးရှားအသင်းက လာအိုအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ တီမောအသင်းကဖိလစ်ပိုင်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အင်ဒိုနီးရှားနှင့် မြန်မာအသင်းတို့ လေးပွဲကစားလေးပွဲအနိုင်ရကာ ၁၂ မှတ်စီဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၁၄ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်ပြီး အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ညီမြတ်သော်တာ

Chinland အသင်း၏ နိုင်ပွဲကြောင့် တန်းဆင်းဇုန်ပြိုင်ပွဲ ပြန်လည်ပြင်းထန်လာဖွယ်ရှိ

ရန်ကုန် ဩဂုတ် ၁၂

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ တန်းဆင်းဇုန်မှ Chinland အသင်း နိုင်ပွဲရရှိခဲ့သည်။ Chinland အသင်းသည် ဟံသာဝတီအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

Chinland အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဇယားအောက်ဆုံးမှ အဆင့် (၁၁) နေရာသို့ တက်လှမ်းနိုင်ခဲ့ပြီး တန်းဆင်းဇုန်မှလွတ်ရန် မျှော်လင့်ချက် ပြန်လည်ရှင်သန်ခဲ့သည်။ Chinland အသင်း၏ နိုင်ပွဲကြောင့် တန်းဆင်းဇုန်ပြိုင်ပွဲမှာ ပိုမိုပြင်းထန်လာဖွယ်ရှိနေပြီး Chinland၊ ဒဂုံအသင်းတို့အပြင် Southern နှင့် ဇွဲကပင်အသင်းတို့ပါ ရုန်းကန်ရမည့်အနေအထား ဖြစ်သွားခဲ့သည်။ ဟံသာဝတီအသင်းသည် ယခုပွဲ အရှုံးကြောင့် အဆင့် (၄) နေရာအတွက် ဖိအားများသွားခဲ့သည်။ ပထမပိုင်း ၂၂ မိနစ်တွင် Chinland အသင်းဂိုးစရခဲ့ပြီး ထောင့်ကန်ဘောကို နောက်ခံလူဂျော်ဂျီက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းသည် ချေပဂိုးပြန်ရရန် မတ်ခ်အပါအဝင်ကစားသမားများ အပြောင်း အလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သည်။ ၆၃ မိနစ်တွင် Chinland အသင်း ဂိုးထပ်ရခဲ့ပြီး မန်ထိပ်ပေါင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၂၀) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၀ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၃၉ မှတ်၊ ရောဝတီအသင်းက ၃၈ မှတ်၊ ဟံသာဝတီအသင်းက ၃၂ မှတ်၊ ရခိုင်အသင်းက ရမှတ် ၃၀၊ ရတနာပုံအသင်းက ၂၉ မှတ်၊ စစ်ကိုင်းအသင်းက ၂၇ မှတ်၊ မကွေးအသင်းက ၂၄ မှတ်၊ Southern အသင်းက ၁၉ မှတ်၊ ဇွဲကပင်အသင်းက ၁၈ မှတ်၊ Chinland အသင်းက ၁၆ မှတ်၊ ဒဂုံအသင်းက ၁၄ မှတ် ရရှိထားသည်။

ညီမြတ်သော်တာ

မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်က ၂၀၁၈ ခုနှစ်အတွက် အကောင်းဆုံးအားကစားထူးချွန်ဆုများ အောက်တိုဘာလတွင် ချီးမြှင့်သွားမည်

ရန်ကုန် ဩဂုတ် ၁၂

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်က ၂၀၁၈ ခုနှစ်အတွက် အကောင်းဆုံးအားကစားထူးချွန်ဆုများကို အောက်တိုဘာလတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည် ။

"ကျွန်တော်တို့ အားကစားထူးချွန်ဆုနဲ့ သက်ကြီးအားကစားကလောင်ရှင်များကို ကန်တော့တာ နှစ်စဉ်ပြုလုပ်နေကျပါ။ ထူးချွန်ဆုအနေနဲ့ နည်းပြရယ်၊ အသင်းလိုက်ရယ်၊ အခြားဆုရသင့်တယ်လို့ ယူဆသူတွေရယ်ကို ဆိုင်ရာအဖွဲ့ချုပ်တွေကိုအဆိုပြုစာရင်းတင်ခိုင်းမှာပါ။ အဲဒီထဲကရသင့်တယ်လို့ EC ကဆုံးဖြတ်ရင်ပေးပါမယ်။ မဖြစ်မနေကတော့ အမျိုးသား အမျိုးသမီးအကောင်းဆုံးဆုနှစ်ဆုကို ချီးမြှင့်မယ်။ ကျန်တဲ့ဆုတွေကတော့ပေးလို့ရတဲ့နှစ်မှာ ပေးခဲ့ပါတယ်။ မရရင် မပေးပါဘူး။ ပုံသေမရှိပါဘူး" ဟု မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက ပြောသည်။ "အဖွဲ့ချုပ်အနေနဲ့ ပြောရရင် အားကစားမြင့်မားနေဖို့ဆိုရင် မျိုးဆက်သစ် ကစားသမားတွေ လိုတယ်။ စာသင်ကျောင်းတွေမှာ သရုပ်ပြပွဲအားကစားဟောပြောပွဲတွေ စည်းရုံးနိုင်ရမယ်၊ သိမ်းသွင်းနိုင်ရမယ်။ အရင်အားကစားကလောင်ရှင်များအဖွဲ့ချုပ်တုန်းကလည်း လုပ်ခဲ့ပါတယ်။ ဒါကြောင့် ကျောင်းသားကျောင်းသူတွေမျိုးဆက်သစ်ရဖို့အတွက် ရန်ကုန်မှာ စတင်လုပ်မယ်။ ပြီးရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လုပ်သွားမယ်။ အားကစားအဖွဲ့ချုပ်များနဲ့လည်း ထိတွေ့ဆက်စပ်နေဖို့က အဖွဲ့ချုပ်ရဲ့ တာဝန်ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ အကောင်းဆုံးအမျိုးသား အမျိုးသမီးအားကစား ထူးချွန်ဆုများကို ၂၀၀၃ ခုနှစ်ကစ၍ နှစ်စဉ်ချီးမြှင့်ခဲ့သည်။ မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ် မတ် ၁၀ ရက်က အလုပ်အမှုဆောင် ၁၈ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အသင်းဝင် ၈၀ ခန့်ရှိကြောင်း သိရသည်။

အေးကေလင်း

(၁၂)ကြိမ်မြောက် အာဆီယံကင်ဒိုပြိုင်ပွဲတွင် မြန်မာ ငွေတစ်ခုရရှိ

ရန်ကုန် ဩဂုတ် ၁၂

(၁၂)ကြိမ်မြောက် အာဆီယံကင်ဒိုပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဩဂုတ် ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ရာ မြန်မာအသင်း ငွေတစ်ခုဆွတ်ခူးရရှိခဲ့သည်။ အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းမှ စည်သူမင်းအောင်က ငွေတံဆိပ်ရရှိပြီး အေးမင်းသန်းနှင့် ရှင်းသန့်သူရတို့က အကောင်းဆုံးကစားသမား ၁၆ ဦး စာရင်းဝင်ခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှနိုင်ငံမှ အားကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာအသင်းအနေဖြင့် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာအသင်းတွင် အဖွဲ့ခေါင်းဆောင်ဂျပန်နည်းပြ တာဒါယူကီ ဒီဇာကီ၊ မန်နေဂျာအဖြစ် တာကာဘာ၊ နည်းပြ တိုရူကီမူရာနှင့် အားကစားသမားခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဗလစိုး

မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

နေပြည်တော် ဩဂုတ် ၁၂- မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ဝေါမြို့ပေါ်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

ဝေါ သြဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၊ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီခွဲက ဝေါမြို့ပေါ်တွင် ဖွင့်လှစ်ထားရှိသော ဘူတာရုံကယ်ဆယ်ရေးစခန်းနှင့် ကန်တော်ကြီးကျောင်းဓမ္မာရုံရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ ခြောက်လအောက်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ဆေးဖိုးထောက်ပံ့ငွေနှင့် ရေဘေးသင့်ပြည်သူများအတွက် ရိက္ခာထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သစ်စက်ရပ်ကွက် ဘူတာရုံတွင် ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး စားသောက်နေထိုင်မှုအခြေအနေ၊ ကျန်းမာရေးအခြေအနေများကို မေးမြန်းကြည့်ရှုကာ အားပေးစကားပြောကြားပြီး အဆိုပါစခန်းရှိ အိမ်ထောင်စု ၅၅ စု၊ လူဦးရေ၂၄၁ ဦး ဆန်ရိက္ခာဖိုး ငွေကျပ် ၆၀၂၅၀၀၊ ကိုယ်ဝန်ဆောင်မိခင်ငါးဦးနှင့် ခြောက်လအောက်ကလေး ၁၂ ဦးအတွက် ဆေးဖိုးထောက်ပံ့ငွေကျပ် ၃၄၀၀၀၀ တို့အား ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ကန်တော်ရပ်ကွက် ကန်တော်ကြီးကျောင်းဓမ္မာရုံ၌ ဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး အဆိုပါ စခန်းရှိ အိမ်ထောင်စု ၁၆ စု လူဦးရေ ၉၉ ဦးအတွက် ဆန်ရိက္ခာဖိုး၊ ကိုယ်ဝန်ဆောင်မိခင်နှစ်ဦး၊ ခြောက်လအောက်ကလေးငယ်တစ်ဦးတို့အတွက် ဆေးဖိုးထောက်ပံ့ငွေကျပ် ၃၀၇၅၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝေါမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးနစ်မြုပ်မှုကြောင့် မြို့ပေါ်တွင် အေးချမ်းသာယာရပ်ကွက် ဒီဃာယုဆွမ်းလောင်းဓမ္မာရုံကယ်ဆယ်ရေးစခန်း၊ သစ်စက်ရပ်ကွက် ဘူတာရုံကယ်ဆယ်ရေးစခန်း၊ ကန်တော်ရပ်ကွက် ကန်တော်ကြီးကျောင်းဓမ္မာရုံကယ်ဆယ်ရေးစခန်းနှင့် အရှေ့ဘက်ကမ်းရပ်ကွက် ကြံ့ဖွံ့(ဘ/က)ကျောင်းဓမ္မာရုံ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အိမ်ထောင်စု ၁၂၉ စု လူဦးရေ ၅၉၄ ဦး ကယ်ဆယ်ရေးစခန်းများတွင် ရောက်ရှိနေကြောင်း သိရသည်။

အောင်မြတ်လင်း (မြို့နယ်/ပြန်ဆက်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ဝေါမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်စဉ်။

မြန်မာ့ရုပ်မြင်သံကြား

၁၃-၈-၂၀၁၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - သွေးလွှန်တုပ်ကွေးရောဂါ ပြင်းထန်လက္ခဏာများ
- ၈း၄၅ - "လူငယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း"(လူငယ်ရေးရာမူဝါဒ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်း)
- ၉း၁၅ - FDA စကားဝိုင်း "ခါတုပစ္စည်းဆိုးဆေးနှင့် အစားအစာအကြောင်းသိကောင်းစရာ"
- ၁၀း၃၅ - ဥပဒေရေးရာအဖြာဖြာ "သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအကြောင်းသိကောင်းစရာ"(အပိုင်း-၂)
- ၁၁း၅၅ - အခြေအနေအချိန်အခါမရွေး သက်ငယ်မုဒိမ်းမှုဖြစ်ပွားနိုင်သည်ကိုသတိပြုပါ
- ၁၂း၃၀ - မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ
- ၁၃း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (၁) "လင်းထိုက်ယုဖခင်နှင့်ခွဲခွာ၍ ရွှေမြို့တော်သို့သွားခြင်း"(၁)
- ၁၄း၀၀ - Yes or No Talk Show

ညပိုင်း

- ၁၆း၅၀ - မြေပြိုမှုဖြစ်ပေါ်နေချိန်တွင် ပြုလုပ်ရန်အချက်များ
- ၁၇း၅၅ - ရေကြီးရေလျှံမှုအတွက် ဘာတွေပြင်ဆင်ထားနိုင်မလဲ
- ၁၈း၂၀ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော်-Rဇာနည်)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (၁) "လင်းထိုက်ယုဖခင်နှင့်ခွဲခွာ၍ ရွှေမြို့တော်သို့သွားခြင်း"(၂)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - ရေကြီးပြီးနောက်ပြုလုပ်ရန် အချက်များ
- ၂၀း၃၅ - စီးပွားရေးစကားဝိုင်း "လျှင်မြန်ပြုပြင် မြန်ပြည်တစ်ခွင်" (ဒုတိယပိုင်း)
- အနုပညာခန်းရိပ်သာ "သဘင်အနုပညာရှင် ဦးနန်းဝင်းနှင့် တွေ့ဆုံခြင်း"

သီပေါမြို့နယ် နမ့်အွန်ကျေးရွာအနီး နွားများတင်ဆောင်လာသည့် ယာဉ်တစ်စီး သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

သီပေါ သြဂုတ် ၁၂

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကွန်ခိုက်ကျေးရွာအုပ်စု နမ့်အွန်ကျေးရွာအနီး မန္တလေး-သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၄၇/၄-၅)ကြားတွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲခန့်က နွားများတင်ဆောင် မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီး သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာ ရရှိကြောင်း သိရသည်။

မန္တလေးမှ မူဆယ်သို့ ချစ်မမမောင်ကုမ္ပဏီမှ နွားများတင်ဆောင်လာသည့် ယာဉ်မောင်း ဇော်ထွန်း မောင်းနှင်ပြီး အောင်မြင့်၊ ဝင်းစိုးတို့နှစ်ဦး လိုက်ပါလာသော5P/....... ယာဉ်ကို လားရှိုးမှ သီပေါဘက်သို့ ဆိုင်ကယ်ဖြင့် မောင်းနှင်လာသော လူနှစ်ဦးက အခင်းဖြစ်နေရာ၌ ရပ်တန့်စေခဲ့သည်။

သေနတ်ဖြင့် ပစ်ခတ်ခံရသည့်ယာဉ်ကို တွေ့ရစဉ်။

ထို့နောက် ယာဉ်မောင်းအား ကားပေါ်မှဆင်းခိုင်း၍ အသင့်ပါလာသည့် ပစ္စတို သေနတ်ဖြင့်ပစ်ခတ်ကာ ဆိုင်ကယ်ပေါ်ပါ နောက်တစ်ဦးကလည်း ကားခေါင်းခန်းတွင်ပါသော နွားထိန်းအောင်မြင့်အား ထပ်မံ၍ သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ဆက်လက်၍ ကားခေါင်မိုးပေါ်ရှိ စိုးဝင်းအား သေနတ်ဖြင့် ပစ်ခတ်ရာ ဝမ်းလျားမှောက် ရှောင်တိမ်းခဲ့သဖြင့် ထိခိုက်ခြင်းမရှိခဲ့ပေ။

အောင်မြင့်မှာ ဒဏ်ရာများဖြင့် သေဆုံးသွားပြီး ယာဉ်မောင်း ဇော်ထွန်းမှာ ဝမ်းဗိုက်ဒဏ်ရာများ (စိုးရိမ်ရ) ရရှိသဖြင့် နယ်စည်းမခြား ပရဟိတ မော်တော်ယာဉ်ဖြင့် သီပေါ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အခင်းဖြစ်ပွားရာသို့ တပ်မတော် စစ်ကြောင်းမှ လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ဟိုပင်မြို့တွင် ငွေကျပ် သိန်း၂၀ လုယူထွက်ပြေးသူကို ဖမ်းဆီးရမိ

ဟိုပင် သြဂုတ် ၁၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့တွင်အမျိုးသမီးတစ်ဦးထံမှ ငွေကျပ်သိန်း၂၀ ပါသော ပိုက်ဆံအိတ်ကို လုယူထွက်ပြေးသူအား ဟိုပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သြဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီခန့်က ဟိုပင်မြို့တကွင်းကျေးရွာနေ ဒေါ်ခင်ထွေးမေ(ခ)မထွေးသည် ဟိုပင်မြို့ မြသီတာရပ်ကွက်၌ ခေါက်ဆွဲဝယ်စဉ် ၎င်း၏ ငွေကျပ်သိန်း ၂၀ နှင့် ဖုန်းတစ်လုံး ထည့်ထားသော ပိုက်ဆံအိတ်ကို လူတစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် လုယူထွက်ပြေးသွားသဖြင့် ဟိုပင်နယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးစောဖိုးထူးနှင့် နယ်မြေရဲစခန်းခေတ္တစခန်းမှူး ဒုရဲအုပ်ဇော်မျိုးဦးနှင့် တပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ လုယက်မှုကျူးလွန်သူသည် ၂၀၁၆ ခုနှစ်က ဟိုပင်နယ်မြေရဲစခန်း၏ (ပ) ၃၂/ ၂၀၁၆ ပုဒ်မ ၃၈၂ အမှုဖြင့် ထောင် သုံးနှစ်ကျခဲ့ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလကလွတ်မြောက်ခဲ့သော အောင်ဖြိုးခန့်(ခ)ဂျုံးဂျုံးဆိုသူဖြစ်နိုင်ကြောင်း စုံစမ်းသိရှိခဲ့သည်။ ထို့ကြောင့် ယမန်နေ့ညနေပိုင်းက ၎င်း၏နေထိုင်ရာ ဟိုပင်မြို့ မြဇေယျာရပ်ကွက်ရှိ နေအိမ်တွင် အောင်ဖြိုးခန့် (ခ) ဂျုံးဂျုံးအား စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ဟိုပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

၀၇၈

ရွှေလင်ပန်းစက်မှုဇုန်ရှိ ထူးသစ်အစာတောင့်စက်ရုံ မီးလောင်မှုဖြစ်

ရန်ကုန် သြဂုတ် ၁၂

လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ဆိပ်ကမ်းသာလမ်းရှိ ထူးသစ်အစာတောင့်စက်ရုံမှ သြဂုတ် ၁၁ ရက် ည ၉ နာရီ မိနစ် ၅၀ တွင် မီးလောင်မှုဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးဝင်းနှင့် မြောက်ပိုင်းခရိုင်မီးသတ်ဦးစီးမှူး၊မြို့နယ်မီးသတ်ဦးစီးမှူးတို့ ဦးစီး၍ မီးသတ်ယာဉ်အစီး ၃၀၊ ရေသယ်ယာဉ်ခြောက်စီး၊ အုပ်ချုပ်မှုယာဉ် လေးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ည ၁၀ နာရီ ၄၂ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် အလျားပေ ၁၁၀၊ အနံ ပေ ၁၄၀ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ စတီးစတွာချာ အဆောက်အအုံတစ်လုံး၊ ပီနံအိတ်ခွံပေါင်း သုံးသောင်း၊ ပုစွန်ဖွဲ့အိတ် ၂၀၀၊ သစ်သားခုံအလုံး ၁၀၀မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်ရခြင်းအကြောင်းရင်းမှာ ဂိုထောင်အတွင်း သုံးစွဲထားသော ဆလိုက်မီး လွန်ကဲစွာအသုံးပြုရာမှ အပူလွန်ကဲပြီး ဂိုထောင်အတွင်းရှိ ပီနံအိတ်နှင့် ဖွဲ့အိတ်များမှတစ်ဆင့် မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မီးလောင်မှုကြောင့် အစာတောင့်စက်ရုံ ဂိုဒေါင်တာဝန်ခံ ဦးဟန်လင်းထွဋ် (၃၅ နှစ်) အား လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မြို့မစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

သန်းထိုက်

ကွမ်းလုံမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုကြောင့် နှစ်ဦးသေ၊ သုံးဦး ဒဏ်ရာရ

ကွမ်းလုံ သြဂုတ် ၁၂

ရှမ်းပြည်နယ် ကွမ်းလုံမြို့နယ် ကွမ်းလုံ-သိန်းနီကားလမ်း မိုင်တိုင်(၄၃/၅-၆)ကြား၌ ယမန်နေ့ ညနေ ၅ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ကာ လူနှစ်ဦးသေ၊ သုံးဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ကြောင်း သတင်းအရ ကွမ်းလုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သိန်းနီမြို့ဘက်မှ ကွမ်းလုံမြို့ဘက်သို့ ကွမ်းလုံမြို့နယ် တံတားဦးကျေးရွာနေ ကျန်ချင်ဖိတ် (၄၂ နှစ်) မောင်းနှင်လာသော YGN 1D/----မတ်တူးယာဉ်သည် အရှိန်လွန်ကာ တစ်ဖက်ယာဉ်ကြောရှိ အနက် ပေ ၃၅၀ ခန့် ချောက်အတွင်းသို့ ထိုးကျခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ကျန်ချင်ဖိတ်နှင့် ၎င်း၏သားရဲဝင်းအောင် (၁၂နှစ်) တို့မှာ ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး မစန္ဒာအောင်(၃၇နှစ်) ပါ အမျိုးသမီးသုံးဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ကျန်ချင်ဖိတ်အား ကွမ်းလုံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

လားရှိုးမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် သြဂုတ် ၁၂

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၁၁ ရက်က လားရှိုးမြို့နယ် မန်အိုင်ကျေးရွာအုပ်စု လွယ်လောင်ကျေးရွာနေ ဒေါ်ကျိန်အားလန်၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၁၇၅ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၆၀ နှင့် ငွေကျပ် ၆၉၃၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ထို့အတူ လားရှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ် (၁၂) ရပ်ကွက်နေ လောက်တီ(ခ)လောက်ပိန်းပြောင်းခြံအတွင်း ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စိုင်းဖောင်ခမ်း၊ လောက်ဟွာ (ခ) အားပေါက်တို့အား တွေ့ရှိပြီး လောက်တီ (ခ) လောက်ပိန်းထံမှ အိုက်စ် ၅ ဂရမ်၊ ဘိန်းဖြူ ၀ ဒသမ ၃ ဂရမ်တို့အားလည်းကောင်း၊ စိုင်းဖောင်ခမ်းထံမှ ဘိန်းဖြူ ၀ ဒသမ ၃ ဂရမ် အားလည်းကောင်း၊ လောက်ဟွာ(ခ) အားပေါက်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၃၀၊ အိုက်စ် ၁၃၀ ဂရမ်၊ ငွေကျပ် ၂၀၀၀၀ အားလည်းကောင်း၊ ခြံရှေ့မြေကွက်လပ်တွင် ရပ်တန့်ထားသည့် ဆိုင်ကယ်နှစ်စီးနှင့် JAC အမျိုးအစား ခြောက်ဘီးမော်တော်ယာဉ်အား တွေ့ရှိရသဖြင့် ဆက်လက်ရှာဖွေရာ အိုက်စ် ၄၈၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၉၀ အားလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

တောမှဲ့မြေသား၊ ရေတိုက်စား၏။
ဥတုရာသီ၊ တောကိုမှီ၏

ဟောင်ကောင်လေဆိပ်၌ ဆန္ဒပြသူများစုဝေးမှုကြောင့် လေကြောင်းခရီးစဉ်များအားလုံးကို ဖျက်သိမ်း

ဟောင်ကောင်လေဆိပ်၌ ဆန္ဒပြနေကြသည့် လူငယ်များကို တွေ့ရစဉ်။

ဟောင်ကောင် ဩဂုတ် ၁၂

ဟောင်ကောင်လေဆိပ်၌ ဆန္ဒပြပြည်သူ ၅၀၀၀ကျော်တို့ စုဝေးရောက်ရှိနေမှုကြောင့် လေဆိပ်ရှိ ပြည်တွင်းနှင့်ပြည်ပလေကြောင်း ခရီးစဉ်များအားလုံးကို ဖျက်သိမ်းလိုက်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့က ဆန္ဒပြစုဝေးမှုပြုလုပ်ရန် ခွင့်ပြုချက်မပေးထားသော်လည်း ဆန္ဒပြပြည်သူများအား လေဆိပ်ရှိ ဆိုက်ရောက်ခန်းမများအတွင်း၌ စုဝေးရန် အာဏာပိုင်များက ခွင့်ပြုခဲ့ကြောင်း သိရသည်။ ဆန္ဒပြတက်ကြွလှုပ်ရှားသူအချို့သည် ခရီးသည်များ ထွက်ခွာရာခန်းမဆီသို့ ဝင်ရောက်ခဲ့သည့်အတွက် ခရီးသည်များကို အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း ရဲတပ်ဖွဲ့ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးဖြစ်သူ ကုန်ဝင်ချောင်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ဒီမိုကရေစီထောက်ခံသည့် ဆန္ဒပြပြည်သူများသည် ဟောင်ကောင်လေဆိပ်၌ ဩဂုတ်၉ ရက်ကတည်းကစတင်ကာ သုံးရက်ကြာ ထိုင်သပိတ်ဆင်နွှဲခဲ့ကြသည်။ သို့သော်လည်း ဟောင်ကောင်မြို့အနှံ့အပြားတွင် ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများအကြား ထိပ်တိုက်ရင်ဆိုင်တွေ့မှုများနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများ မကြာခဏဖြစ်ပွားခဲ့ပြီးနောက် ဩဂုတ် ၁၂ ရက်တွင် ဆန္ဒပြလှုပ်ရှားသူအရေအတွက် သိသိသာသာလျော့ကျသွားခဲ့ကြောင်းသိရသည်။

အေအက်ဖ်ပီ

ကုန်သွယ်ရေးဆိုင်ရာ ယုံကြည်စိတ်ချရသည့် နိုင်ငံများစာရင်းမှ ဂျပန်ကို ဖယ်ရှားမည်

တိုကျို ဩဂုတ် ၁၂

တင်ပို့ကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ဦးစားပေးပါဝင်သည့် ထိပ်တန်းနိုင်ငံများစာရင်းမှ ဂျပန်နိုင်ငံကို ဖယ်ရှားရန် စီစဉ်လျက်ရှိကြောင်း တောင်ကိုရီးယားနိုင်ငံက ပြောကြားလိုက်သည်။

ကုန်သွယ်ရေး ဝန်ကြီးဌာနသည် တင်ပို့ကုန်ဆိုင်ရာ ထိန်းချုပ်မှုများကို ပိုမိုစည်းကမ်းတင်းကျပ်ရန် လိုအပ်သည့် စာရင်းအသစ်၌ ဂျပန်နိုင်ငံကို ထားရှိသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီး ဆန်ယွမ်မိုက ဩဂုတ် ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ အစီအစဉ်အရ နိုင်ငံပေါင်း ၂၉ နိုင်ငံပါဝင်သည့် တောင်ကိုရီးယား၏ ယုံကြည်စိတ်ချရသည့် ကုန်သွယ်ရေးမိတ်ဖက်များစာရင်းမှ ဂျပန်နိုင်ငံကို ဖယ်ရှားတော့မည်ဖြစ်ကြောင်း သိရသည်။ ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကို ဂျပန်နိုင်ငံသို့ သင်္ဘောဖြင့် ပို့ဆောင်ရာတွင် စာရွက်စာတမ်းအထောက်အထားများ ယခင်က ထက်ပိုမိုလျှောက်ထားရန် လိုအပ်မည်ဖြစ်ပြီး စစ်ဆေးမှုဖြစ်စဉ်မှာလည်း ပိုမိုကြာမြင့်နိုင်မည်ဟု ခန့်မှန်းရသည်။

တင်ပို့ကုန်ဆိုင်ရာ အခြေခံစည်းမျဉ်းများကို မကြာခဏချိုးဖောက်နေသော သို့မဟုတ် မှန်ကန်သင့်လျော်မှုမရှိသည့် စနစ်တစ်ခုကို ဆောင်ရွက်နေသည့် နိုင်ငံတစ်ခုနှင့် နီးကပ်စွာ အလုပ်လုပ်ကိုင်ရန် မလွယ်ကူသည့်အတွက် တင်ပို့ကုန်ဆိုင်ရာ ထိန်းချုပ်မှု မူဘောင်တစ်ခုကို တောင်ကိုရီးယားနိုင်ငံက စတင်ဆောင်ရွက်ရန် လိုအပ်လာကြောင်း ကုန်သွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

စာရင်းအသစ် ခွဲခြားသတ်မှတ်မှုကို လာမည့် ရက် ၂၀ ကျော်အကြာတွင် ပြည်သူလူထုထံမှ သဘောထားဆန္ဒကောက်ယူမှုပြုလုပ်ပြီးနောက် စက်တင်ဘာလတွင် စတင်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။ ပြီးခဲ့သည့် ဩဂုတ် ၂ ရက်က ဂျပန်အစိုးရသည် ရိုးရှင်းသော တင်ပို့ကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ပါဝင်သည့်နိုင်ငံများစာရင်းမှ တောင်ကိုရီးယားကိုဖယ်ရှားမည့်အစီအစဉ်ကို အတည်ပြုကြောင်း ကြေညာခဲ့သည်။ **အေအက်ဖ်ပီ**

ဂျာမနီနိုင်ငံမှအကူအညီများ မလိုအပ်ဟု ဘရာဇီးပြော

အမေဇုန်မိုးသစ်တောအတွင်း သစ်တောပြုန်းတီးမှုများကို တွေ့ရစဉ်။

ရီယိုဒီဂျနေရိုး ဩဂုတ် ၁၂

ဘရာဇီးသမ္မတ ဂျီအာဘောဆွန်နယ်ရိုသည် ဩဂုတ် ၁၁ ရက်က ဂျာမနီနိုင်ငံမှ အကူအညီများ မလိုအပ်ဟု ပြောကြားခဲ့သည်။ အမေဇုန်သစ်တောကြီးကို ထိန်းသိမ်းကာကွယ်ရေးအတွက် ရည်ရွယ်ကာ အကူအညီများ ပေးအပ်နေသည်ကို ဂျာမနီဘက်မှ ဖြတ်တောက်တော့မည်ဟု ကြေညာပြီးသည့်နောက် ဘရာဇီးဘက်မှ ယခုလို တုံ့ပြန်ပြောဆိုလိုက်ခြင်းဖြစ်သည်။ "ဘရာဇီးဟာ ဂျာမနီဆီက အကူအညီတွေ မလိုအပ်ပါဘူး" ဟု ဘရာဇီးသမ္မတက သတင်းထောက်များကို ပြောသည်။

ဘရာဇီးနိုင်ငံ၏ သစ်တောထိန်းသိမ်းရေးနှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်အတွက် ယူရို ၃၅ သန်း ဂျာမနီက ဘရာဇီးကိုပေးအပ်ရန်ရှိသော်လည်း ယင်းအစီအစဉ်ကို ပယ်ဖျက်လိုက်ရန်စီစဉ်ထားသည်ဟု ဂျာမနီဘက်မှ ဩဂုတ် ၁၀ ရက်က ပြောကြားခဲ့သည်။ ဘရာဇီးအစိုးရ၏ အမေဇုန်သစ်တောထိန်းသိမ်းရေးမူဝါဒမှာ သံသယဖြစ်ဖွယ်များပေါ်ပေါက်လာကြောင်း၊ သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်ရေး နှုန်းထားမှာလည်း ယခင်အတိုင်းပဲရှိနေပြီး ဆက်လက်လျော့ကျလာခြင်းမရှိဟု ဂျာမနီသဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီး ဆယ်ဗင် ဂျာရှို့က ပြောသည်။

အမေဇုန်ရန်ပုံငွေသည် ၂၀၀၈ ခုနှစ်မှ စတင်ကာ အမေဇုန်သစ်တောကြီးအတွင်း သစ်တောပြုန်းတီးခြင်းကို နှိမ်နင်းရန်၊ စောင့်ကြည့်ရန်နှင့် အကာအကွယ်ပေးရန်တို့အတွက် ရည်ရွယ်ကာတည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဓိက ထောက်ပံ့ပေးသည့် နိုင်ငံများမှာ နော်ဝေနှင့် ဂျာမနီတို့မှဖြစ်ပြီး အဆိုပါနှစ်နိုင်ငံသည် ရန်ပုံငွေမှ နုတ်ထွက်တော့မည်ဟု ခြိမ်းခြောက်ခဲ့သည်။

နော်ဝေနိုင်ငံသည် လွန်ခဲ့သည့်နှစ်ကလည်း ဘရာဇီးသို့ ပေးအပ်မည့် ရန်ပုံငွေကို ထက်ဝက်လျှော့ချခြင်း သို့မဟုတ် အလုံးစုံ ရုပ်သိမ်းခြင်းတို့ ပြုလုပ်မည်ဟု သတိပေးခဲ့သည်။

ဆင်ဟွာ

နီပေါနိုင်ငံတွင် ငလျင်ကြောင့် ပျက်စီးခဲ့ရသည့် အမွေအနှစ်ဒေသများ ၄၀ ရာခိုင်နှုန်းပြင်ဆင်ပြီးသွားပြီဖြစ်

ခတ္တမန္ဒူ ဩဂုတ် ၁၂

နီပေါနိုင်ငံတွင် ၂၀၁၅ ခုနှစ်က လှုပ်ခဲ့သည့် ငလျင်ကြောင့် ပျက်စီးသွားရသည့် ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ် အထိမ်းအမှတ်များကို ပြန်လည်တည်ဆောက်လျက်ရှိရာလုပ်ငန်းများ ၄၀ ရာခိုင်နှုန်းအထိ ပြီးစီးသွားပြီဟု အမျိုးသားပြန်လည်တည်ဆောက်ရေးအာဏာပိုင်အဖွဲ့ (အင်န်အာအေ)က ပြောသည်။

သဘာဝဘေးကြောင့် ပျက်စီးခဲ့ရသည့် ယဉ်ကျေးမှုအမွေအနှစ် စုစုပေါင်း ၈၉၁ နေရာရှိရာမှ နေရာပေါင်း ၃၈၀တွင် ပြန်လည်တည်ဆောက်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း အင်န်အာအေက သတင်းထုတ်ပြန်ထားသည်။

အဆိုပါအထိမ်းအမှတ်နေရာများ၌ ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လေးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၆၆ သန်း အသုံးပြုခဲ့ပြီးဖြစ်သည်။

ယဉ်ကျေးမှုအမွေအနှစ် နေရာများကို ပြန်လည်တည်ဆောက်မှုများအားသွန်ခွန်စိုက် ပြုလုပ်ခဲ့ကြောင်း၊ သို့သော် အခြားသောအခြေခံအဆောက်အအုံများဖြစ်သည့် စာသင်ကျောင်းများ၊ ဆေးရုံများ ဆောက်လုပ်သကဲ့သို့ ယဉ်ကျေးမှု အမွေအနှစ်များပြင်ဆင်ရာတွင်မူ လျင်မြန်ခြင်းမရှိကြောင်း အင်န်အာအေမှ ပြောရေးဆိုခွင့်ရှိသူ ပီတမ်ဘာဂီမီရီက ဆင်ဟွာသို့ ပြောသည်။

အမွေအနှစ်နေရာများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ဆောင်ရာ၌ အခက်အခဲများစွာရှိကြောင်း၊ မူလအတိုင်း မပျက်အောင်ပြင်ဆင်ရသည်မှာ အဓိက စိန်ခေါ်မှုပင်ဖြစ်ကြောင်း၊ လုပ်သားများ၏ အနုပညာကျွမ်းကျင်မှု၊ ဗိသုကာပညာရပ်ကျွမ်းကျင်မှု၊ ရှေးမူမပျက်ဆောက်လုပ်ရမှုတို့သည်လည်း နောက်ထပ်စိန်ခေါ်မှုများဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရှေးဟောင်းသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် ဒါမိုဒါဂူတန်က ယဉ်ကျေးမှုအမွေအနှစ်နေရာ ၁၅၀ ခန့်ကို ယခုဘဏ္ဍာနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာငွေကြေးများကို ခွဲဝေပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

ဂျပန်နန်းတက်ပွဲအခမ်းအနားသို့ အမေရိကန် ဒုတိယသမ္မတ တက်ရောက်မည်

တိုကျို ဩဂုတ် ၁၂

အောက်တိုဘာလအတွင်း ကျရောက်မည့် ဂျပန်ဧကရာဇ် နာရူဟီတို၏ နန်းတက်ပွဲအခမ်းအနားသို့ တက်ရောက်ရန်အတွက် အမေရိကန်ဒုတိယသမ္မတမိုက်ပန့်စ် ဂျပန်နိုင်ငံသို့ သွားရောက်ရေးပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု သိရသည်။ အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပမည့်အဆိုပါပွဲသို့ အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ် တက်ရောက်နိုင်ရေး အမေရိကန်အစိုးရမှ ပြင်ဆင်မှုများ ပြုလုပ်နေသည်ဟု အမေရိကန်အရာရှိများနှင့် အခြားသော သတင်းအရင်းအမြစ်များက ပြောသည်။

မိုက်ပန့်စ်သည် လွန်ခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းကလည်း ဂျပန်နိုင်ငံသို့သွားရောက်ခဲ့သည်။ အမေရိကန်အမျိုးသားအာကာသကောင်စီမှ ဥက္ကဋ္ဌတစ်ဦးဖြစ်သည့် မိုက်ပန့်စ်သည် ဂျပန်အရာရှိကြီးများနှင့် တွေ့ဆုံကာ နှစ်နိုင်ငံအာကာသအစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ဆွေးနွေးသွားဖွယ်ရှိသည်။

အမေရိကန်သည် အင်္ဂါဂြိုဟ်ပေါ်သို့ အာကာသယာဉ် လွှတ်တင်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ မိုက်ပန့်စ်၏ ဂျပန်နိုင်ငံသို့ လာရောက်မည့်ခရီးစဉ်ကြောင့် နှစ်နိုင်ငံကြားဆက်ဆံရေးကို ပိုမိုအားကောင်းခိုင်မာလာစေမည်ဟု လေ့လာသူများက ပြောသည်။

အင်န်အိတ်ချ်ကေ

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်

ဂျာမနီက အမေရိကန်တပ်တွေတကယ်ပဲ ပြန်လည်ခေါ်ယူတော့မှာလား

ချိုးစန္ဒီနွေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ နေတိုးအဖွဲ့ဝင်နိုင်ငံများ ကာကွယ်ရေး အသုံးစရိတ် လုံလုံလောက်လောက်မထုတ်တာကို ခဏခဏ မကျေမနပ်ပြောဆိုသူပါ။

ပိုလန်တွင် တာဝန်ထမ်းဆောင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းက တွေ့ရစဉ်။

၇၀ ရာခိုင်နှုန်းနီးပါးကျခံပေးနေရ

ဥရောပတိုက်ကာကွယ်ရေးအတွက် ကျခံရမယ့်အသုံးစရိတ် ဝန်ထုပ်ဝန်ပိုးကို အမေရိကန်ကပဲ ကျခံဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ ထရမ့်ကယုံကြည်ထားပါတယ်။ နေတိုးအဖွဲ့ဆိုတာ လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀ ခန့်က ဆိုဗီယက်ယူနီယံရဲ့ ခြိမ်းခြောက်မှုကနေ ကာကွယ်ပေးနိုင်ဖို့ ဖွဲ့စည်းခဲ့တာလည်း ဖြစ်ပါတယ်။

အခုအခါမှာတော့အမေရိကန်ဟာ နေတိုးအဖွဲ့ဝင်နိုင်ငံများ အားလုံးရဲ့ကာကွယ်ရေးအသုံးစရိတ်အတွက် ၇၀ ရာခိုင်နှုန်းနီးပါး ကျခံပေးရသလို ဖြစ်နေပါတယ်။

အမေရိကန်က ခြိမ်းခြောက်

အခုအခါမှာလည်း ကာကွယ်ရေးအသုံးစရိတ်နဲ့ ပတ်သက်ပြီး မကျေနပ်မှုကြောင့် ဂျာမနီမှာချထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းတော့မယ်ဆိုပြီး အမေရိကန်ဘက်က ခြိမ်းခြောက်လာခဲ့ပါတယ်။ ကာကွယ်ရေးအသုံးစရိတ်နဲ့ ပတ်သက်ပြီး အင်ဂျလာမာကယ်အစိုးရနဲ့ အငြင်းပွားမှုဖြစ်ပေါ်ခဲ့တာပါ။ ဂျာမနီနိုင်ငံ ဘာလင်မြို့မှာရှိတဲ့ အမေရိကန်သံအမတ်ကြီး ရစ်ချက်ဂရီနေးက တကယ်လို့များ ဂျာမနီဟာ ကာကွယ်ရေးအသုံးစရိတ်အတွက် အရင်သဘောတူထားတဲ့ပမာဏဖြစ်တဲ့ ဂျီဒီပီရဲ့ ၂ ရာခိုင်နှုန်းကိုအသုံးမပြုသေးဘူးဆိုရင် ဂျာမနီမြေပေါ်မှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို ပြန်လည်ခေါ်ယူရလိမ့်မယ်လို့ သတိပေးပြောဆိုခဲ့ပါတယ်။

မကျေချမ်းစရာ

အမေရိကန်က အခွန်ထမ်းပြည်သူတွေဟာ ဂျာမနီမှာ တာဝန်ထမ်းဆောင်နေတဲ့ အမေရိကန်တပ်တွေအတွက် အခွန်ထမ်းနေချိန်မှာ ဂျာမနီကတော့ သူတို့ရဲ့ပိုလျှံငွေတွေကို ပြည်တွင်းအစီအစဉ်တွေမှာ အသုံးပြုပစ်တယ်။ ဒါဟာ တွေးကြည့်ရင် တကယ်ကို မကျေချမ်းစရာပါပဲလို့ မစ္စတာဂရီနေးက ဂျာမနီနိုင်ငံရဲ့ ဒီပီအေသတင်းအေဂျင်စီကိုပြောပါတယ်။

ဒီလိုမျိုးမှတ်ချက်ချပြောဆိုမှုကြောင့်လည်း နေတိုးမဟာမိတ်နိုင်ငံတွေနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ကြား တင်းမာမှုတွေ ပိုဖြစ်လာမှာကိုစိုးရိမ်နေကြရပါတယ်။ သမ္မတထရမ့်ကလည်း ဂျာမနီနိုင်ငံရဲ့ကာကွယ်ရေးအသုံးစရိတ်အတွက် ကျခံပေးမှုပမာဏကို မကျေနပ်နိုင်တာကလည်း အမှန်ပါပဲ။

အကြီးဆုံးတပ်ဖြန့်ချထားမှု

လက်ရှိမှာတော့ ဂျာမနီမှာ စခန်းချထားတဲ့ အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၁၇၀၀၀ ခန့်ရှိပြီး အမေရိကန်အရပ်သားထောက်ပံ့ပေးရေးဝန်ထမ်းကတော့ ၁၇၀၀၀ ခန့်ရှိပါတယ်။ ဒါဟာ ဥရောပမှာ အမေရိကန်ရဲ့ အကြီးမားဆုံးတပ်ဖြန့်ချထားခြင်းပဲ ဖြစ်ပါတယ်။ အရင်တုန်းက အနောက်ဂျာမနီဟာ ဆိုဗီယက်နဲ့ ရင်ဆိုင်ရာမှာ ရှေ့တန်းနေရာမှာရှိနေခဲ့ပြီး နေတိုးတပ်ဖွဲ့ရဲ့အဓိကကာကွယ်ရေး ရှေ့တန်းဖြစ်နေခဲ့ပါတယ်။ ဒါကြောင့်လည်း အမေရိကန်တပ်ဖွဲ့ဝင်အမြောက်အမြား ဂျာမနီမှာရှိနေခဲ့တာပါ။ အခုအခါမှာတော့ ဂျာမနီမှာအမေရိကန်တပ်ဖွဲ့ဝင်တွေရှိနေတာဟာ ဝန်ထုပ်ဝန်ပိုးတစ်ခုလို့ ထင်နေတဲ့ သံတမန်ပိုင်းဆိုင်ရာအရာရှိတွေကတော့ မစ္စတာဂရီနေးတစ်ယောက်တည်း မဟုတ်ခဲ့ပါဘူး။

ပိုလန်ကို ပြောင်းရွှေ့တော့မှာလား

ဝါဆောမြို့မှာရှိတဲ့ အမေရိကန်သံအမတ်ကြီး ဂျော်ဂျီရက်မော့စ်ဘက်ချာကလည်း ဂျာမနီမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့တွေ ပိုလန်ကိုပြောင်းဖို့ ရွေးချယ်တာမျိုးလည်း ဖြစ်နိုင်တယ်လို့ ပြောခဲ့ပါတယ်။ ပိုလန်နိုင်ငံဟာ နေတိုးအဖွဲ့ရဲ့ ရည်မှန်းချက် ဖြစ်တဲ့ ကာကွယ်ရေးအသုံးစရိတ်မှာဂျီဒီပီရဲ့ ၂ ရာခိုင်နှုန်းကို ပြည့်မီအောင်အသုံးပြု ပါတယ်။ ဒါပေမယ့် ဂျာမနီကတော့ သူ့ရဲ့ ဂျီဒီပီ ၂ ရာခိုင်နှုန်းပြည့်မီအောင် မသုံး သေးပါဘူး။ ဒါကြောင့် ဂျာမနီမှာရှိတဲ့ အမေရိကန်တပ်ဖွဲ့တွေ ပိုလန်ကိုပြောင်းလာဖို့ ဝမ်းပန်းတသာ ကြိုဆိုပါတယ်လို့ မစ္စ မော့စ်ဘက်ချာက တွစ်တာစာမျက်နှာပေါ်မှာ ရေးသားခဲ့ပါတယ်။

ကိုယ်တိုင်ကျခံသင့်

ဒီကိစ္စနဲ့ ပတ်သက်ပြီး ထရမ့်ဟာ ဇွန်လတုန်းက အရိပ်အမြွက် ပြောကြားထားတာမျိုးရှိပါတယ်။ ဇွန်လအတွင်းက ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဂျာမနီမှာ တာဝန်ချထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေထဲက ၁၀၀၀ ခန့်ကို ပိုလန်နိုင်ငံဆီ ပြောင်းရွှေ့ပြီးတပ်ဖြန့်ချထားမှုတွေ ပြုလုပ်ဖို့အစီအစဉ်ရှိတယ်လို့ ပြောခဲ့ဖူးပါတယ်။

သမ္မတထရမ့်ရဲ့ ပြောဆိုမှုဟာလည်း မှန်ကန်သလို မော့စ်ဘက်ချာရဲ့ ပြောစကားဟာလည်း မှန်ကန်ပါတယ်လို့ မစ္စတာဂရီနေးက ဩဂုတ် ၉ ရက်က ပြောကြားခဲ့ပါတယ်။ အရင်သမ္မတတွေတုန်းကလည်း ဥရောပမှာ ကြီးမားကျယ်ပြန့်တဲ့ စီးပွားရေးရှိတဲ့အတွက် ကိုယ်ပိုင်ကာကွယ်ရေးအသုံးစရိတ်ကို ကိုယ်တိုင်ကျခံသင့်တယ်လို့ ပြောခဲ့ကြပါတယ်။

ဒေါသထွက်ရစမြဲ

ဂျာမနီနိုင်ငံမှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ အများဆုံးဖြစ်သလို ဂျာမနီအရပ်သား ၁၂၀၀၀ ခန့်ဟာလည်း အမေရိကန်တပ်ဖွဲ့ဝင်တွေနဲ့ဆက်စပ်မှုရှိတဲ့ လုပ်ငန်းတွေမှာ လုပ်ကိုင်နေကြပါတယ်။ ဂျာမနီမှာရှိတဲ့ အမေရိကန်တပ်တွေကို ပြန်လည်ခေါ်ယူဖို့ အမေရိကန်အစိုးရက စဉ်းစားနေတယ်ဆိုတဲ့ ကောလာဟလဟာ မကြာခဏထွက်ပေါ်လေ့ရှိပါတယ်။

ဂျာမနီအနေနဲ့ ကာကွယ်ရေးအသုံးစရိတ် လုံလုံလောက်လောက် မထုတ်တိုင်း အမေရိကန်က ဒေါသထွက်ရစမြဲပါပဲ။ လုံလောက်တဲ့ အသုံးစရိတ်မသုံးတာကြောင့် ဂျာမနီတပ်ဖွဲ့မှာ လက်နက်ပြတ်လပ်မှုနဲ့ ရင်ဆိုင်ရပါတယ်။ ဒါကြောင့် စစ်ရေးလေ့ကျင့်တဲ့အခါမှာလည်း အခက်အခဲတွေ တွေ့ခဲ့ရပါတယ်။

မြေပြင်ပေါ်ရပ်နားထားရ

စစ်ဘက်ကိုစောင့်ကြည့်တဲ့ ဂျာမနီပါလီမန်မှာတော့ လွန်ခဲ့တဲ့နှစ်က ဂျာမနီမှာ ရင်ဆိုင်ခဲ့ရတဲ့ လက်နက်ပြတ်လပ်မှုပြဿနာဟာ နေတိုးအဖွဲ့ရဲ့ ကတိပြုချက်ဖြစ်တဲ့ သတ်မှတ်တဲ့ နှုန်းထားအထိပြည့်မီအောင် မသုံးခဲ့ဘူးလို့ ပြောပါတယ်။

ဒါကြောင့်လည်း ယခုသီတင်းပတ်အတွင်းမှာ ဂျာမနီလေတပ်က လေယာဉ်မှူးတစ်ဝက်ခန့်ဟာ နေတိုးအဖွဲ့ရဲ့သတ်မှတ်ချက်အတိုင်း နာရီပြည့်မီအောင် လေ့ကျင့်နိုင်ခဲ့ခြင်းမရှိပါဘူး။ အကြောင်းကတော့ သူတို့ရဲ့ တိုက်လေယာဉ်တွေဟာ ထိန်းသိမ်းမှုပိုင်းဆိုင်ရာ ပြဿနာတွေကြောင့် မြေပြင်ပေါ်မှာ ရပ်နားထားရလို့ပါပဲ။

ဝိုးတဝါးဖြစ်သွားပြန်

ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်နဲ့ ကာကွယ်ရေးဝန်ကြီးအဆက်ဆက်ဟာ နေတိုးအဖွဲ့သတ်မှတ်ချက်အတိုင်း ကာကွယ်ရေးအသုံးစရိတ်ကိုအသုံးပြုဖို့ ထပ်ခါ ထပ်ခါ ကတိပြုခဲ့ပေမယ့် ဂျာမနီနိုင်ငံရဲ့ စစ်ရေးအသုံးစရိတ်ဟာ ယခုနှစ် ဂျီဒီပီရဲ့ ၁ ဒသမ ၃ ရာခိုင်နှုန်းသာ ရှိခဲ့ပါတယ်။ အင်ဂျလာမာကယ်ရဲ့ အစိုးရအဖွဲ့ကတော့ ၂၀၂၄ ခုနှစ်ရောက်ရင် ကာကွယ်ရေးအသုံးစရိတ်ကို နိုင်ငံဂျီဒီပီရဲ့ ၁ ဒသမ ၅ ရာခိုင်နှုန်းအထိတိုးမြှင့်သွားဖို့ ကတိပြုခဲ့ပါတယ်။

ဒါပေမယ့် ဘဏ္ဍာရေးဝန်ကြီးအိုလက်ရှိုးက ယခုဘဏ္ဍာနှစ်အတွင်း အသုံးစရိတ်တိုးမြှင့်ဖို့အစီအစဉ်ကို ဖြတ်တောက်လိုက်တဲ့နောက် ဒီကတိဟာလည်း ဝိုးတဝါးဖြစ်သွားပြန်ပါတယ်။

မကျေမနပ်ဖြစ်စေခဲ့

နောက်ပြီး လက်ရှိအခြေအနေအရ ဟော်မုဇ်ရေလက်ကြားမှာ အီရန်ရဲ့ ခြိမ်းခြောက်မှုကို ကာကွယ်ဖို့အတွက်ဆိုပြီး ပင်လယ်ရေကြောင်းလုံခြုံစိတ်ချရရေး ဆောင်ရွက်ဖို့အမေရိကန်က ဂျာမနီကို ဖိတ်ခေါ်ခဲ့ပေမယ့် ဂျာမနီကတော့ ဒါကိုငြင်းဆန်ခဲ့ပါတယ်။ အဲဒီလိုငြင်းဆန်လိုက်မှုကြောင့်လည်း အမေရိကန်ကို ပိုပြီးတော့ မကျေမနပ်ဖြစ်စေခဲ့တာပါ။ အင်ဂျလာမာကယ်ရဲ့ စီဒီယူပါတီက အဓိကမဟာမိတ်နိုင်ငံတွေအတွက် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ဖို့ သဘောတူပေမယ့် မစ္စတာ အိုလက်ရှိုးရဲ့ အက်စ်ပီဒီပါတီက မထောက်ခံဘဲ ငြင်းဆန်ခဲ့ပါတယ်။

ဝန်ထုပ်ဝန်ပိုးမျှ ခံသင့်

ဂျာမနီရဲ့ ကိုယ်ပိုင်အကျိုးစီးပွားအတွက်ဆိုရင် ကျွန်တော်တို့ဟာ ကိုယ်ပိုင်ကာကွယ်ရေးအသုံးစရိတ်ကို တိုးမြှင့်သင့်ပါပြီလို့ စီဒီယူပါတီက နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ကျွမ်းကျင်သူ ရိုဒရီရစ်ချ်က ပြောပါတယ်။

"အမေရိကန်သမ္မတနဲ့တော့ ဘာမှ လုပ်စရာမရှိပါဘူး။ ဒါပေမယ့် ဂျာမနီတပ်တွေနဲ့ ဥရောပအတွက်ဆိုရင်တော့ ဝန်ထုပ် ဝန်ပိုးကို မျှဝေယူတာဟာ လက်ခံနိုင်လောက်စရာပါပဲ"လို့ သူက ဆက်ပြောပါတယ်။ အမေရိကန်ကလည်း စစ်ရေးအရအင်အားကြီးမားတဲ့ နိုင်ငံဖြစ်တာကြောင့် သူ့ရဲ့ စစ်ရေးအရ ပါဝင်မှုတွေဟာ ဥရောပတစ်ခုတည်းမှာပဲ ရှိတာမဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးအနှံ့ပါပဲ။ ။

ကိုးကား - ဘီဘီစီ

သည်တယ်လီဂရက်ဖ်

နိုင်ငံတကာသတင်းတိုထွာ

ယီမင်ရှိ ခွဲထွက်ရေးသမားများက သမ္မတအိမ်တော်ကို သိမ်းပိုက်

ဆာနား ဩဂုတ် ၁၂

ယီမင်၌ လေးရက်ကြာအောင် တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံတောင်ပိုင်း အေဒင်ဆိပ်ကမ်းမြို့ရှိ သမ္မတအိမ်တော်နှင့် စစ်အခြေစိုက်စခန်းတစ်ခုကို ခွဲထွက်ရေးသမားများက သိမ်းပိုက်ခဲ့ကြောင်းသိရသည်။ ယီမင်တောင်ပိုင်းရှိ ခွဲထွက်ရေးသမားများသည် နိုင်ငံအတွင်းမှ ဖယ်ရှားခံခဲ့ရသည့် ယီမင်သမ္မတ အဗ္ဗဒူလ်ရာဘူမန်ဆောဟာဒီအစိုးရကို ထောက်ခံသည့် ဆော်ဒီဦးဆောင်ညွန့်ပေါင်းအဖွဲ့မှ ခွဲထွက်ခဲ့ကာ အီရန်ကျောထောက်နောက်ခံပေးထားသည့် ဟူသီသူပုန်အဖွဲ့နှင့် တိုက်ခိုက်လျက်ရှိသည်။

မန်ဆောဟာဒီအစိုးရအဖွဲ့က သမ္မတအိမ်တော်နှင့် စစ်အခြေစိုက်စခန်းအား ခွဲထွက်ရေးသမားများ၏ သိမ်းပိုက်ခဲ့မှုကို အာဏာသိမ်းမှုတစ်ခုအဖြစ် အပြစ်တင်စွပ်စွဲလိုက်သည်။ ယီမင်နိုင်ငံ၏ လူဦးရေထက်ဝက်ခန့်ဖြစ်သည့် လူပေါင်း ၁၆ သန်းခန့်သည် စားနပ်ရိက္ခာမလုံလောက်မှုကို ခံစားနေရပြီး အစိုးရကို ထောက်ခံသည့် ညွန့်ပေါင်းအဖွဲ့ပြိုကွဲမှုက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်း ဒုက္ခများကို ပိုမိုဆိုးရွားလာစေဖွယ်ရှိနေကြောင်း သိရသည်။ အင်န်အိတ်ချ်ကေ

တိုင်ဖွန်းမုန်တိုင်း လက်ကီမာကြောင့် သေဆုံးသူအရေအတွက် ၄၅ ဦးအထိ မြင့်တက်လာ

ဟန်ကျိုး ဩဂုတ် ၁၂

တိုင်ဖွန်းမုန်တိုင်း လက်ကီမာဝင်ရောက်မှုကြောင့် တရုတ်နိုင်ငံရှိ ပြည်နယ်နှစ်ခုတို့တွင် သေဆုံးသူအရေအတွက် ၄၅ ဦး အထိ ရှိလာခဲ့ပြီး ၁၆ ဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ အဆက်မပြတ်မိုးရွာသွန်းမှုများနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလည်း ဖြစ်ပေါ်ခဲ့သည်။

ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် ဇီကျန်းပြည်နယ်၌ သေဆုံးသူအရေအတွက် ၃၉ဦးအထိမြင့်တက်လာခဲ့ပြီး ကိုးဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဇီကျန်းပြည်နယ် ရေဘေးအန္တရာယ်ထိန်းချုပ်ရေးရုံးက ပြောကြားခဲ့သည်။ ယခုနှစ်အတွက် တရုတ်နိုင်ငံသို့ ဝင်ရောက်လာသည့် ကိုးခုမြောက်မုန်တိုင်း လက်ကီမာသည် ဇီကျန်းပြည်နယ်ရှိ ဒေသခံပြည်သူ ၆ ဒသမ ၆၈ သန်း ထိခိုက်စေခဲ့ပြီး ၎င်းတို့အနက် ၁ ဒသမ ၂၆ သန်းကို ကယ်ဆယ်ရွှေ့ပြောင်းမှုများ ပြုလုပ်ခဲ့ရသည်။

မုန်တိုင်းဝင်ရောက်မှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ကာ ကောက်ပဲသီးနှံစိုက်ခင်း ၂၃၄၀၀၀ ဟက်တာခန့်ကို ထိခိုက်ပျက်စီးစေခဲ့ရာ စီးပွားရေးအရ ဆုံးရှုံးမှုတန်ဖိုးမှာ ယွမ်ငွေ ၂၄ ဒသမ ၂၂ ဘီလီယံ(အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံ) ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ရခိုင်ပြည်နယ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနားတက်ရောက်

စစ်တွေ သြဂုတ် ၁၂

၂၀၁၉ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လူထုလှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက အမှာစကား ပြောကြားပြီး ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ရခိုင်ပြည်နယ်၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လူထုလှုပ်ရှားမှု အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ၅ နှစ်အောက်ကလေးများကို ဗီတာမင်အေနှင့် သန်ချဆေးများ၊ ကျောင်းသူများကို သံဓာတ်ဆေးပြားများ၊ ကိုယ်ဝန်ဆောင်မိခင်များကို အဏုအာဟာရဆေးဝါးများကို တိုက်ကျွေးကြပြီး အာဟာရပြည့်ဝသည့် အစားအစာများ ပေးအပ်ကာ (**ယာပုံ**) ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

တင်ထွန်း (ပြန်/ဆက်)

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ပအိုဝ်းမောင်မယ် သစ်လွင်ကြိုဆိုပွဲနှင့် ဆုပေးပွဲအခမ်းအနားတက်ရောက်

လွိုင်ကော် သြဂုတ် ၁၂

ကယားပြည်နယ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပအိုဝ်းမောင်မယ် သစ်လွင်ကြိုဆိုပွဲနှင့်ဆုပေးပွဲကို ယမန်နေ့က လွိုင်ကော်မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ယခုအခမ်းအနားတွင် စုစည်းမှု၊ နွေးထွေးမှု အသွင်သဏ္ဌာန်ကို ခံစားရကြောင်း၊ အမှန်တကယ် လိုအပ်နေသည်ကလည်း စည်းလုံးညီညွတ်ရန် တိုင်းပြည်တိုးတက်ရေး၊ နိုင်ငံရေး၊ စီးပွားရေးများမှာ တိုးတက်ပြောင်းလဲလာရေးအတွက် စည်းလုံးမှုမရှိလျှင် မရကြောင်း၊ နောင်များတွင်လည်း ပြုပြင်ပြောင်းလဲမှု၌ အားလုံးပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးစုအနေဖြင့် ကိုယ့်လူမျိုးဖွံ့ဖြိုးရန်၊ ဂုဏ်မြင့်မားလာရန် စည်းလုံးရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အဓိကကျကြောင်း၊ ယခု မောင်မယ်သစ်လွင်ကြိုပွဲတွင် နောင်မျိုးဆက်သစ် လူငယ် မောင်မယ်များအား မြှင့်တင်ရန် ကောင်းမွန်သည့် အသွင်သဏ္ဌာန်ဖြစ်ကြောင်း၊ ကိုယ့်လူမျိုးဖွံ့ဖြိုးတိုးတက်ရန် ဖောင်ဆောင်ပေးသည့် ခေါင်းဆောင်များကို ကျေးဇူးတင်ကြောင်း၊ မောင်မယ် သစ်လွင်ကြိုဆိုခြင်းသည် လူငယ်များအား နေရာပေးခြင်းဖြစ်ပြီး ပညာရေးကဏ္ဍမှာ လူငယ်များအား လက်တွဲခေါ်ဆောင်ခြင်းဖြင့် အနာဂတ်နိုင်ငံအတွက် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဟန်ဆောင်က မောင်မယ်သစ်လွင်ကြိုဆိုဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးနှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ခြင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့အတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ (**ဝဲပုံ**)

ထို့နောက် နောက်ဆုံးနှစ်ကျောင်းသူတစ်ဦးက မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ဆက်စကားပြောကြားကာ ပထမနှစ်ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

ကာမိုင်းမြို့၌ ပြည်နယ်ဝန်ကြီးနှင့် ဒေသခံများ တွေ့ဆုံဆွေးနွေး

ကာမိုင်း သြဂုတ် ၁၂

ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်း ဦးဆောင်သောအဖွဲ့သည် ကာမိုင်းမြို့၌ လက်လုပ်လက်စား လုပ်ကွက်များ ချထားပေးရေးကိစ္စများနှင့်ပတ်သက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ သြဂုတ် ၁၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီး ဦးဒါရှီလဆိုင်းက ကာမိုင်းဒေသအတွင်း လက်လုပ်လက်စား ကျောက်စိမ်းလုပ်ကွက်များ ချထားပေးနိုင်ရေးအတွက် ကနဦးသတင်းချပြရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားမဝင်လုပ်ကွက်များ ရပ်နားပြီး တရားဝင်လုပ်ကွက်များ လျှောက်ထားရယူရန် လိုအပ်မည်ဖြစ်ကြောင်း၊ လျှောက်ထားရမည့် နည်းလမ်းများကို ဦးစားပေးချထားပေးမည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများကလည်း အကြံပြုတင်ပြပေးစေလိုကြောင်း ဆွေးနွေးပြောကြားပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိဌာနနှင့်ပတ်သက်သည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသူများမှ ဒေသခံတစ်ဦးဖြစ်သည့် ဦးမြင့်ဝင်းက လက်လုပ်လက်စား လုပ်ကွက်လျှောက်ထားရန်အတွက် လိုအပ်ချက်များ၊ မိမိဒေသအတွက် သုံးစွဲမည့် သစ်များ၊ ထင်းများနှင့်ပတ်သက်သည့် ဥပဒေများကို မေးမြန်းပြီး တက်ရောက်လာသည့် ပြည်သူများကလည်း သိလိုသည်များကို ဆက်လက်မေးမြန်းကြသည်။ ထို့နောက် သက်ဆိုင်ရာပြည်နယ်အဆင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး လိုအပ်သည်များကို ပြည်နယ်ဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇွဲသူရအောင် (ပြန်/ဆက်)

အကျိုးဆောင်တောင်သူ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်လှစ်

သာယာဝတီ သြဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အင်းရွာတောင်သူလယ်သမားသင်တန်းကျောင်း၌ ယမန်နေ့က အကျိုးဆောင် တောင်သူဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အကျိုးဆောင်တောင်သူဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကို ကျေးလက်နေပြည်သူများ၏ လယ်ယာစီးပွားရေးလုပ်ငန်းများ ခေတ်မီဆန်းသစ်၍ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများနှင့်ဆက်စပ်သည့် အသိပညာဗဟုသုတများကြွယ်ဝလာစေရန်၊ တောင်သူလယ်သမားများ၏ အခွင့်အရေးများ ပြည့်ဝစွာခံစားနိုင်စေရန်၊ တောင်သူတစ်ဦးချင်းစီ၏ ဝင်ငွေတိုးတက်ပြီး အကျိုးစီးပွားမြင့်မားလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကို သြဂုတ် ၁၁ ရက် မှ ၁၅ ရက်အထိ လယ်ယာကဏ္ဍဆိုင်ရာ မူဝါဒများ၊ Private Farm ဆိုင်ရာမူဝါဒများ၊ မျိုးစေ့ဆိုင်ရာမူဝါဒများ၊ မျိုးစေ့ဥပဒေ၊ စပါးစိုက်ပျိုးနည်းစနစ်၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမူဝါဒများ၊ သီးနှံကာကွယ်ရေးဆိုင်ရာမူဝါဒများ၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးနည်းစနစ်များ စသည့်ဘာသာရပ်များကို သင်ကြားပို့ချကာ သာယာဝတီခရိုင်နှင့် ပြည်ခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

တောင်သူလယ်သမားသင်တန်းကျောင်းများကို ပဲခူးတိုင်းဒေသကြီးအတွင်း အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်နေကြသည့် တောင်သူလယ်သမားများ၏ လယ်ယာမြေနှင့်ပတ်သက်၍ အကျိုးစားခွင့်များ အပြည့်အဝရရှိစေရန်နှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကျောင်း၌ မှိုမွေးမြူ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာသင်တန်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ဂျီအေပီသင်တန်းများ၊ လယ်ယာသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းသင်တန်း၊ အကျိုးဆောင်တောင်သူဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများအပြင် လစဉ်နည်းပညာဆွေးနွေးပွဲများ၊ လယ်ယာကဏ္ဍဆိုင်ရာလိုအပ်ချက်များကို တောင်သူများနှင့်ဌာနများ တွေ့ဆုံမှုဆွေးနွေးပွဲများ ပြုလုပ်ကြောင်း သိရသည်။

သန့်ဇော် (ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကနီမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

ကနီ သြဂုတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကနီမြို့နယ် ဆူးလေကုန်းကျေးရွာနှင့် နတ်ကြီးကျေးရွာတို့တွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးသည်။ (**ယာပုံ**)

ရှေးဦးစွာ ဆူးလေကုန်းကျေးရွာ ကျေးရွာဓမ္မာရုံ၌ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်တွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဟူသော မဏ္ဍိုင်ကြီး(၃)ရပ်က အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် တိုင်းဒေသကြီးလွှတ်တော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့အား ဥပဒေနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ဥပဒေများကို ရေးဆွဲပေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာ အစိုးရ အဖွဲ့များက တင်ပြသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း တိုင်းဒေသကြီး လွှတ်တော်က ဘတ်ဂျက်များ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များကလည်း ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို လွှတ်တော်သို့ တင်ပြမေးမြန်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဆွေးနွေးရာ မြစ်ရေတင်လုပ်ငန်း၊ ဆည်မြောင်းများ ဖော်ဆောင်ပေးနိုင်ရေး၊ အထကကျောင်းများတွင် ကျောင်းဆရာ ဆရာမ လိုအပ်ချက်များ မေးမြန်းဆွေးနွေးခြင်း၊ ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောင်ရွက်ပေးနိုင်ရေး၊ ဒေသလုံခြုံရေး၊ မူခင်းကျဆင်းရေးအတွက် အလေးထား ဆောင်ရွက်ပေးစေလိုခြင်းများ ဆွေးနွေးမေးမြန်းချက်များအပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် နတ်ကြီးကျေးရွာအုပ်စု ကျေးရွာပြည်သူများနှင့် ဆက်လက်တွေ့ဆုံဆွေးနွေးရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာသော ဒေသခံများက ကျေးရွာချင်းဆက်လမ်း၊ ကျေးရွာလျှပ်စစ်မီးလင်းရေး၊ ကျေးရွာချင်းဆက်လမ်းများတွင် သဲ၊ ကျောက် ကားများ ဖြတ်သန်းမောင်းနှင်မှုများ၊ စာသင်ကျောင်းခြံစည်းရိုး ကာရံပေးနိုင်မှု၊ နတ်ကြီးမြစ်ရေတင် ဆောင်ရွက်ပေးနိုင်မှုများကို ဆွေးနွေးမေးမြန်းကြရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိများက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ထပ်မံဖြည့်စွက် ရှင်းလင်းပြောကြားသည်။

သန်းဌေးအောင်(ကနီ)

ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်စခန်းတွင် ကမ္ဘာ့ဆင်များနေ့အခမ်းအနား ကျင်းပ

ညောင်ဦး သြဂုတ် ၁၂

သြဂုတ် ၁၂ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆင်များနေ့အထိမ်းအမှတ် ဂုဏ်ပြုအခမ်းအနားကို ညောင်ဦးမြို့နယ်အနောက်ပုလင်းကျေးရွာ အနီး၌ ဖွင့်လှစ်ထားသော ပလင်းကမ်းသာယာဆင်စခန်းဝင်းအတွင်း ယနေ့နံနက်ပိုင်းမှ စတင်ကာ ကျင်းပသည်။

ကမ္ဘာ့ဆင်များနေ့အခမ်းအနားကို ညောင်ဦးမြို့နယ်တွင် ဖွင့်လှစ်ထားသော ပလင်းကမ်းသာယာဆင်စခန်း ဝင်းအတွင်း ကျင်းပရာသို့ လာရောက်လေ့လာလည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ ဘုရားဖူးဧည့်သည်များအား အခမဲ့ဝင်ခွင့်ပေးခြင်း၊ ဆင်များကို အခမဲ့ဆင်စာကျွေးစေခြင်းနှင့် ပုလင်းကျေးရွာမှ ကျောင်းသား ကျောင်းသူများအား ဖိတ်ကြားကာ ဆင်များကို ချစ်ခင်မြတ်နိုးတန်ဖိုးထားစိတ် ဖြစ်လာစေရန်နှင့်ဆင်များနှင့် ပတ်သက်သည့် ဗဟုသုတအချက်အလက်များအား ကမ္ဘာ့ဆင်များနေ့တွင် လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ ဘုရားဖူးဧည့်သည်များနှင့် ပုလင်းကျေးရွာကျောင်းသားကျောင်းသူများအား ဦးမျိုးမင်းကို(လက်ထောက်မန်နေဂျာ) က ရှင်းပြသည်။

ဆက်လက်ပြီး လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ဌေးက ကမ္ဘာ့ပေါ်ရှိ ဆင်များအား ကာကွယ်ထိန်းသိမ်းကြရန် ရည်ရွယ်ပြီး ကမ္ဘာ့ဆင်များနေ့ အခမ်းအနားကို ၂၀၁၂ ခုနှစ် သြဂုတ် ၁၂ ရက်မှစတင်ကာ ကနေဒါနိုင်ငံသား ရုပ်ရှင်ထုတ်လုပ်သူ Patricia Sims နှင့် ထိုင်းနိုင်ငံအခြေစိုက် Elephant Reintroduction Foundation မှ အထွေထွေအတွင်းရေးမှူး Sivaporn Dardarananda တို့က စတင်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ကမ္ဘာ့ဆင်များနေ့ကို ကူညီပံ့ပိုးပေးနေသည့် Wildlife Organizations နိုင်ငံပေါင်း ၇၀ နီးပါးရှိနေပြီဖြစ်ကြောင်း ခရီးသွားဆင်ချစ်သူများအား ရှင်းပြသည်။

အဆိုပါ အခမ်းအနားသို့ ညောင်ဦးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းနှင့် ဆင်ချစ်သူများ၊ ပုလင်းကျေးရွာ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး **(အပေါ်ပုံ)** ဆင်များကို နာနတ်သီး၊ သရက်သီး၊ ကြံချောင်း၊ ဖရဲသီး၊ သခွားသီး၊ အုန်းသီး၊ ငှက်ပျောသီးများနှင့် နေဇီယာမြက်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။

မောင်မောင်ထိန် - ကျောက်ပန်းတောင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ပုံငွေအတွက် Gala Night ညစာစားပွဲ ကျင်းပမည်

ရန်ကုန် သြဂုတ် ၁၂

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် ပြည်သူများအား ကူညီထောက်ပံ့ရန် ရန်ပုံငွေမြှင့်တင်ရေးအတွက် Gala Night ညစာစားပွဲကို သြဂုတ် ၁၉ ရက် ညနေ ၆ နာရီတွင် Wyndham Grand Yangon ဟိုတယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ သြဂုတ် ၉ ရက်က ကျင်းပခဲ့သည့် အသင်းရန်ပုံငွေမြှင့်တင်ရေး စာနယ်ဇင်းရှင်းလင်းပွဲတွင် အသင်း၏ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှက "ဒီနှစ်မှာ ပထမဆုံးအကြိမ် အသင်းအတွက် လိုအပ်တဲ့ရန်ပုံငွေရရှိရေး ဦးတည်ပြုလုပ်တာဖြစ်ပါတယ်။ ဒီရန်ပုံငွေက ကျွန်တော်တို့ အသုံးစရိတ် မဟုတ်ပါဘူး။ အခက်အခဲဖြစ်တဲ့ပြည်သူတွေ၊ သဘာဝဘေးအန္တရာယ် ခံစားနေရတဲ့ ပြည်သူတွေကို ကျွန်တော်တို့က ကူညီကယ်ဆယ်တဲ့နေရာမှာ၊ ထောက်ပံ့ရေးပစ္စည်း၊ ကယ်ဆယ်ရေး ပစ္စည်းတွေ လှူတဲ့နေရာမှာ သုံးစွဲဖို့ ဖြစ်ပါတယ်။ အဲဒီအတွက် ရန်ပုံငွေရရှိအောင် ကျင်းပတာဖြစ်ပါတယ်"ဟု ပြောသည်။

"အခုအချိန်မှာ နေရာတော်တော်များများမှာ ရေကြီးရေလျှံမှုတွေ ရှိနေပါတယ်။ မြို့နယ်တွေမှာ ကြက်ခြေနီအသင်းအဖွဲ့တွေ ရှိပါတယ်။ အဲဒီအသင်းအဖွဲ့တွေက မြို့နယ်တွေမှာရှိတဲ့ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာဌာနမှ တာဝန်ရှိသူတွေနဲ့ ရေဘေးသင့်ပြည်သူတွေကို စားနပ်ရိက္ခာ ထောက်ပံ့တာရှိတယ်။ သောက်ရေသန့်နဲ့ အဝတ်အစား ထောက်ပံ့လှူဒါန်းတာတွေရှိပါတယ်။ ဒါ့အပြင် လုပ်နေတဲ့လုပ်ငန်းတွေအတွက် သုံးစွဲနေရတဲ့ ငွေပမာဏရဲ့ ၁၀ရာခိုင်နှုန်းကိုပဲ အသင်းကြီးက ပံ့ပိုးနိုင်တာဖြစ်ပါတယ်။ ကျန်တဲ့ ၉၀ ရာခိုင်နှုန်းက မိတ်ဖက် ကြက်ခြေနီအသင်းတွေရဲ့ ပံ့ပိုးကူညီမှုနဲ့ ဆောင်ရွက်နေတာပါ။ အသင်းအနေနဲ့ ရန်ပုံငွေနည်းတဲ့အခါ နိုင်ငံတော်က ထောက်ပံ့တာလည်း ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်းလုံးတွင် ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးကြိုတင်ကာကွယ်တားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများအား ကူညီပေးရန်ဟူသော လုပ်ငန်းစဉ်သုံးရပ်ဖြင့် လူမှုကရုဏာလုပ်ငန်းများကို ၁၉၃၇ ခုနှစ်မှစ၍ လုပ်ဆောင်ခဲ့သော အသင်းကြီးဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

မန္တလေးမြို့၌ ကျင်းပမည့်ပွဲများ

မန္တလေးမြို့၌ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းဆင်းပွဲ

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းဆင်းပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၇၃ လမ်း၊ ၁၀ လမ်း နှင့် ၁၂ လမ်းကြားရှိ မန္တလေးပြန်လည်ထူထောင်ရေးစခန်း၌ သြဂုတ် ၁၅ ရက် နံနက် ၉ နာရီ တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင်လုပအမျိုးသမီးဘဝ ဟောပြောပွဲ

အောင်မြင်လုပ အမျိုးသမီးဘဝ ဟောပြောပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဟိုတယ်မန္တလေး၌ သြဂုတ် ၁၇ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ရာ ဆရာမ ဒေါ်တင်မိုးလွင်၊ အနုပညာရှင် ဒေါက်တာ ချစ်သုဝေ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်း၊ Myanmar Yound Entrepreneur Award Winner & ASEAN Youth Award ဆုရှင် ဒေါက်တာကေသရီကျော်နှင့် Treasure Sandy Co.,Ltd. ၏ MD ဒေါ်စန္ဒီညွန့်ဝေတို့က အမျိုးသမီးတိုင်းအတွက် အသိပညာဗဟုသုတများ မျှဝေဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

ဒစ်ဂျစ်တယ်စာကြည့်တိုက် သုံးစွဲနည်း မိတ်ဆက်ပွဲ

မြန်မာနိုင်ငံအတွင်း အချိန်နေရာမရွေးသုံးနိုင်သည့် ဒစ်ဂျစ်တယ်စာကြည့်တိုက် သုံးစွဲနည်း မိတ်ဆက်ပွဲ (မန္တလေး)ကို မန္တလေးမြို့ လမ်း ၃၀၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြားရှိ ဗြိတိသျှကောင်စီစာကြည့်တိုက်တွင် သြဂုတ် ၁၇ ရက် ညနေ ၃ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီး၊ ကျောက်ကပ်၊ အရိုးအဆစ်၊ နှလုံးရောဂါ ကျန်းမာရေးဟောပြောပွဲ

ဆီး၊ကျောက်ကပ်၊အရိုးအဆစ်၊နှလုံးရောဂါ ကျန်းမာရေးဟောပြောပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဟိုတယ်မန္တလေးတွင် သြဂုတ် ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံနယူးဒေလီမြို့ရှိ Medanta ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ အခမဲ့လာရောက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများ ထုတ်လုပ်မှုသင်တန်း

လူသုံးကုန်နှင့်အလှကုန်ပစ္စည်းများ ထုတ်လုပ်မှုသင်တန်းကို မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီးအသေးစားနှင့် စက်မှုလက်မှုဦးစီးဌာနတွင် သြဂုတ် ၂၂ ရက် မှ ၂၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

Miss Earth Myanmar 2019 အလှမယ်ပြိုင်ပွဲ

Miss Earth Myanmar 2019 အလှမယ်ပြိုင်ပွဲကို မန္တလေးမြို့ရှိ ဒိုင်းမွန်းပလာဇာတွင် သြဂုတ် ၂၈ ရက် ညနေ ၆ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း (ပြန်/ဆက်) စုစည်းတင်ပြသည်။

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၂-၈-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၁၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၄၅၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၁၇၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၄၅၄၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၄၀/၉၀၀	ကျပ်	၉၀၅/၉၂၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၅၀/၉၁၀	ကျပ်	၉၂၀/၉၃၅	ကျပ်
အောက်တိန်း ၉၂	၇၄၀/၈၀၅	ကျပ်	၈၂၅/၈၄၅	ကျပ်
အောက်တိန်း ၉၅	၈၂၀/၈၉၅	ကျပ်	၉၃၅	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၀၈ · ၀
ဥရောပ	တစ်ယူရို	ကျပ် ၁၆၈၈ · ၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၀၉၀ · ၈
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၈၂၇ · ၅
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၂၃ · ၉
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၂၆ · ၂
တရုတ်	တစ်ယွမ်	ကျပ် ၂၁၃ · ၇၀
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ · ၃၃၇
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၄ · ၅၈
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၀ · ၃၈
ထိုင်း	တစ်ဘတ်	ကျပ် ၄၉ · ၀၆၅

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၁၀၀၀	၁၁၅၀၀	၁၈၇၅	၂၁၅၆၁၅၀၀
MTSH	၃၄၅၀	၃၅၀၀	၅၈၅၉	၂၀၂၁၅၃၀၀
MCB	၈၂၀၀	၈၂၀၀	၁၁၃၃	၉၂၉၀၆၀၀
FPB	၂၆၀၀၀	၂၆၀၀၀	၇၄	၁၉၂၄၀၀၀
TMH	၂၉၅၀	၂၉၀၀	၃၈၉၄	၁၁၆၅၁၅၅၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ကင်းထောက်ကျင့်ဝတ်အတိုင်း ချစ်ခင်ရင်းနှီး ပျော်ရွှင်စွာ စည်းကမ်းတကျ ပူးပေါင်းလှုပ်ရှားနိုင်မှုကို ကျေနပ်မိပါတယ်

တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ -ဦးတင်မောင်လတ်(ကင်းထောက်ကြီး)

ကိုရီးယားနိုင်ငံ၌ ကျင်းပသည့် (၁၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကင်းထောက်အမျိုးသမီးငယ်များ စခန်းချပွဲ တက်ရောက်ခဲ့သည့် မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့ကိုယ်စားလှယ်များ၏ စခန်းအတွေ့အကြုံများကို ဖော်ပြလိုက်ပါသည်။

ဒေါ်ခင်စောဥမ္မာ
ဒုတိယ ကင်းထောက်ချုပ်
မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့

(၁၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကင်းထောက်အမျိုးသမီးငယ်များ စခန်းချပွဲကို သွားရောက်တဲ့ ကင်းထောက်ညီအစ်မတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင်နဲ့ စခန်းချပွဲမှာ နိုင်ငံတကာ ကင်းထောက်အမျိုးသမီးတွေနဲ့ မြန်မာအမျိုးသမီးရဲ့ ဂုဏ်သိက္ခာကို ထင်ရှားစွာ ဖော်ဆောင်နိုင်ခဲ့တာကို သိရလို့ဝမ်းသာရပါတယ်။ မိမိတို့ အချင်းချင်းသာမက ဂျပန်၊ ကိုရီးယား၊ မလေးရှား စတဲ့နိုင်ငံတွေက ကင်းထောက်အမျိုးသမီးတွေနဲ့ ကင်းထောက်ကျင့်ဝတ်အတိုင်း ချစ်ခင်ရင်းနှီး ပျော်ရွှင်စွာ စည်းကမ်းတကျ ပူးပေါင်းလှုပ်ရှားနိုင်မှုကို ကျေနပ်မိပါတယ်။ အခုလို ကိုရီးယားနိုင်ငံမှာ နိုင်ငံတကာ ကင်းထောက်အမျိုးသမီးတွေနဲ့အတူ မြန်မာနိုင်ငံရဲ့ ဂုဏ်ကို ဆောင်နိုင်ခဲ့တဲ့ မြန်မာကင်းထောက် အမျိုးသမီး ကိုယ်စားလှယ်အဖွဲ့ကို ကျေးဇူးတင်ပါတယ်။

ဒေါ်နီလာသန်း
ညှိနှိုင်းရေးမှူး (မန္တလေးတိုင်းဒေသကြီး)

ကိုရီးယားနိုင်ငံမှာ ဩဂုတ် ၅ ရက်ကနေ ၉ ရက် အထိကျင်းပတဲ့ စခန်းချပွဲရဲ့အဓိကရည်ရွယ်ချက်က Connect Grow! Impact for Peace ဖြစ်ပြီး နိုင်ငံတကာ ကင်းထောက်အမျိုးသမီး ၄၀၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။ နိုင်ငံအလိုက် ပြပွဲတွေမှာ မြန်မာအဖွဲ့က မြန်မာ့ရိုးရာလက်မှုပညာဖြစ်တဲ့ ပန်း ၁၀ မျိုးကို မိတ်ဆက်ပြသပြီး မြန်မာ့တိုင်းရင်းသား ရိုးရာဝတ်စုံတွေ ဝတ်ဆင်ကာ ပါဝင်ခဲ့ပါတယ်။ နိုင်ငံအလိုက်ရိုးရာ တေးသီချင်းအကတွေ ဖျော်ဖြေရာမှာ မြန်မာနိုင်ငံရဲ့ 'မင်္ဂလာပါမြန်မာ' သီချင်းနဲ့ ကပြဖျော်ဖြေမှုကို လူကြိုက်များခဲ့ပါတယ်။ လေ့လာရေးအနေနဲ့ တောင်-မြောက်နှစ်နိုင်ငံ နယ်စပ်ရှိ စစ်မဲ့ဇုန်ဖြစ်တဲ့ DMZ ကို သွားရောက်ခဲ့ကြပါတယ်။ အခုခရီးစဉ်ဟာ မြန်မာကင်းထောက် အမျိုးသမီးတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံကောင်းတွေနဲ့ မြန်မာကင်းထောက် အမျိုးသမီးလုပ်ငန်းစဉ်တွေမှာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

မဆောင်းဟေမာန်ပြေငြိမ်း
အထက (၂) ဗဟန်း

ကျွန်မတို့ မြန်မာကိုယ်စားလှယ်တွေက Sub Camp 2 မှာ သီးခြားနေထိုင်ရပြီး ကျွန်မအပါအဝင် ခုနစ်ဦးက ဘူဆန်စီရင်စုမှာ ဂျပန်နဲ့ကိုရီးယားက ကင်းထောက်တွေနဲ့အတူ နေထိုင်ခဲ့ရပါတယ်။ အစပိုင်းမှာ ဘာသာစကားအခက်အခဲ ရှိပေမယ့် မြန်မာအဖွဲ့ဝင်တစ်ယောက်က ကိုရီးယားဘာသာစကားတတ်မြောက်လို့ အဆင်ပြေပါတယ်။ အားသာချက်အနေနဲ့ အားလုံး ကိုယ့်အားကိုယ်ကိုးရတဲ့အတွက် အမှတ်တရ အတွေ့အကြုံတွေရပါတယ်။ ဒ့ါအပြင် Republic of Korea Army ကို သွားရောက်လေ့လာခွင့်ရပါတယ်။ ကိုရီးယားနိုင်ငံကို မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့သွားရောက်လေ့လာ ခွင့်ပြုလို့ သက်ဆိုင်ရာ ကင်းထောက်အမျိုးသမီးအဖွဲ့ချုပ်က တာဝန်ရှိသူတွေကို ကျေးဇူးတင်ပြီး အခု စခန်းချတွေ့ဆုံပွဲကနေ အတွေ့အကြုံများစွာရပြီး နောက်နောင်ကင်းထောက်အဖွဲ့နဲ့ လက်တွဲကာ ပြည်ပခရီးစဉ်တွေ လိုက်ပါပြီး ပြည်တွင်းမှာလည်း ကင်းထောက်လုပ်ငန်းဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးချင်ပါတယ်။

မသက်ယွန်းစံ
ရန်ကုန်နည်းပညာတက္ကသိုလ်

ကျွန်မက ရန်ကုန်နည်းပညာ တက္ကသိုလ် ဇီသုကာမေဂျာမှာ ပထမနှစ်သင်တန်း တက်ရောက်နေပါတယ်။ စခန်းချ တွေ့ဆုံပွဲကို နိုင်ငံတကာ ကင်းထောက်အမျိုးသမီး ၄၀၀၀ ကျော် တက်ရောက်တာကို ကိုရီးယားလူမျိုး ၂၀၀ ကျော်က တက်ကြွစွာ ပါဝင်ကူညီလုပ်အားပေးတာကို အားရဖွယ် တွေ့ရပါတယ်။ စခန်းတစ်ခုလုံးမှာ Sub Camp ကိုးခု နေရာချထားပေးရာမှာ မြန်မာနိုင်ငံကိုယ်စားပြု ကင်းထောက်အမျိုးသမီးတွေက Sub Camp (2) မှာ သီးခြားနေထိုင်ပြီး ကျွန်မ အပါအဝင် ခုနစ်ဦးက ဂျပန်လူမျိုး ၂၀ နဲ့ ကိုရီးယား လူမျိုးတို့နဲ့ နေထိုင်ရပါတယ်။ Sub Camp တစ်ခုစီမှာ သုံးဦး နေရပါတယ်။ လှုပ်ရှားမှုတွေကို အရှေ့ပင်လယ်မှာ Sea Activites ပြုလုပ်ရပါတယ်။ ပြခန်းတွေကိုလည်း အပိုင်း နှစ်ပိုင်းခွဲပြပါတယ်။ တစ်ပိုင်းမှာ နိုင်ငံတကာ ယဉ်ကျေးမှုတွေကို လေ့လာနိုင်ပြီး တစ်ပိုင်းမှာ ကင်းထောက်တွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ကျား/မ တန်းတူ ညီမျှရေးများနဲ့ ပတ်သက်တာတွေကို လေ့လာနိုင်ပါတယ်။ အခု ခရီးစဉ်ကို လိုက်ပါခွင့်ရရှိလို့ဗဟုသုတ၊ အတွေ့အကြုံနဲ့ အတုယူစရာများစွာကို မြန်မာနိုင်ငံမှာရှိတဲ့ သူငယ်ချင်းတွေ၊ ကင်းထောက်လူငယ်တွေကို မျှဝေနိုင်မယ်လို့ ယုံကြည်ပါတယ်။

မရွှန်းလဲ့ရတနာနေမျိုး
အထက(၁) မြောက်ဥက္ကလာ

ပညာရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံကင်းထောက် အမျိုးသမီးအဖွဲ့ပံ့ပိုးမှုနဲ့ အုပ်ချုပ်သူဆရာမ သုံးဦး၊ တက္ကသိုလ် ကျောင်းသူ သုံးဦး၊ အခြေခံပညာ ကျောင်းသူ ၁၉ ဦးတို့ ကိုရီးယားနိုင်ငံကို စခန်းချ သွားရောက်ခဲ့ပါတယ်။ ကျွန်မတို့ ပထမနေ့မှာ ကိုရီးယားနိုင်ငံရဲ့ နာမည်ကြီး အဆိုတော်တွေရဲ့သီဆိုဖျော်ဖြေမှုကို နားထောင်ကြည့်ရှုရပါတယ်။ ဒုတိယနေ့ညမှာ နိုင်ငံတကာ မိတ်ဆက်ပွဲ ပြုလုပ်ပြီး ယဉ်ကျေးမှုရိုးရာပစ္စည်းတွေ အပြန်အလှန် လဲလှယ်ပါတယ်။ တတိယနေ့မှာ နိုင်ငံပေါင်းစုံက ရိုးရာအကတွေနဲ့အတူ မြန်မာအဖွဲ့က မြန်မာ့ရိုးရာဝတ်စုံဝတ်ဆင်ပြီး 'မင်္ဂလာပါမြန်မာ'သီချင်း သီဆိုတဲ့အခါ စင်အောက်မှာရှိတဲ့ ပုဂ္ဂိုလ်တွေက 'မြန်မာ-မြန်မာ' လို့ အော်ဟစ်ပြီး မြန်မာနိုင်ငံကို ချီးကျူး ဂုဏ်ပြုတဲ့အသံတွေ၊ လက်ခုပ်လက်ဝါးတွေတီးပြီး ချီးကျူးဂုဏ်ပြုတာကို အတိုင်းမသိ ဝမ်းမြောက်ပါတယ်။ ကိုရီးယားတပ်မတော်ကို သွားရောက်လေ့လာတဲ့အခါ ကျွန်မတို့ကို ကျည်အစစ်တွေနဲ့ သေနတ်ပစ်တာ၊ အမြောက်ကျည်ဆန်ပစ်တွေကို ပြသပါတယ်။ ကိုရီးယားတပ်မတော်ရဲ့ စည်းစနစ်ကျပုံက မြန်မာတပ်မတော်လိုပဲ ဖြစ်ပါတယ်။ စတုတ္ထနေ့ညမှာ တိုင်းရင်းသားဝတ်စုံတွေ ဝတ်ပြီးတော့ ကပြဖျော်ဖြေပါတယ်။ ကျွန်မတို့ ကိုရီးယားကင်းထောက်စခန်းချပွဲက ပြန်လာပြီး တွေ့ကြုံရတဲ့ အတွေ့အကြုံတွေကို သူငယ်ချင်းတွေသာမက ကင်းထောက်အမျိုးသမီးတွေကို ပြန်လည်ဝေမျှသွားမှာ ဖြစ်ပါတယ်။

ဒေါ်ခင်စောဥမ္မာ (ဒုတိယကင်းထောက်ချုပ်)

ဒေါ်ခင်စောဥမ္မာ

ဒေါ်နီလာသန်း

မဆောင်းဟေမာန်ပြေငြိမ်း

မသက်ယွန်းစံ

မရွှန်းလဲ့ရတနာနေမျိုး

မြို့နယ်အချို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား ကျင်းပ

မိုင်းယောင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားနှင့် လူငယ်ရေးရာမူဝါဒ ထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၁၂ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက အမှာစကား ပြောကြားပြီး ကျိုင်းတုံမြို့ လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆွေသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တာချီလိတ်လူငယ်ကွန်ရက်မှ ကိုအောင်ကျော်စိုးနှင့် မဖြိုးယုလှိုင်တို့က လူငယ်မူဝါဒ မိတ်ဆက်ခြင်း၊ စိန်ခေါ်ချက်နှင့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးပြီး ကြုံတွေ့နေရသော အခက်အခဲများ ပြန်လည်ဆွေးနွေးခြင်းနှင့် မိုင်းယောင်းလူငယ်ကွန်ရက် ပြန်လည်ဖွဲ့စည်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးအောင်ပြည်ဖြိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိုင်းယောင်း/မိုင်းယုမှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် လူငယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် လူငယ်များ၊ တာချီလိတ် လူငယ်ကွန်ရက်မှ လူငယ်ကော်မတီဝင်များ၊ ရှမ်း၊ အာခါ၊ လားဟူယဉ်ကျေးမှုအဖွဲ့များမှ လူငယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း

ထားဝယ်

တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် Action & Learning Community (ALC) တို့ ပူးပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ထားဝယ်မြို့မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အမှာစကားပြောကြားပြီး ALC မှ ကိုသန့်ဇင်စိုးက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ALC မှ လူငယ်များက ကဗျာများ ရွတ်ဖတ်၍ တက်ရောက်လာသူများအား တစ်ခန်းရပ်ပြဇာတ်ဖြင့် တင်ဆက်ပြသသည်။

ဆက်လက်၍ လူငယ်များက အပြောင်းအလဲအတွက် ဦးဆောင်လှုပ်ရှားနေသော လူငယ်များ၏ ဘဝအတွေ့အကြုံများအကြောင်း၊ ဒေသအတွင်း လုပ်ဆောင်လျက်ရှိသော လူငယ်စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များအကြောင်း ဆွေးနွေးပြောကြားပြီး ထားဝယ်ရေအိုးရွက်အကနှင့် တေးဂီတသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် ကျောင်းပြင်ပပညာရေးနှင့်ပတ်သက်၍ စကားဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ALC မှ ကိုသန့်ဇင်စိုးနှင့်အဖွဲ့ဝင်များ၊ လူငယ်ရေးရာ ကော်မတီအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ပုသိမ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဧရာဝတီလူငယ်ကွန်ရက်မှ ကြီးမှူးကျင်းပသော ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီလူငယ်ကွန်ရက်မှ လူငယ်များက ဧရာဝတီလူငယ်ကွန်ရက်သီချင်းသီဆိုပြီး တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျိုးမြတ်မြတ်သူက အမှာစကားပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး နော်သာဝါးက ဂုဏ်ပြုစကား ပြောကြားပြီး ဧရာဝတီလူငယ်ကွန်ရက်မှ လူငယ်များက ဧရာဝတီလူငယ်ကွန်ရက် သမိုင်းကြောင်းနှင့် ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် Action & Learning Community (ALC) မှ ကိုသန့်ဇင်စိုးက စာပေစကားဝိုင်းတွင် ပညာရေးကို ပုံသဏ္ဍာန်ပြောင်းခြင်း၊ လူငယ်နှင့် စိတ်ကျန်းမာရေး၊ လူငယ်နှင့် အရပ်ဘက် ချိတ်ဆက်ဆောင်ရွက်မှု၊ လူငယ်နှင့် ဖွံ့ဖြိုးရေးပန်းတိုင်၊ လူငယ်နှင့် ငြိမ်းချမ်းရေး၊ လူငယ်နှင့် လုံခြုံသောနေရာနှင့် လူငယ်နှင့် ပညာရေး ပုံသဏ္ဍာန်ပြောင်းလဲခြင်းတို့ကို ဆွေးနွေးသည်။

အခမ်းအနားကို တိုင်းဒေသကြီးအတွင်းရှိ လူငယ်များဆုံပြီးရင်းနှီးမှု၊ ယုံကြည်မှု၊ တည်ဆောက်ခြင်း၊ လူငယ်တွေတက်ကြွရမည်၊ ကဏ္ဍတိုင်းတွင် ပါဝင်စေပြီး ပိုမိုချိတ်ဆက်မှု အားကောင်းအောင် အားလုံးပါဝင်စေလိုကြောင်း၊ လူငယ်များ နိုင်ငံတော်အတွက်၊ ပြည်သူများအတွက်၊ ပတ်ဝန်းကျင်အတွက်၊ နောင်မျိုးဆက်သစ်များအတွက် ဘာတွေလုပ်ပေးနိုင်မည်လဲ၊ ဘာတွေစဉ်းစားပြီးပြီလဲ စသည်များကို ဆွေးနွေးတိုင်ပင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ဧရာဝတီလူငယ်များကွန်ရက်မှ နန့်အေးမွန်အောင်က ပြောသည်။

မောင်မောင်မြင့်(ပြန်/ဆက်)

မြောက်ဦး

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ဩဂုတ် ၁၂ ရက်က မြောက်ဦးဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားကို မြောက်ဦးလူငယ်များ အစည်းအရုံးနှင့် Relief International (RI) အဖွဲ့တို့မှ ပူးပေါင်းကျင်းပကြောင်း သိရသည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်က အမှာစကားပြောကြားပြီး မြောက်ဦးလူငယ်များအစည်းအရုံးမှ တာဝန်ရှိသူများက အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ခရိုင် (ပြန်/ဆက်)

ဟွာဝေး၏ Operating System အသစ်ဖြစ်သော Harmony OS ကို စတင်မိတ်ဆက်

ရန်ကုန် ဩဂုတ် ၁၂

ဟွာဝေး၏ ကိုယ်ပိုင် Operating System(OS) အသစ်ဖြစ်သော microkernel ပေါ်တွင် အခြေခံထားသည့် Harmony OS(တရုတ်ဘာသာဖြင့် Hongmeng OS)ကို ဩဂုတ်လ ၉ ရက်က တရုတ်နိုင်ငံ ဒေါင်ဂွန်း၌ ကျင်းပသည့် Huawei Developer Conference ၌ ဟွာဝေးက စတင်မိတ်ဆက်ပြသလိုက်ကာ အဆိုပါ OS သစ်သည် စမတ်ဖုန်းနှင့် တက်ဘလက်များသာမက စမတ်နာရီများ၊ စမတ်စပီကာများနှင့် ယာဉ်များမှ စမတ်စနစ်များအတွက်ပါ အသုံးပြုနိုင်မည့် ပထမဆုံးသော OS လည်းဖြစ်ကြောင်း ဟွာဝေးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဟွာဝေးအနေဖြင့် HarmonyOS 1.0 ကို ယခုနှစ်နှောင်းပိုင်းတွင်မိတ်ဆက်သွားမည့် smart screen ထုတ်ကုန်များတွင် စတင် ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကာ နောက်သုံးနှစ်ခန့်အကြာတွင် HarmonyOS သည် အကောင်းဆုံးအနေအထားသို့ ရောက်ရှိသွားမည်ဖြစ်ပြီး စမတ်နည်းပညာသုံး ပစ္စည်းများ၊ ဝတ်ဆင်နိုင်သော ပစ္စည်းများ၊ Huawei Vision နှင့် ကားအတွင်းရှိ head unit များကဲ့သို့ ပိုမိုကျယ်ပြန့်သည့် ထုတ်ကုန်များတွင်ပါ Harmony OS ကို အသုံးပြုသွားနိုင်ရန်အတွက်လည်း မျှော်မှန်းထားကြောင်း ဟွာဝေးမြန်မာက သတင်းထုတ်ပြန်သည်။

Harmony OS အနေဖြင့် အောင်မြင်မှုရရှိရန် အက်ပလီကေးရှင်း ရေးသားထုတ်လုပ်သူ(Developer)များအပေါ်တွင်လည်း မူတည်လျက်ရှိသဖြင့် OS ကို ကျယ်ပြန့်စွာ အသုံးပြုလာကြစေရန် ဟွာဝေးအနေဖြင့် Harmony OS ကို open-source platform အဖြစ် ကမ္ဘာအနှံ့သို့ ဖြန့်ချိသွားမည်ဖြစ်ကြောင်း၊ ဟွာဝေးသည် open-source foundation နှင့် open-source community ကိုလည်း တည်ထောင်သွားမည်ဖြစ်ပြီး developer များနှင့်လည်း ပို၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Huawei Consumer Business Group ၏ CEO Richard Yu က OS အသစ်နှင့်ပတ်သက်၍ "ပြီးပြည့်စုံတဲ့ ထုတ်ကုန်တွေကို ထောက်ပံ့ပေးနိုင်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ ပိုမိုအဆင့်မြင့်တဲ့ cross-platform လုပ်ဆောင်ချက်တွေ ပါဝင်တဲ့ Operating System တစ်ခုကို ထုတ်လုပ်ဖို့ လိုအပ်တယ်ဆိုတာ သိရှိလာပါတယ်၊ ဘယ်လိုအခြေအနေမျိုးမှာမဆို ထုတ်ကုန်နဲ့ platform အမျိုးမျိုးမှာ သုံးစွဲလို့ရပြီး သုံးစွဲသူတွေအတွက် နှောင့်နှေးမှုအနည်းဆုံးနဲ့ ခိုင်မာတဲ့ လုံခြုံမှုတွေကို ဖြည့်ဆည်းပေးနိုင်မယ့် OS တစ်ခုကို လိုအပ်လာပါတယ်၊ Harmony OS က အခြားသော Android နဲ့ iOS တွေနဲ့ သွေဖည်သွားမှာဖြစ်ပါတယ်၊ ဒါက microkernel အခြေပြုထားခြင်းဖြစ်ပြီး မည်သည့်အခြေအနေမျိုးမှာမဆို အချောမွေ့ဆုံးသော သုံးစွဲသူအတွေ့အကြုံကို ပေးအပ်နိုင်မှာဖြစ်ပါတယ်၊ ဒီ OS မှာ ထုတ်ကုန်အမျိုးမျိုးနဲ့ ချောမွေ့စွာ ပူးပေါင်းမှုတွေ ပြုလုပ်နိုင်မှာဖြစ်ပါတယ်၊ Developer တွေအနေနဲ့လည်း ကိုယ်ပိုင်အက်ပလီကေးရှင်းတွေကို ဖန်တီးနိုင်ပြီး အမျိုးမျိုးသော ထုတ်ကုန်တွေအပေါ်မှာ လွယ်ကူစွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဟွာဝေးသည် Harmony OS ကို တရုတ်နိုင်ငံဈေးကွက်အတွင်း အခြေခံ၍ ကမ္ဘာတစ်လွှားသို့ ဖြန့်ကြက်သွားမည်ဖြစ်ပြီး Harmony OS ၏ ပင်မ လုပ်ဆောင်နိုင်စွမ်းများဖြစ်သော ချိတ်ဆက်မှု၊ ကင်မရာနှင့် AI လုပ်ဆောင်ချက်များကိုလည်း ဝေမျှသွားမည်ဖြစ်ကြောင်း၊ Harmony OS သည် အသုံးပြုသူများ၊ အက်ပလီကေးရှင်း Developer များနှင့် မိတ်ဖက် နည်းပညာလုပ်ငန်းများအတွက် ထူးခြားဆန်းသစ်သည့် အကျိုးသက်ရောက်မှုများကို ပေးနိုင်မည်ဖြစ်ကြောင်း၊ သုံးစွဲသူများအား အကောင်းဆုံးသော အတွေ့အကြုံများ ပေးစွမ်းနိုင်မည့် အက်ပလီကေးရှင်းနှင့် ဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်လည်း ကြိုးစားသွားမည်ဖြစ်ကြောင်း ဟွာဝေးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကျော်ဇင်ဦး

အော်ပရေးတင်းစစ်စတမ်(Operating System-OS)ဆိုသည်မှာ

သူရဖြိုး

ယနေ့ မိုဘိုင်းဖုန်းသုံးစွဲနေသူတိုင်း ပြောနေကျ၊ ကြားနေကျ စကားလုံးတစ်ခုမှာ OS ဆိုသည့် စကားလုံးဖြစ်ပြီး အရှည်မှာ Operating System ဖြစ်သည်။ အနီးစပ်ဆုံး အဓိပ္ပာယ် အနေဖြင့် စက်လည်ပတ်မှုစနစ်ဟု ပြန်ဆိုနိုင်ပြီး မိုဘိုင်းဖုန်းတစ်လုံးကို စတင်ပါဝါဖွင့်ချိန်မှစ၍ Operating System က အလုပ်လုပ်ပေးကာ မိုဘိုင်းဖုန်း၏ မည်သည့်လုပ်ဆောင်ချက်ကိုမဆို အသုံးပြုရာတွင်လည်း OS အပေါ်တွင် အခြေခံ၍သာ အသုံးပြုရခြင်းဖြစ်သည်။

ကွန်ပျူတာများအတွက် Operating System

မိုဘိုင်းဖုန်းကိုသာ အသုံးပြုသူများအနေဖြင့် Operating System ဆိုသည်ကို ဖုန်းနှင့်ပတ်သက်၍သာ သိကြသော်လည်း Operating System သည် ကွန်ပျူတာများတွင်လည်း စက်လည်ပတ်မှုအတွက် အသုံးပြုရသော အဓိကစနစ် ဖြစ်သည်။ ကွန်ပျူတာများတွင် Operating System အမျိုးမျိုးရှိပြီး အဓိက လူသုံးအများဆုံးမှာ မိုက်ခရိုဆော့ဖ်၏ နာမည်ကျော် Window OS နှင့် Apple ကုမ္ပဏီ၏ MAC OS တို့ ဖြစ်သည်။

Windows OS တွင် ဗားရှင်းခွဲများ အများအပြားရှိပြီး ထိုအထဲမှ လူသုံးများခဲ့သော ဗားရှင်းများမှာ Windows 98, Windows ME, Windows XP, Windows 7 နှင့် Windows 10 တို့ ဖြစ်သည်။ Windows 10 က နောက်ဆုံးထွက်ဗားရှင်းဖြစ်ပြီး လက်ရှိအချိန်တွင် အများဆုံး အသုံးပြုနေကြသည့် ဗားရှင်းလည်းဖြစ်သည်။

Apple ၏ MAC OS တွင်လည်း ဗားရှင်းအမျိုးမျိုးရှိပြီး Apple သည် အစောပိုင်း MAC OS ဗားရှင်းများကို ကျားသစ်နှင့် ခြင်္သေ့ မျိုးကွဲအမည်များဖြင့် ထုတ်လုပ်ခဲ့ကာ နောက်ပိုင်းတွင် သဘာဝရှုခင်းအမည်များဖြင့် ထုတ်လုပ်နေသည်။

Linux OS မှာမူ စွမ်းရည်မြင့်သော Open Source OS တစ်ခုဖြစ်သော်လည်း နည်းပညာသမားများ၊ ပရိုဂရမ်ရေးသူများသာ အသုံးများကြပြီး သာမန်ကွန်ပျူတာသုံးသူများ အသုံးနည်းသည့် OS ဖြစ်သည်။ Google က ထုတ်လုပ်ထားသည့် Chrome OS မှာလည်း လူသုံးနည်းသည်။ ထို့အပြင် အခြားသော ကွန်ပျူတာသုံး Operating System အချို့ ရှိသေးသော်လည်း နည်းပညာသမားများသာ လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ အသုံးပြုကြပြီး သာမန်လူများအဖို့ သုံးစွဲမှုမရှိသလောက် နည်းပါးသည်။

မိုဘိုင်းဖုန်းအတွက် OS များ

မိုဘိုင်းဖုန်းများအတွက်လည်း ကွန်ပျူတာများကဲ့သို့ပင် Operating System အမျိုးမျိုးရှိသည်။ လူသိများသည့် မိုဘိုင်းဖုန်း Operating System များမှာ Android, iOS, Windows, Blackberry နှင့် Symbian တို့ဖြစ်သည်။

Windows OS သည် Windows Phone ဟု ခေါ်ကြသော ဖုန်းများတွင် ပါဝင်သည့် မိုက်ခရိုဆော့ဖ်၏ OS ဖြစ်ပြီး ကွန်ပျူတာတွင် သုံးနေသည့် Windows OS ကို ဖုန်းနှင့် တက်ဘလက်များတွင် သုံးနိုင်ရန်အတွက် မိုက်ခရိုဆော့ဖ်က ပြုပြင်ပြောင်းလဲပေးထားခြင်းဖြစ်သည်။ Blackberry မှာ အမေရိကန်နိုင်ငံထုတ် Blackberry ဖုန်း၏ OS ဖြစ်ပြီး Blackberry ဖုန်းများတွင်သာ ပါဝင်ကာ Blackberry ဖုန်းများမှာ ကမ္ဘာ့ဈေးကွက်နှင့်ယှဉ်ပါက သုံးစွဲမှုနည်းသဖြင့် Blackberry OS ကိုလည်း သုံးသူ နည်းသည်။ Symbian OS မှာ ယခင်က ကမ္ဘာ့မိုဘိုင်းဖုန်း ထုတ်လုပ်မှုတွင် ဘုရင်ဖြစ်ခဲ့သည့် Nokia ၏ ကိုယ်ပိုင် Operating System ဖြစ်ပြီး နောက်ပိုင်းတွင် Android OS ကို မယှဉ်နိုင်တော့ဘဲ ထုတ်လုပ်မှု ရပ်ဆိုင်းခဲ့ရသည်။

iOS

iOS မှာ နာမည်ကျော် Apple ၏ မိုဘိုင်းထုတ်ကုန်များဖြစ်သည့် iPhone နှင့် iPad များတွင် သီးသန့်အသုံးပြုနေသည့် Operating System ဖြစ်သည်။ လက်ရှိအချိန်တွင် iPhone နှင့် iPad တွင် အသုံးပြုနေခြင်းကြောင့် iOS ကို လူသိများသော်လည်း iOS သည် ပထမဆုံး iPhone မပေါ်မီကပင် iPod touch သီချင်းဖွင့်စက်များတွင် အသုံးပြုခဲ့သည့် OS ဖြစ်သည်။

ထို့နောက် ပထမဆုံး iPhone ကို ထုတ်လုပ်သည့်အချိန်တွင်လည်း iOS 1 ကို စတင်အသုံးပြုခဲ့ကာ ထိုမှတစ်ဆင့် ဖုန်းမော်ဒယ်အလိုက် iOS ကိုလည်း အဆင့်မြှင့်တင် ထုတ်လုပ်ခဲ့ရာ ယခုနောက်ဆုံး အတည်ပြုသုံးနေသောဗားရှင်းမှာ iOS 10 ဖြစ်သည်။ စမ်းသပ်ဗားရှင်းအနေဖြင့် iOS 12 ကိုလည်း ထုတ်လုပ်ထားပြီးဖြစ်သည်။

Android OS

Android မှာ ယနေ့ ဖုန်းဈေးကွက်အတွင်း iPhone မှအပ အခြားဖုန်း အားလုံးနီးပါးတွင် အသုံးပြုလျက်ရှိသည့် အအောင်မြင်ဆုံးသော Operating System ဖြစ်သည်။ ပြည်တွင်းဈေးကွက်တွင် Windows နှင့် Blackberry OS များကို အသုံးပြုမှု မရှိသလောက်နည်းသဖြင့် iPhone မှလွဲ၍ မည်သည့်တံဆိပ်ဖုန်းမဆို Android OS သာဖြစ်သည်ဟုပင် ဆိုနိုင်သည်။ ဖုန်းထုတ်လုပ်သည့် ကုမ္ပဏီများက Android OS ကိုပင် မိမိတို့ကုမ္ပဏီအလိုက် User Interface(UI) ပြောင်းလဲ၍ သုံးထားကြခြင်းဖြစ်သည်။ ထို့ကြောင့် အသုံးပြုရာတွင် ဖုန်းအမျိုးအစားအပေါ်မူတည်ကာ သုံးရသည့်ပုံစံ ကွာခြားမှုများ ရှိနေသော်လည်း UI သာ ကွာခြားခြင်းဖြစ်ပြီး အဓိက စက်လည်ပတ်သည့်စနစ်မှာ Android သာဖြစ်သည်။

Android ၏ အဓိပ္ပာယ်မှာ လူသားတစ်ပိုင်းစက်ရုပ်ဟု အဓိပ္ပာယ်ရပြီး စတင်ထုတ်လုပ်ချိန်က အစမ်းဗားရှင်းနှစ်ခုအဖြစ် Alpha နှင့် Beta ကို ထုတ်လုပ်ခဲ့သည်။ ထို့နောက် Cupcake ဟူသည့် မုန့်အမည်ဖြင့် Android ကို ဖုန်းများတွင် စတင်အသုံးပြု ရောင်းချခဲ့ရာ ထိုအချိန်မှစ၍ အောင်မြင်မှုများ ဆက်တိုက်ရရှိခဲ့သည်။ နောက်ပိုင်းတွင်လည်း Donut, Éclair စသည့် အင်္ဂလိပ် အက္ခရာစဉ်အလိုက် မုန့်အမည်များဖြင့် ဗားရှင်းသစ်များထုတ်လုပ်ခဲ့ရာ ယခုအချိန်တွင် အက္ခရာ O အထိ ရောက်ရှိနေပြီး အမည်မှာ Oreo ဖြစ်သည်။

အခြားသော မိုဘိုင်း Operating System များနှင့် မတူသော Android ၏ထူးခြားချက်မှာ ကုမ္ပဏီပိုင် OS မဟုတ်ဘဲ မည်သူမဆို တရားဝင် အခမဲ့ ယူသုံးနိုင်၊ အဆင့်မြှင့်တင်နိုင်သော Open Source OS ဖြစ်နေခြင်း ဖြစ်သည်။ ထိုသို့ Open Source ဖြစ်နေခြင်းကြောင့် ဖုန်းကုမ္ပဏီများက မိမိတို့၏ UI များနှင့်တွဲ၍ အသုံးပြုခြင်းဖြင့် Android ကို ပို၍ လူသုံးများလာခဲ့သလို Open Source ဖြစ်နေခြင်းကြောင့်ပင် ကမ္ဘာအနှံ့မှ ပညာရှင်များက ပါဝင် အဆင့်မြှင့်တင် ပြုပြင်မှုများကြောင့် Android OS သည် ကောင်းသည်ထက် ကောင်းလာခဲ့ခြင်း ဖြစ်ပေတော့သည်။ ။

အူရီဒူးသုံးသူများ၏အခက်အခဲများကို အက်ပလီကေးရှင်းမှ Live Chat ဖြင့် ဖြေရှင်းပေးမည့် ဝန်ဆောင်မှုသစ် တိုးချဲ့ထား

ရန်ကုန် ဩဂုတ် ၁၂

အူရီဒူးဆင်းကတ်များကို အသုံးပြုနေသူများအနေဖြင့် ကြုံတွေ့ရသော အခက်အခဲများနှင့်ပတ်သက်၍ သုံးစွဲသူဝန်ဆောင်မှုဌာနသို့ ဖုန်းခေါ်ဆိုရန်မလိုအပ်ဘဲ My Ooredoo အက်ပလီကေးရှင်းမှတစ်ဆင့် သုံးစွဲသူဝန်ဆောင်မှုဌာနသို့ ကိုယ်တိုင်တိုက်ရိုက် အကြောင်းကြားကာ Live Chat မှတစ်ဆင့် ဖြေရှင်းပေးမှုများကို ရယူနိုင်မည့် ဝန်ဆောင်မှုသစ်ကို အူရီဒူးအက်ပလီကေးရှင်းတွင် ဩဂုတ် ၉ ရက်မှစ၍ တိုးချဲ့ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။

အဆိုပါ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုအရ အသုံးပြုသူအနေဖြင့် ကြုံတွေ့ရသည့် အခက်အခဲများအတွက် သမားရိုးကျ ဖြေရှင်းသည့်နည်းဖြစ်သော သုံးစွဲသူဝန်ဆောင်မှုဌာနသို့ ဖုန်းခေါ်ဆို၍ မေးမြန်းခြင်းထက် ပိုမိုမြန်ဆန်စွာ မေးမြန်းစုံစမ်း၍ အခက်အခဲများကို ကိုယ်တိုင်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝန်ဆောင်မှုကို အသုံးပြုနိုင်ရန်အတွက် အူရီဒူးအသုံးပြုသူများအနေဖြင့် My Ooredoo အက်ပလီကေးရှင်းတွင် ဖုန်းနံပါတ်ဖြင့် စာရင်းသွင်းထားရမည်ဖြစ်ပြီး အက်ပလီကေးရှင်းထဲမှ ဆက်သွယ်ရန်/အကူအညီ(Contact Us/Support)နေရာသို့ ဝင်ရောက်ကာ တိုက်ရိုက်စကားပြောရန် (Report an Issue)နေရာကို နှိပ်ရမည်ဖြစ်သည်။ ထို့နောက် အသုံးပြုသူ၏ အမည်၊ ဖြစ်ပေါ်နေသည့် အခက်အခဲ၊ နေ့ရက်၊ အချိန်နှင့် အဆိုပါအခက်အခဲနှင့်စပ်လျဉ်းသည့် အကြောင်းအရာ ဥပမာ-ကွန်ရက်ဆိုင်ရာ၊ ဘေလ်ဆောင်ခြင်းဆိုင်ရာ၊ ငွေဖြည့်သွင်းခြင်းဆိုင်ရာ၊ ထုတ်ကုန်များဆိုင်ရာ(သို့မဟုတ်) ဝန်ဆောင်မှုဆိုင်ရာ စသည်များကို ရွေးချယ်ဖြည့်သွင်းရမည်ဖြစ်သည်။

အဆိုပါ အချက်အလက်များကို ဖြည့်သွင်းပေးပို့ပြီးပါက အခက်အခဲဆိုင်ရာ မှတ်တမ်းနှင့်အတူ စာတိုတစ်ခုကို အသုံးပြုသူထံသို့ အက်ပလီကေးရှင်းက ပြန်လည်ပေးပို့မည်ဖြစ်ပြီး သုံးစွဲသူဝန်ဆောင်မှုဌာနမှ တာဝန်ရှိသူက ဖြေရှင်းချက်များနှင့်အတူ အချိန်တိုအတွင်း Live Chat မှတစ်ဆင့် ပြန်လည်ဆက်သွယ်၍ အကြောင်းပြန် ဖြေရှင်းပေးမည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာမှ တာဝန်ရှိသူ Mr. Alok Verma က "အူရီဒူးမြန်မာအနေနဲ့ အသုံးပြုသူတွေအားလုံးအတွက် ဒစ်ဂျစ်တယ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုတွေနဲ့ စဉ်ဆက်မပြတ် အဆင့်မြှင့်တင်ခြင်းတွေကို လုပ်ဆောင်လျက်ရှိပါတယ်၊ အခုလို ဝန်ဆောင်မှုကို ထည့်သွင်းလိုက်ခြင်းကြောင့် အသုံးပြုတွေအတွက် ၂၄ နာရီ ခုနစ်ရက်ပတ်လုံး အချိန်မရွေး အခက်အခဲများကို ဖြေရှင်းပေးပြီး အထိရောက်ဆုံး သုံးစွဲသူဝန်ဆောင်မှုတွေကို ပေးအပ်နိုင်မှာ ဖြစ်ပါတယ်၊ အသုံးပြုသူတွေအနေနဲ့လည်း ဒီဝန်ဆောင်မှုကို အသုံးပြုပြီး ကြုံတွေ့လာတဲ့ အခက်အခဲတွေကို လွယ်လွယ်ကူကူ ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အူရီဒူး၏ ဝန်ဆောင်မှုများကို အသုံးပြုနေသူများအနေဖြင့် အူရီဒူးအက်ပလီကေးရှင်း မရှိသေးပါက နံပါတ် *565# ကို ဖုန်းခေါ်ဆိုပြီး ရရှိလာသည့် Link မှတစ်ဆင့် My Ooredoo အက်ပလီကေးရှင်းကို ဒေါင်းလုပ်ဆွဲ၍ ယခု အသစ်ပေးသည့် ဝန်ဆောင်မှုဖြစ်သော Live Chat အပါအဝင် အဆင့်မြှင့်တင်ထားသည့် ဝန်ဆောင်မှုများကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သူရဖြိုး



သမိုင်းအထောက်အထား ရှေးဟောင်းကျောက်စာများ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ သမိုင်းတင်ခေတ်ကို လေ့လာရာတွင် ကျောက်စာများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့သည့် မြန်မာနိုင်ငံ၏သမိုင်းကို ဖော်ထုတ်ရာတွင် ရှေးခေတ်များက ရေးထိုးခဲ့သည့် ကျောက်စာများသည် ပညာရှင်နှင့် သုတေသီများ အဓိကအားကိုးကြရသည့် ခိုင်မာသော အထောက်အထားများ ဖြစ်ကြပေသည်။ သို့သော် ရှေးကျောက်စာများကို မျက်မှောက်ခေတ်သုံး အက္ခရာများဖြင့် ရေးထိုးခဲ့ခြင်း မဟုတ်သဖြင့် ယင်းတို့၏ အဓိပ္ပာယ်ကို သိရှိရန် ကျောက်စာပညာကို လေ့လာသင်ယူကြရသည်။ ကျောက်စာများကို လေ့လာခြင်းဖြင့် ကျောက်စာရေးထိုးသောခေတ်က ယုံကြည်မှုအယူဝါဒများ၊ ယဉ်ကျေးမှုအနုပညာများနှင့် လူမှုဆက်ဆံရေးများကို မှန်းဆအကဲခတ်နိုင်သဖြင့် နိုင်ငံသမိုင်းကို များစွာအထောက်အကူဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားသည်။

လူသားများသည် စာပေအရေးအသားကို မတီထွင်နိုင်မီက မိမိတို့ပြောလိုသည့် အကြောင်းအရာများကို အရုပ်များ၊ သင်္ကေတများဖြင့် မှတ်တမ်းတင်ခဲ့ကြပြီး အက္ခရာစာလုံးများကို အသုံးပြုနိုင်ခဲ့ချိန်တွင် စာသားများဖြင့် ရေးသားခဲ့ကြသည်။

ကျောက်စာ စာအုပ်များ

ထို့ကြောင့် ရှေးဟောင်းကျောက်စာများကို လေ့လာနိုင်ရန် ပညာရှင်များ စုဆောင်းပြုစုခဲ့သည့် ကျောက်စာလေ့လာမှုဆိုင်ရာ စာအုပ်များကို ခေတ်အဆက်ဆက် ထုတ်ဝေခဲ့ကြသည်။ ၁၈၈၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပါဠိဘာသာပါမောက္ခမှ ကမ္ဘည်း ကျောက်စာဌာန၊ ကျောက်စာဝန်ဖြစ်လာခဲ့သူ ဒေါက်တာ အီးဖောချမ်းမား (Dr.E Forchhammer)သည် မြန်မာနိုင်ငံအတွင်းရှိ ကျောက်စာများကို မင်ဖြင့် မိတ္တူများ ကူးယူခဲ့သည်။ ဖောချမ်းမား ကွယ်လွန်ပြီးနောက် ယင်းစုဆောင်းခဲ့သည့် ကျောက်စာများကို ကျောက်စာဝန် မစ္စတာ တော်စိန်ခိုက ပုဂံ၊ ပင်းယ၊ အင်းဝရှိကျောက်စာများ(၁၈၉၂) (Inscription of Pagan, Pinya, Ava,1892)၊ ဘိုးတော်ဘုရားစုရုံးခဲ့သော ကျောက်စာများမှကူးသော မန္တလေးမြို့ မဟာမြတ်မုနိဘုရားရှိ ကျောက်စာများ အတွဲ နှစ်တွဲ (၁၈၉၇) (The Inscriptions copied from the stones collected by King Bodwpaya and placed near the Arakan Pagoda Vol. I,II, 1897)၊ အထက်မြန်မာပြည်၌ စုဆောင်းထားသော ကျောက်စာများ အတွဲ နှစ်တွဲ (၁၉၀၀ နှင့် ၁၉၀၃)၊ (The Inscriptions collected in upper Burma, 1900 and 1903)၊ ဘိုးတော်ဘုရားစုရုံးခဲ့သော အမရပူရမြို့ ပုထိုးတော်ကြီးဘုရားအရံအတွင်းရှိ မူလထိုးကျောက်စာများ(၁၉၁၃) (The Original Inscriptions collected King Bodawpaya and now palaced near the Patodawgyi Pagoda, Amarapura, 1913) အမည်တို့ဖြင့် ထုတ်ဝေခဲ့သည်။

ကမ္ဘည်းကျောက်စာဌာနသည် ၁၉၁၉ ခုနှစ်မှစ၍ နှစ် ၂၀ အတွင်း မြန်မာပြည်ကမ္ဘည်းကျောက်စာများ(Epigraphia Birmanica) စာစဉ် ခုနစ်အုပ်ကို ထုတ်ဝေခဲ့သည်။ ၁၉၂၁ ခုနှစ်အထိ တွေ့ရှိထားသော ကျောက်စာများကို အမှတ်စဉ်၊ သက္ကရာဇ်၊ တွေ့ရှိသည့်နေရာ၊ ယခုရှိနေသည့် နေရာ၊ ကျောက်စာထိုးဘာသာစကား၊ အကြောင်းအရာစသည်တို့ကို စုစည်း၍ မြန်မာပြည်တွင် တွေ့ရှိရသည့် ကျောက်စာများစာရင်း(A List of Inscriptions found in Burma) စာအုပ်ကို ထုတ်ဝေခဲ့သည်။

ထို့အတူ ပါမောက္ခဦးဖေမောင်တင်နှင့် ဂျီ အိပ်ချ်လုစ်တို့က ၁၉၂၈ ခုနှစ်တွင် ပုဂံကျောက်စာညွန့်ပေါင်း၊ ၁၉၃၃ ခုနှစ်မှ ၁၉၅၆ ခုနှစ်အတွင်း တိုင်းရင်းမြန်မာကျောက်စာများ ငါးတွဲ၊ ပါမောက္ခဦးမောင်က ၁၉၅၈ ခုနှစ်တွင် ပုဂံကျောက်စာလက်ရွေးစင်စာအုပ်ကို ထုတ်ဝေခဲ့ကြသည်။ ရှေးဟောင်းသုတေသနဦးစီးဌာနမှ သုတေသနလက်ထောက် ဦးငြိမ်းမောင် စုစည်းခဲ့သည့် မြန်မာသက္ကရာဇ် ၄၇၄ ခုနှစ်မှ ၉၉၈ ခုနှစ်အတွင်း ရေးထိုးခဲ့သော ရှေးဟောင်းမြန်မာကျောက်စာများ အတွဲ ငါးတွဲကိုလည်း ထုတ်ဝေခဲ့သည်။

လက်ရှိအချိန်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာ့ရှေးဟောင်းကျောက်စာ စာအုပ်များကို ဆက်လက်ထုတ်ဝေလျက်ရှိသည်။

ထူးထူးခြားခြား ကျောက်စာများ

မူလထိုးကျောက်စာများတွင် ကျောက်စာအမည်များ မပါရှိသော်လည်း ရေးထိုးသူအမည်ကို အစွဲပြု၍ ရာဇကုမာရ် ကျောက်စာ၊ ရှင်ဒိသာပါမောက်ကျောက်စာ၊ မနူဟာကျောက်စာ၊ ဓမ္မစေတီကျောက်စာ၊ ကျောက်စာရေးထိုးခဲ့သည့် နေရာဒေသကို အစွဲပြုလျက် သထုံမြသပိတ်စေတီကျောက်စာ၊ ပဲခူးကလျာဏီသိမ်ကျောက်စာ၊ ကျောက်စာတည်ရှိသည့် စေတီ၊ ဘုရားနေရာကို အစွဲပြု၍ ရွှေစည်းခုံစေတီကျောက်စာ၊ ထီးလိုမင်းလိုကျောက်စာ၊ ကုသိုလ်တော်ဘုရားကျောက်စာ၊ အကြောင်းအရာကို မူတည်၍ ကျစွာမင်း အမိန့်ပြန်တမ်းကျောက်စာ၊ စောရဟန်းသိမ်ကျောက်စာ၊ ကျောက်စာများ စုစည်းထားရှိသည့်နေရာကို မူတည်၍ နန်းတွင်းကျောက်စာ၊ ထူပါရုံကျောက်စာ၊ ဟန်လင်းကျောက်စာရုံကျောက်စာ စသည်ဖြင့် ခေါ်ဆိုခဲ့ကြသည်။

> **“မြန်မာနိုင်ငံအတွင်း နေရာဒေသအသီးသီး၌ တွေ့ရှိရသည့် ရှေးဟောင်းကျောက်စာများကို ပါဠိ၊ သက္ကတ၊ မြန်မာ၊ မွန်၊ ပျူ၊ ရခိုင် စသည့်ဘာသာစကားများဖြင့် ရေးထိုးခဲ့သဖြင့် ခေတ်ကာလဆိုင်ရာ ဘာသာစကား၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် သမိုင်းနောက်ခံများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ ကမ္ဘည်းကျောက်စာအများစုသည် ကုသိုလ်ကောင်းမှုဆိုင်ရာ မှတ်တမ်းများဖြစ်ကြသော်လည်း ထူးခြားသော ကျောက်စာများကိုလည်း တွေ့ရှိကြရပေသည်”**

မြန်မာနိုင်ငံအတွင်း နေရာဒေသအသီးသီး၌ တွေ့ရှိရသည့် ရှေးဟောင်းကျောက်စာများကို ပါဠိ၊ သက္ကတ၊ မြန်မာ၊ မွန်၊ ပျူ၊ ရခိုင် စသည့်ဘာသာစကားများဖြင့် ရေးထိုးခဲ့သဖြင့် ခေတ်ကာလဆိုင်ရာ ဘာသာစကား၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး စသည့်သမိုင်းနောက်ခံများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ ကမ္ဘည်းကျောက်စာအများစုသည် ကုသိုလ်ကောင်းမှုဆိုင်ရာ မှတ်တမ်းများ ဖြစ်ကြသော်လည်း ထူးခြားသော ကျောက်စာများကိုလည်း တွေ့ရှိကြရပေသည်။

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေက မင်ဝိုင်းကျောက်စာတွင် မြေရှင်၊ မြေငှား၊ မြေရောင်းဝယ်ပုံ၊ လေးမျက်နှာကျောက်စာတွင် ကျွန်အရောင်းအဝယ်ပြုပုံ၊ ဓမ္မရာဇိကဘုရားကျောက်စာတွင် ပုဂံခေတ်နိုင်ငံရေးနှင့် ခရိုင်အမည်၊ ခေမာရ်ဘုရားကျောက်စာတွင် ငရဲကြီးရှစ်ထပ်၊ မင်းမတ်ဉာဏဝိစည်ကျောက်စာတွင် အနုပညာသည်များ၊ မြောက်ဂူကြီးဘုရားကျောက်စာတွင် ဂီတတူရိယာ၊ စောရဟန်းသိမ်ကျောက်စာတွင် ဗိသုကာပညာ၊ ရှင်ဒိသာပါမောက်ကျောက်စာတွင် တရုတ်ပြည်သံတမန်မှတ်တမ်း၊ ရှင်ပင်ဗောဓိကျောက်စာတွင် သတ္တုများသုံးစွဲပုံ၊ ဖုန်သည်မင်းအနန္တသူကျောက်စာတွင် ပေပြုလုပ်ပုံများကို ရေးထိုးခဲ့ကြောင်း မှတ်တမ်းပြုခဲ့သည်။

မူလထိုး၊ ဆင့်ထိုး၊ စပ်ထိုးကျောက်စာများ

ကျောက်စာများတွင် မူလထိုး၊ ဆင့်ထိုးနှင့်စပ်ထိုးဟု ရှိရာ မူလထိုးကျောက်စာများသည် အထောက်အထား အခိုင်မာဆုံးဟု ဆိုကြသော်လည်း ဆင့်ထိုး၊ စပ်ထိုးကျောက်စာများကိုလည်း အကိုးအကားပြုကြရသည်။

မူလထိုးကျောက်စာသည် ပထမဆုံးရေးထိုးခဲ့သည့် ကျောက်စာဖြစ်၍ မူလကျောက်စာပါ အကြောင်းအရာများကို ပြန်လည်ရေးထိုးသည့် ကျောက်စာများသည် ဆင့်ထိုးဖြစ်၍ မူလကျောက်စာအကြောင်းအရာများကို တစ်ခု၊ နှစ်ခု စသည်ဖြင့် ပေါင်းစပ်ရေးထိုးထားလျှင် စပ်ထိုးဖြစ်သည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် ကောက်ယူခဲ့သည့် အခွန်စစ်တမ်းများအရ မြန်မာနိုင်ငံအရပ်ရပ်မှ သယ်ယူခဲ့သည့် ကျောက်စာများအနက် ပျက်စီးမှုနည်းပါးသည့် ကျောက်စာများကို မန္တလေးနန်းတွင်းရှိ ကျောက်စာရုံနှစ်ရုံတွင် စိုက်ထူထားခဲ့ရာ တောင်ဘက်ကျောက်စာရုံ၌ ၆၂၅ ချပ်၊ မြောက်ဘက်ကျောက်စာရုံ၌ အချပ် ၁၄၀ ရှိသည်။

ထို့အတူ ပျက်စီးမှုနည်းပါးသော မူလထိုးကျောက်စာများကို စစ်ကိုင်းမြို့၊ ထူပါရုံစေတီဝင်းအတွင်းနှင့် ပုဂံပြတိုက်တွင် ဆက်စပ်စိုက်ထူခဲ့သည်။ ပျက်စီးမှုများပြားကာ မူလကျောက်စာအတိုင်းဆက်စပ်၍ မစိုက်ထူနိုင်တော့သည့် ကျောက်စာများကို ပြန်လည်ရေးထိုး၍ မန္တလေးမြို့ မဟာမုနိဘုရားဝင်းအတွင်း အနောက်တောင်ထောင့်တွင် စိုက်ထူခဲ့သည်။ အချို့ကျောက်စာများကို မူလစာသားများအပြင် နောက်ပိုင်းတွင် လှူဒါန်းသည့် အလှူရှင်များ၏ အမည်များပေါင်းစပ်၍ ကျောက်စာအသစ်များ ရေးထိုးစိုက်ထူခဲ့ရာ မဟာမုနိ အရှေ့ဘက်ကျောက်စာရုံတွင် သဲကျောက်ဖြင့်ပြုလုပ်ထားသည့် ကျောက်စာ ၁၈၇ ချပ်နှင့် အနောက်ဘက်ကျောက်စာရုံတွင် စကျင်ကျောက်တွင် ရေးထိုးထားသည့် ကျောက်စာ ၅၂၃ ချပ်ကို ထိန်းသိမ်းထားရှိသည်။

မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့သည့် ကျောက်စာများအနက် ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် သရေခေတ္တရာနှင့် ဟန်လင်းမှ တွေ့ရှိခဲ့သည့် ကျောက်စာများသည် အစောဆုံးဖြစ်ကြသည်။ သရေခေတ္တရာမှ တူးဖော်ရရှိခဲ့သည့် ကျောက်အရိုးအိုးများတွင် ပျူဘုရင်များ၏ အမည်များနှင့် နတ်ရွာစံသည့်သက္ကရာဇ်များ ရေးထိုးထားသဖြင့် ဝိကြမ မင်းဆက်ကို ခြေရာကောက်နိုင်ခဲ့ကြသည်။

ကျောက်စာများသာမက ရွှေပြားစာ၊ ငွေပြားစာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ၊ ပလ္လင်စာ စသည်တို့ လည်းရှိခဲ့ရာ ရာဇကုမာရ်ကျောက်စာနှင့်ဘုရားထောင်အရိုးအိုး အပါအဝင် ကျောက်အိုးများပေါ်တွင် ရေးသားထားသည့် စာများကို အဓိပ္ပာယ် ပြန်ဆိုနိုင်ခဲ့သည်။

ရခိုင်ပြည်နယ် သံတွဲနှင့် မြို့ဟောင်းအနီးမှ အေဒီ ခုနစ်ရာစုနှင့် ရှစ်ရာစုထိုးကျောက်စာများကို တွေ့ရှိခဲ့ပြီး သျှစ်သောင်းဘုရားရှိ စန္ဒြမင်းဆက်ကျောက်စာအရ ရခိုင်မင်းဆက်နှင့်သမိုင်းဖြစ်ရပ်များကို သိရှိနိုင်ခဲ့ကြသည်။ ထို့အတူပင် မွန်ပြည်နယ်မှ တြာပ်နှင့် ပဏ္ဍိတ် ကျောက်စာနှစ်ချပ်ကို တွေ့ရှိခဲ့သည်။

မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြား၌ တွေ့ရှိရသည့် ကျောက်စာများသည် အချပ်ရေ ၃၀၀၀ ခန့်ရှိမည်ဖြစ်ကြောင်း ဆရာကြီး ဦးမြင့်အောင်က မှတ်တမ်းပြုခဲ့သည်။ ကျောက်စာများကို ဝေဘူကျောက်၊ သဲကျောက်နှင့် စကျင်ကျောက်များတွင် အများဆုံးရေးထိုးခဲ့ကြကာ ကျောက်စာအများစုကို မြန်မာနိုင်ငံအလယ်ပိုင်း၊ မိုးခေါင်ရေရှားရပ်ဝန်းဒေသများတွင် တွေ့ရှိခဲ့ရသည်။ ယင်းတို့အနက် ကုသိုလ်တော် ဘုရားကျောက်စာ ၇၂၉ ချပ်နှင့် ရာဇကုမာရ်ကျောက်စာတို့သည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) များအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

မြန်မာ့ရှေးဦး ကျောက်စာဝန်နှစ်ဦး

မြန်မာစာပေသမိုင်းတွင် ၁၈ ရာစု နောက်ပိုင်းမှစ၍ ၁၉ ရာစု နှစ်ဦးပိုင်းအထိ ရာဇဝင်ကျမ်းများပေါ်ထွက်ခဲ့ရာ ညောင်ရမ်းဆက် တနင်္ဂနွေမင်း (ခရစ်နှစ် ၁၇၁၄-၁၇၃၃) လက်ထက်တွင် ဦးကုလားရာဇဝင်၊ ကုန်းဘောင်ခေတ်ဗဒုံမင်း (ခရစ်နှစ် ၁၇၈၂-၁၈၁၉) လက်ထက်တွင် တွင်းသင်းမဟာရာဇဝင်သစ်နှင့် စစ်ကိုင်းမင်း (ခရစ်နှစ် ၁၈၁၉-၁၈၃၇) လက်ထက်တွင် မှန်နန်းရာဇဝင်တို့ကို ရေးသားပြုစုခဲ့ကြသည်။ ယင်းသမိုင်းကျမ်းများကို ပေရွက်များပေါ်တွင် ရေးသားခဲ့ပြီး ပုံနှိပ်နည်းပညာများ တိုးတက်လာချိန်တွင် စာအုပ်များအဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ကုန်းဘောင်ခေတ်ဘုရင် ဗဒုံမင်းသည် ကျောက်စာများကို အထောက်အထားပြု၍ သာသနာ့မြေနှင့် ဘုရင့်မြေကို ခွဲခြားသိရှိနိုင်ရန် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောက်စာများကို စုဆောင်း၍ ဖတ်ရှုစေခဲ့သည်။ ယင်းကျောက်စာများကို ကြီးကြပ်ရသည့် တွင်းသင်းတိုက်ဝန် မဟာစည်သူနှင့် သက်ပန်းအတွင်းဝန် ဗလရာဇာကျော်ထင်တို့သည် မြန်မာနိုင်ငံ၏ ပထမဆုံးကျောက်စာဝန်များ ဖြစ်ကြပေသည်။

ဗဒုံမင်းက ရှေးရာဇဝင်ကျမ်းများတွင် ကျောက်စာများနှင့် မကိုက်ညီမှုများကို တွေ့ရှိခဲ့သဖြင့် တွင်းသင်းတိုက်ဝန် မဟာစည်သူအား ကျောက်စာများနှင့် ညီညွတ်သည့် ရာဇဝင်သစ် တစ်စောင်ပြုစုရန် တိုက်တွန်းခဲ့ရာမှ တွင်းသင်းမဟာရာဇဝင်သစ် ထွက်ပေါ်ခဲ့သည်။ ဗဒုံမင်းသည် ကျောက်စာများ၏ သမိုင်းတန်ဖိုးကို ကောင်းစွာသိရှိခဲ့သဖြင့် တွင်းသင်းမဟာရာဇဝင်သစ်သည် ကျောက်စာများကို အကိုးအကားပြုသည့် ပထမဆုံး ရာဇဝင်ကျမ်းဖြစ်လာခဲ့သည်။ မဟာရာဇဝင်ကြီး ဋီကာနိဿယတွင် ရာဇဝင်စကားနှင့် ကျောက်စာ စသည်တို့ မညီမညွတ်ဖြစ်ကုန်မူကား ရာဇဝင်စကားကို မယုံကြည်အပ်၊ ကျောက်စာစသည်တို့သာ ယုံကြည်အပ်ဟုပင် ရေးသားထားသည်။

စာမျက်နှာ ၂၁ သို့

လှိုင်သာယာမြို့နယ်ရှိ ရပ်ကွက်နှစ်ခု၌ ဂျပန်နိုင်ငံမှပံ့ပိုးသည့် အမှိုက်ပုံးများဖြင့် အမှိုက်သိမ်းပေးနေ

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ Japan Fund for Poverty Reduction(JFPR-ADB Grant) က ထောက်ပံ့ကူညီမှုတစ်ခုအနေဖြင့် လှိုင်သာယာမြို့နယ်မှ လမ်းများအတွက် ကွန်တိန်နာအမှိုက်ပုံးများ၊ အမှိုက်သယ် သုံးဘီးဆိုင်ကယ်များနှင့် ရိုးရိုးအမှိုက်ပုံးများကို ထောက်ပံ့ကူညီထားကြောင်း သိရသည်။

"ကွန်တိန်နာအမှိုက်ပုံး ခြောက်ပုံး၊ သုံးဘီးဆိုင်ကယ် ခုနစ်စီးနဲ့ ရိုးရိုးအမှိုက်ပုံး ၂၂၅ ပုံးကို JFPR-ADB Grant က ထောက်ပံ့လှူဒါန်းထားတဲ့အတွက် ကျွန်တော်တို့ စည်ပင်သာယာနဲ့ ရပ်ကွက်အုပ်ချုပ်ရေးပိုင်း ပူးပေါင်းပြီး အမှိုက်သိမ်းပေးနေပါတယ်။

လမ်းတစ်လမ်းအတွင်း ချထားသော ဂျပန်နိုင်ငံမှပံ့ပိုးသည့် အမှိုက်ပုံးတစ်ပုံး။

အမှတ်(၁၀)ရပ်ကွက်နဲ့ (၇)ရပ်ကွက်က လမ်းတွေမှာ အမှိုက်ပုံးတွေချပြီး တစ်ရက်ခြား သိမ်းဆည်းတဲ့စနစ်နဲ့ ဆောင်ရွက်တာပါ။ လှိုင်သာယာမှာရှိတဲ့ အမှိုက်ပစ်တဲ့ လူအရေအတွက်နဲ့ စည်ပင်ဝန်ထမ်းနဲ့ အင်အားမမျှပေမယ့် နေ့စဉ် အမှိုက်သိမ်းဆည်းပေးနေပါတယ်"ဟု လှိုင်သာယာမြို့နယ် စည်ပင်သန့်ရှင်းရေးတာဝန်ခံ ဦးခင်မောင်လေးက ပြောသည်။

ဂျပန်မှကူညီသော အမှိုက်ပုံးများကို ဩဂုတ်လ ပထမပတ်မှစ၍ ရပ်ကွက်နှစ်ခုတွင် ချထားပြီး အမှိုက်သိမ်းပေးလျက်ရှိရာ အမှတ်(၁၀)ရပ်ကွက်တွင် အမှိုက်ပုံး ၁၀၀ ကျော်နှင့် အမှိုက်ပုံးသယ်သုံးဘီး သုံးစီးဖြင့်လည်းကောင်း၊ အမှတ် (၇)ရပ်ကွက်တွင် အမှိုက်ပုံး ၁၂၅ ပုံးနှင့် သုံးဘီး လေးစီးဖြင့်လည်းကောင်း ဆောင်ရွက်ပေးနေကြောင်း၊ အမှိုက်ပုံးများကို ကွန်ကရစ်ခင်းထားသောလမ်းများ၌ ချထားပေး၍ တစ်ရက်ခြား သိမ်းဆည်းလျက် အမှိုက်ကန်များတွင် စွန့်ပစ်ခြင်းကို စည်ပင်သာယာနှင့်အတူ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များပါ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

အမှိုက်ပုံးထားရှိသော လမ်းတစ်လမ်းလျှင် အိမ်ခြေ ၅၀ မှ ၆၀ ခန့်ရှိရာ တစ်လမ်းလျှင် အမှိုက်ပုံး နှစ်လုံး/သုံးလုံးထား၍ စည်ပင်ဝန်ထမ်းတစ်ဦးနှင့် ရပ်ကွက်အမှိုက်သိမ်းတာဝန်ယူသူတစ်ဦးက တစ်ရက်ခြားတစ်ခါ လိုက်သိမ်းပေးရာ ဩဂုတ်လ ပထမပတ်က တစ်အိမ်လျှင် ငွေကျပ်တစ်ထောင်နှုန်း ကောက်ခံသောကြောင့် ထိုသို့ငွေပေးရမှုအပေါ် သဘောမကျသောပြည်သူအချို့လည်း ရှိနေသည်။

ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးမှ နေ့စဉ် အမှိုက်တန်ချိန် ၂၅၀၀ ခန့် ထွက်သည့်အနက် လှိုင်သာယာမြို့နယ်မှ နေ့စဉ် အမှိုက် တန် ၂၀၀ ကျော် ထွက်ရှိကာ မြို့နယ်စည်ပင်အနေဖြင့် အမှိုက်သိမ်းယာဉ် ၁၈ စီး၊ ဝန်ထမ်းအင်အား ၁၄၀ ကျော်ဖြင့် သိမ်းဆည်းပေးနေရကြောင်း၊ မြို့နယ်အတွင်း ရပ်ကွက် ၂၀ နှင့် ကျေးရွာ ကိုးရွာရှိသည့်အနက် ရပ်ကွက်နှင့် ကျေးရွာ ၁၉ ခု၌ စည်ပင်က အမှိုက်သိမ်းပေးနေပြီး ကျန်သော ရပ်ကွက်နှင့် ကျေးရွာ ၁၀ ခုတွင်မူ ဝန်ဆောင်မှုပေးနိုင်ရန် ကြိုးပမ်းနေဆဲဖြစ်ကြောင်း သိရသည်။

၁၆၄၊ ဓာတ်ပုံ - သစ္စာ

ကသာမြို့၌ ရွေ့လျားဆေးကုသမှုယာဉ်ဖြင့် အခမဲ့ဆေးကုသမှု၊ စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်

ကသာ ဩဂုတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာရောဂါရှာဖွေရေးကုမ္ပဏီတို့ ပူးပေါင်း၍ ရွေ့လျားဆေးကုသမှုယာဉ်ဖြင့် ဆေးကုသမှု၊ စမ်းသပ်စစ်ဆေးမှုများကို ယနေ့နံနက်ပိုင်းမှ စတင်ကာ ကသာမြို့ စည်ပင်သာယာရေးကော်မတီရုံး၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူမှုဖူလုံရေးဌာနတွင် အာမခံဝင်ထားသော အလုပ်သမားများ အားလုံးကို အခမဲ့ဆေးကုသပေးခြင်းဖြစ်ပြီး ရောဂါရှာဖွေစမ်းသပ် စစ်ဆေးမှုကိုလည်း ပြုလုပ်ပေးမည်ကြောင်း မြို့နယ်လူမှုဖူလုံရေးရုံးခွဲ တာဝန်ခံ ဦးစိုးမင်းထွန်းက ပြောသည်။ ထို့အပြင် ဩဂုတ် ၁၃ ရက်တွင်လည်း ကသာမြို့ရှိ ပြည်တွင်းကုန်တင်/ကုန်ချ ကော်မတီရုံးမှ အာမခံလုပ်သား ၁၃၀၀ ကျော်ကို ဆက်လက်ဆေးကုသမှု၊ စမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟန်မျိုးကျော် (ကသာ)

မူဆယ်မြို့၌ အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် တိုးချဲ့ဆောင်ရွက်မည်

မူဆယ် ဩဂုတ် ၁၂

မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်မှုအများဆုံးဖြစ်သည့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့၌ MACCS (Myanmar Automated Cargo Clearence System) အလိုအလျောက်ကုန်ပစ္စည်းရှင်းလင်းရေးစနစ်ကို ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု မူဆယ်မြို့အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန်ဆိုင်ရာ သွင်းကုန်၊ ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းစဉ်များကို ပြောင်းလဲကျင့်သုံးနိုင်ရန်အတွက် ရန်ကုန်ဧရိယာနှင့် မြဝတီနယ်စပ်ဒေသတို့တွင် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် MACCS စနစ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်ဖြင့် နယ်စပ်ဒေသမူဆယ်မြို့၌ ထပ်မံတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားခြင်းဖြစ်သည်။

စီးပွားရေးဖွံ့ဖြိုးမှုများကို အထောက်အကူပြု

MACCS စနစ်ကို အသုံးပြုခြင်းအားဖြင့် နယ်စပ်ကုန်သွယ်မှုပမာဏ တိုးမြင့်လာခြင်း၊ ကုန်သွယ်မှုကို လျင်မြန်လွယ်ကူစေခြင်း၊ မှန်ကန်တိကျသော ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ ရရှိလာနိုင်ခြင်း၊ ခေတ်မီကောင်းမွန်သည့် ကုန်ပစ္စည်းရှင်းလင်းရေးစနစ်ကို အသုံးပြုခြင်းကြောင့် မူဆယ်နယ်စပ်အကောက်ခွန်ဝန်ဆောင်မှုကိုယ်စားလှယ်များ၏ အရည်အသွေးများ ပိုမိုတိုးတက်လာခြင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံနှင့် မူဆယ်နယ်စပ်ဒေသ၏ စီးပွားရေးဖွံ့ဖြိုးမှုများကို အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

MACCS စနစ်အကြောင်း မိတ်ဆက်ရှင်းလင်းတင်ပြပွဲ အခမ်းအနားကို ဩဂုတ်လပထမပတ်က မူဆယ်မြို့ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်း အစည်းအဝေးခန်းမ၌ ကျင်းပပြီး အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း၊ MACCS ဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းသန့်၊ MCBA ဥက္ကဋ္ဌ ဦးမင်းမောင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး MACCS အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ်နှင့် ပတ်သက်သည့် အတွေ့အကြုံများ၊ သိရှိလိုသည့် အချက်အလက်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန် (ပြန်/ဆက်)

စာမျက်နှာ ၂၀ မှ

ကျောက်စာကူးစနစ်

ကျောက်စာပေါ်တွင် ရေးထွင်းထားသည့် စာလုံးများကို တိုက်ရိုက်ဖတ်ရှုခြင်းထက် ကျောက်စာများကို မိုင်းကိုင်စက္ကူပေါ်သို့ ကူးယူပြီးမှ ဖတ်ကြခြင်းက ပိုမိုပီပြင်ရှင်းလင်းစွာ ဖတ်ရှုနိုင်ကြသည်။ ထို့ကြောင့် ကျောက်စာသင်တန်းများတွင် ပညာရှင်ဆရာများက ကျောက်စာများကို သင်တန်းသားများအား လက်တွေ့ရေးကူးစေသည်။

ကျောက်စာမကူးမီ လိုအပ်သည့် ပစ္စည်းများကို စုစည်းပြီး ပထမဦးစွာ ကျောက်စာမျက်နှာပြင်ကို အဝတ်ဖြင့်ပွတ်ပြီး ရေဖြင့် ဆေးကြောခြင်းဖြင့် ကျောက်စာစာလုံးများအကြားတွင် ရှိနေနိုင်သည့် ဖုန်များ၊ အမှိုက်စများကို ရှင်းလင်းရသည်။ ထို့နောက် မိုင်းကိုင်စက္ကူ၏ ကြမ်းသည့်မျက်နှာဘက်ကို ရေစိုနေသည့် ကျောက်စာပေါ်သို့တင်ပြီး ကျောက်စာပေါ်တွင် ကပ်နေစေရန် ဝက်မှင်ဖြင့် လေခိုကာ ဖောင်းနေသည့် နေရာများမှ လေများထွက်သွားသည်အထိ ဖြည်းညင်းစွာ ရိုက်ရသည်။

ကျောက်စာများသည် ပုံသဏ္ဍာန်၊ အရွယ်အစား၊ အထူအပါးကွဲပြားလျက် အကောင်းအကျိုးမျိုးစုံရှိကြသဖြင့် မိုင်းကိုင်စက္ကူများကို စာသားမြင်ရသည့် နေရာများအားလုံး အုပ်မိသည်အထိ ကပ်ရသည်။ ရေစိုနေသည့်စက္ကူများ မခြောက်သွေ့မီ ကျောက်စာပေါ်တွင် ရေးထွင်းထားသည့် စာလုံးများပေါ်လာစေရန် စက္ကူပေါ်သို့ အနက်ရောင်မင်ကို တင်ကြရသည်။

မိုင်းကိုင်စက္ကူပေါ်သို့ မင်တင်ရာတွင် ဂွမ်းကို ထုပ်ထားသည့် စွပ်ကျယ်စ အလုံးကို မင်ဖြင့်တို့ပြီး စာလုံးများပေါ်သို့ ဖိ၍ ဖြစ်စေ သို့မဟုတ် မင်ပေါ်တွင် လိုမ့်ထားသည့် ဒလိမ့်တုံးငယ်ဖြင့် ကျောက်စာပေါ်တွင် လိမ့်၍ဖြစ်စေ ကျောက်စာပေါ်မှ စာလုံးများကို စက္ကူပေါ်တွင် ထင်လာစေရန် စိတ်ရှည်စွာ ပြုလုပ်ကြရသည်။

မိုင်းကိုင်စက္ကူတွင် ကျောက်စာပေါ်ရှိ စာလုံးများ အားလုံးပေါ်လာသည်အထိ စာကြောင်းတစ်ကြောင်းချင်း ပြုလုပ်ကြရသည်။ စွပ်ကျယ်လုံးဖြင့် ဖိရာတွင် အချိန်အဆ အရေးကြီးသကဲ့သို့ ဒလိမ့်တုံးဖြင့် လိမ့်ရာတွင်လည်း အဖိအဖော့ အရေးကြီးသည်။ ကျောက်စာကို အုပ်ထားသည့် စက္ကူပေါ်တွင် ကျောက်စာပေါ်မှ စာလုံးများအားလုံး ထင်ပြီးလျှင် စက္ကူစုတ်ပြဲခြင်းမရှိစေရန် ကျောက်စာထိပ်မှစ၍ အောက်သို့ လိပ်၍ ခွာယူပြီး အခြောက်လှန်းရသည်။

ခြောက်သွေ့သွားသော မိုင်းကိုင်စက္ကူပေါ်တွင် ကျောက်စာအမည်၊ ရေးကူးသူနှင့် ရေးကူးသည့် ရက်စွဲတို့ကို ရေးသားပြီး လိပ်၍ ကျည်တောက်များဖြင့် သိမ်းဆည်းကြရသည်။ ကျောက်စာကို မင်ကူးရာတွင် မင်ကူးသူ ကျွမ်းကျင်မှုအပေါ် မူတည်လျက် ရှင်းလင်းစွာ ဖတ်ရှုနိုင်သော မင်ကူးကျောက်စာများကို ရရှိနိုင်သည်။ ကျောက်စာကူးပညာရှင်များက ကျောက်စာတစ်ချပ်ကို အနည်းဆုံး မင်ကူးမိတ္တူ လေးခုရှိသင့်ကြောင်း မိန့်ဆိုကြပါသည်။

ကျောက်စာကို မည်သို့ဖတ်မည်နည်း

ကျောက်စာတစ်ချပ်ကို မဖတ်မီ ယင်းကျောက်စာကို ရေးထိုးထားသည့် အက္ခရာစာလုံးများကို သိရှိထားရန် လိုအပ်ပေသည်။ ဥပမာအားဖြင့် ရှေးဟောင်းမွန်ဘာသာကို မတတ်မြောက်သူသည် မျက်မှောက်ခေတ်သုံး မွန်ဘာသာကို တတ်မြောက်သည့်တိုင် ရှေးဟောင်းမွန်ကျောက်စာကို ဖတ်ရှုနိုင်မည် မဟုတ်ပါချေ။ ထို့အတူ ရှေးခေတ်သုံး မြန်မာစကားလုံးများကို မသိရှိလျှင် ရှေးဟောင်းမြန်မာကျောက်စာများကို ဖတ်ရှုနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကျောက်စာဖတ်လိုသူများသည် ရှေးခေတ်ကျောက်စာသုံး မြန်မာစာလုံးများကို လေ့လာကြရပေသည်။

ရှေးခေတ်အက္ခရာ စာလုံးပုံစံများကို သိရှိသည့်တိုင် ကျောက်စာများသည် ကာလရှည်ကြာလာချိန်တွင် ချွတ်ယွင်းပျက်စီးမှုများ ရှိလာသဖြင့် ည နှင့် သ၊ ဏ နှင့် လာ၊ ဘ နှင့် ဂ၊ ရ နှင့် ပုဒ်မ၊ သ နှင့် ပ၊ ၁ ဂဏန်း နှင့် ပုဒ်မ၊ ရကောက် စသည်တို့သည် ဆင်တူယိုးမှားဖြစ်ကာ မသဲမကွဲဖြစ်လာလေ့ရှိကြသည်။ အက္ခရာစာလုံးများအပြင် ကိန်းဂဏန်းရေးသားပုံနှင့် အပိုင်းကိန်း ရေးသားထားပုံများကိုလည်း လေ့လာကြရသည်။

ရှေးဟောင်းကျောက်စာများကို ဖတ်ရာတွင် ခက်ခဲသော စာများ ပါရှိမြဲဖြစ်သဖြင့် ကြိုးစားဖတ်ရှုကြရမြဲဖြစ်ရာ ကျောက်စာအချပ်ပေါင်း ၁၀၀၀ ကျော်ဖတ်ခဲ့သည့် ဆရာဦးငြိမ်းမောင်က ကျောက်စာလေးချပ်ကိုသာ လွယ်လွယ်ကူကူ ဖတ်နိုင်ခဲ့ကြောင်း ရေးသားခဲ့သည်။

ကျောက်စာသင်တန်း

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့သမိုင်းအတွက်သာမက ဘာသာစာပေအရေးအသားနှင့် ရှေးဟောင်းသုတေသနပညာရပ်များအတွက်ပါ လိုအပ်သည့် ကျောက်စာများကို ကောင်းစွာဖတ်ရှုနိုင်သည့် မျိုးဆက်သစ်များ ပေါ်ထွန်းစေရန် ရှေးဟောင်း မြန်မာ၊ မွန်၊ ပျူ ကျောက်စာသင်တန်းကို ၂၀၁၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ပို့ချခဲ့သည်။ သင်တန်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် တစ်လှည့်စီ ဖွင့်လှစ်ခဲ့ရာ အမှတ်စဉ် (၅) အထိ သင်တန်းသား ၁၄၈ ဦး တက်ရောက်ခဲ့သည်။

သင်တန်းကို အဆင့်သုံးဆင့် ပိုင်းခြားလျက် အခြေခံအဆင့်တွင် ဘာသာစကား ဖြစ်ပေါ်လာပုံသမိုင်းနှင့်အက္ခရာစာလုံးများ အဆင့်ဆင့်ပြောင်းလဲလာပုံကို သင်ယူကြရသည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်ကျောက်စာရေးထုံးများ၊ ကျောက်စာသုံးဝေါဟာရများကို လေ့လာပြီး ရှေးဟောင်းမြန်မာကျောက်စာများကို ဖတ်ရှုကြရသည်။

အလယ်အလတ်အဆင့်တွင် မွန်ကျောက်စာအခြေခံများကို သင်ယူကြရပြီး ကျောက်စာများကို လက်တွေ့ရေးကူးကြရသည်။

အဆင့်မြင့်တန်းတွင် ကျောက်စာမျိုးစုံကို ဖတ်ရှုကြခြင်းဖြင့် ရှေးဟောင်းကျောက်စာများကို ဖတ်ရှုနိုင်သည့် မျိုးဆက်သစ်များ ထွက်ပေါ်လာရန် ပျိုးထောင်ပေးလျက်ရှိသည်။ ကျောက်စာများကို စိတ်ဝင်စားသူများသည် တစ်စထက်တစ်စ နည်းပါးလာပြီး သင်တန်းသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တက္ကသိုလ် အသီးသီးမှ ရှေးဟောင်းသုတေသန၊ မြန်မာစာ၊ အရှေ့တိုင်းပညာ စသည့်ဌာနများမှ ဆရာ ဆရာမများသာ အများဆုံး တက်ရောက်ကြသည်။

ရှေးဟောင်းမြန်မာကျောက်စာ၊ ပျူကျောက်စာသင်တန်း အမှတ်စဉ်(၆/၂၀၁၉)ကို ရန်ကုန်တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ညွှန်ကြားရေးမှူးရုံးတွင် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ဩဂုတ်လ ၁၆ ရက်အထိ ဖွင့်လှစ် ပို့ချခဲ့ရာ သင်တန်းသား ၁၉ ဦး တက်ရောက်ခဲ့သည်။ သင်တန်းတွင် ပျူစာပေပညာရှင် ဦးစိန်ဝင်း(အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားဦးစီးဌာန)နှင့် ဦးခင်မောင်ဆွေ(လက်ထောက်ညွှန်ကြားရေးမှူး၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန)တို့က စာတွေ့လက်တွေ့ပို့ချခဲ့ကြသည်။

သင်တန်းသားများသည် သင်တန်းမပြီးဆုံးမီ လက်တွေ့ကွင်းဆင်းခရီးအဖြစ် မန္တလေးတိုင်းဒေသကြီးသို့ သွားရောက်၍ မန္တလေးနန်းတွင်းကျောက်စာရုံတွင် ကျောက်စာများ ရေးကူးခြင်း၊ မဟာမုနိကျောက်စာရုံရှိ ဆင့်ထိုးစပ်ထိုး ကျောက်စာများ၊ မြစ်သားမြို့ရှိ မြနဒီကျောက်စာ၊ စောလူးမင်းကျောက်စာနှင့် အင်းဝရှေးဟောင်းသုသေတနပြတိုက်ရှိ ကျောက်စာများကို လေ့လာခဲ့ကြသည်။

ခေတ်အဆက်ဆက်ရေးထိုးခဲ့သည့် ကျောက်စာများသည် ခိုင်မာသည့် သမိုင်းမှတ်တမ်းများ ဖြစ်ကြသဖြင့် ရှေးဟောင်းကျောက်စာများကို ထိန်းသိမ်းလျက် ကျောက်စာများကို ကောင်းစွာဖတ်ရှုနိုင်သည့် မျိုးဆက်သစ်များကို မွေးထုတ်ခြင်းဖြင့် သမိုင်းမှတ်တမ်းများကို ဖော်ထုတ်ရာတွင် များစွာ အထောက်အပံ့ဖြစ်စေမည် ဖြစ်ပေသည်။ ။

ကိုးကား

မြန်မာ့စွယ်စုံကျမ်း အတွဲ(၂)(၉)

မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု သုတေသန (ဦးမြင့်အောင်)

ရှေးဟောင်း မြန်မာကျောက်စာများ(ဦးငြိမ်းမောင်)

မြန်မာ့ရိုးရာလက်ဝှေ့လောက၏ ဂုဏ်သိက္ခာအမြင့်ဆုံးသော စတုတ္ထအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံ ပြိုင်ပွဲကြီး

လာမည့် ဩဂုတ် ၁၈ ရက်တွင် မြန်မာ့ရိုးရာလက်ဝှေ့လောက၏ ဂုဏ်သိက္ခာအမြင့်မားဆုံးပြိုင်ပွဲဖြစ်သည့် အိမ်ရှင် မြန်မာနိုင်ငံ အပါအဝင် ခုနစ်နိုင်ငံမှ ကမ္ဘာ့လက်ဝှေ့ကျော်များ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် စတုတ္ထအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံ ပြိုင်ပွဲကြီး (MLWC-4)ကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာ လက်ဝှေ့အားကစားခန်းမ၌ ကျင်းပတော့မည် ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ၊ ထိုင်း၊ ဂျပန်၊ နယူးဇီလန်၊ ဘရာဇီး၊ ရုရှားနှင့် အီရန်နိုင်ငံတို့မှ နိုင်ငံအဆင့်နှင့် ကမ္ဘာ့အဆင့် ချန်ပီယံ လက်ဝှေ့ကျော်များ အတန်းအသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

ဝင်ရောက်ယှဉ်ပြိုင်

ပြိုင်ပွဲကို ထုံးစံအတိုင်း မြန်မာ့ရိုးရာနည်းစနစ်ဖြစ်သော အနားတောင်းစနစ်၊ အလဲထိုးစနစ်တို့ဖြင့် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မြန်မာမာရှယ်အတ်စ်ဂရု(ပ်) ယခင် မြန်မာမီဒီယာ ဂရု(ပ်)က ၂၀၁၆ ခုနစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့လောက၌ နှစ်စဉ်ကျင်းပခဲ့သော အဆိုပါပြိုင်ပွဲကို ကမ္ဘာ့နိုင်ငံအသီးသီးမှ လက်ဝှေ့ချန်ပီယံများ စိတ်အားထက်သန်စွာ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ အလဲထိုးမှသာ အနိုင်ရသည့် မြန်မာ့ရိုးရာ လက်ဝှေ့နည်းစနစ်စစ်စစ်ကို သဘောကျ၍ ပြည်ပ ကစားသမားများက ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်းလည်း သိရသည်။

ဂုဏ်သိက္ခာအရ

မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံလုပွဲနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းအောင်က "အဖွဲ့ချုပ်ရဲ့ကြီးကြပ်မှုနဲ့ ပြိုင်ပွဲတွေကျင်းပရာမှာ ဒီပြိုင်ပွဲဟာ ပြည်တွင်းမှာတော့ ပြိုင်ဆိုင်မှုအပြင်းထန်ဆုံးနဲ့ အမြင့်မားဆုံး ရိုးရာလက်ဝှေ့ပြိုင်ပွဲတစ်ပွဲ ဖြစ်ပါတယ်။ တခြားအမြင့်မားဆုံး ပြိုင်ပွဲတစ်ခုကတော့ ပြည်တွင်း ရိုးရာလက်ဝှေ့ချန်ပီယံတွေကို မွေးထုတ်ပေးနေတဲ့ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲပါ။ အခု ကျင်းပမယ့်ပွဲက ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ချန်ပီယံတွေနဲ့ မြန်မာနိုင်ငံက ရွှေခါးပတ်ချန်ပီယံတွေ ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပြီး ကမ္ဘာမှာ မြန်မာ့ရိုးရာလက်ဝှေ့ကို ပိုမိုထင်ပေါ်စေတဲ့ ဂုဏ်သိက္ခာအမြင့်မားဆုံးပြိုင်ပွဲ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲဟာ အတန်းလိုက် ရွှေခါးပတ်တွေကို အပိုင်ပေးအပ်တဲ့အတွက် အလဲထိုးအနိုင်ရမှသာ ရွှေခါးပတ်ရမှာဖြစ်လို့ ဒီရွှေခါးပတ်ကို ကစားသမားတွေက ဂုဏ်သိက္ခာအရ မက်မောကြတာ ဖြစ်ပါတယ်"ဟုပြောသည်။

ထွန်းထွန်းမင်း(မြန်မာ)


မီခေးဗက်ထရီလာ(ရုရှား)

ယခုနှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကီလိုတန်း ခြောက်တန်း ထည့်သွင်းပြီး ပြည်တွင်းလက်ဝှေ့ချန်ပီယံများကတစ်ဖက်၊ ပြည်ပ ခြောက်နိုင်ငံမှ လက်ဝှေ့ကျော် ကစားသမားများက တစ်ဖက် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ရာ ၆၁ ကီလိုတန်းတွင် သုံးထပ်ကွမ်း မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံ ရဲသွေးနီ(မြန်မာ) နှင့် အီရန် K1 ချန်ပီယံ လက်ဝှေ့ကျော် ဘာဘက်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

၆၃ ကီလိုတန်းတွင် ရွှေခါးပတ်ချန်ပီယံ ဗျူဟာ(မြန်မာ)နှင့် ရိုးရာလက်ဝှေ့ ဂျပန်ရွှေတံဆိပ်ဆုရှင် ဟီကာရီုတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ၆၇ ကီလိုတန်းတွင် ရွှေခါးပတ်ချန်ပီယံ ရန်နိုင်ထွန်း(မြန်မာ)နှင့် သမုဒ္ဒရာပိုင်းနိုင်ငံများ K1 ချန်ပီယံ ကိန်းကော်လန်(နယူးဇီလန်)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တစ်ဖန် ၆၇ကီလိုတန်းတွင် မြန်မာ့ရိုးရာလက်ဝှေ့လောကမှ ကာလအနည်းငယ် အနားယူပြီး တစ်ကျော့ပြန် ဝင်ရောက်လာသော ရွှေခါးပတ်ချန်ပီယံ တူးတူး(မြန်မာ)နှင့် မွေထိုင်းချန်ပီယံ ဖာဘီယိုဖာရာရီ(ဘရာဇီး)တို့ ရွှေခါးပတ်လု ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

၈၀ ကီလိုတန်း ပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ အလွတ်တန်းချန်ပီယံဟောင်း ထွန်းထွန်းမင်းနှင့် ရုရှားနိုင်ငံ မွေထိုင်းလက်ဝှေ့ချန်ပီယံ မီခေးဗက်ထရီလာတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး နောက်ဆုံး ၆၀ ကီလိုတန်း အမျိုးသမီးပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့ အမျိုးသမီးချန်ပီယံ ဘရော်နီကာနှင့် မွေထိုင်း ကမ္ဘာ့ချန်ပီယံ ဆောဆင်ဆော်ဆိုပစ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များထဲတွင် ရုရှား၊ ထိုင်းနှင့် အီရန်လက်ဝှေ့ကျော်များသည် ရိုးရာလက်ဝှေ့ကို ယခုမှ စတင်ထိုးသတ်မည့်သူများဖြစ်သော်လည်း ကျန်လက်ဝှေ့ကျော်များသည် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ထိုးသတ်ခဲ့ဖူးသော အတွေ့အကြုံရင့်လက်ဝှေ့ကျော်များ ဖြစ်ကြသည်။

ဗျူဟာနှင့် ထိုးသတ်မည့် ဂျပန်နိုင်ငံသား ဟီကာရီုမှာ မကြာမီက ဂျပန်နိုင်ငံတွင် ဗျူဟာနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ အမိမြေပွဲ၌ အစီး ထိုးသတ်နိုင်ခဲ့သော်လည်း ခေါင်းကွဲပြီး ဆေးရှုံးခဲ့သဖြင့် ယခု ဒုတိယအကြိမ် မကျေပွဲကို မြန်မာ့မြေပေါ်တွင် လာရောက်စိန်ခေါ်ယှဉ်ပြိုင် ထိုးသတ်ခြင်းဖြစ်သည်။

အလားတူ ရန်နိုင်ထွန်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် နယူးဇီလန် K1 ချန်ပီယံ ကိန်းကော်လန်သည် ဂျပန်တွင်ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်နေသူဖြစ်သလို နည်းပြဖြစ်သူမှာလည်းနယူးဇီလန်၌ မြန်မာ့ရိုးရာလက်ဝှေ့ကလပ် ထူထောင်ထားသူ မြန်မာလူမျိုးဖြစ်၍ ရိုးရာလက်ဝှေ့နှင့် အလှမ်းမဝေးသူဖြစ်သည်။

ပြိုင်ပွဲကောင်းတစ်ပွဲ

တူးတူးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဖာဘီယိုသည် စောဂေါ်မူဒိုနှင့် ယှဉ်ပြိုင်ထိုးသတ်ရာတွင် သရေရလဒ် ထိုးထားသူဖြစ်သည်။ အမျိုးသမီးပွဲစဉ်တွင် မြန်မာ့ရိုးရာ လက်ဝှေ့မယ် ဘရော်နီကာနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ထိုင်းလက်ဝှေ့မယ် ဆောဆင်ဆော်ဆိုပစ်သည် မွေထိုင်းလောကတွင် ကျော်ကြားသူဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်လိုချင်၍ လာရောက်ထိုးသတ်ခြင်းဖြစ်သည်။ ရိုးရာလက်ဝှေ့ကို တစ်ပွဲမှ မထိုးဖူးသော်လည်း နည်းပြဆရာ မွေထိုင်းလက်ဝှေ့ကျော် ဝီဂျစ်မှာ မြန်မာ့ရိုးရာလက်ဝှေ့ပွဲများကို ဝင်ရောက်ထိုးသတ်နေသူဖြစ်၍ ရိုးရာလက်ဝှေ့နှင့် မွေထိုင်းတို့ အားပြိုင်ကြမည့် ပြိုင်ပွဲကောင်း တစ်ပွဲ ဖြစ်လာမည်ဖြစ်သည်။

တူးတူး(မြန်မာ)

ဖာဘီယိုဖာရာရီ(ဘရာဇီး)

ပြိုင်ပွဲစီစဉ်သူမြန်မာမာရှယ်အတ်စ်ဂရု(ပ်)မှ အမှုဆောင်အရာရှိချုပ် ဦးလင်းထက်အောင်က "ဒီပွဲအတွက် တရားဝင်ကြေညာမှုကို ကျင့်ဝတ်သိက္ခာအရ အခြားသူတွေရဲ့ပွဲတွေပြီးတဲ့ ဩဂုတ် ၂ ရက် ညမှာ စပြီးကြေညာခဲ့တယ်။ စကြေညာကတည်းက ရိုးရာလက်ဝှေ့ဝါသနာရှင်များ စိတ်ဝင်တစားရှိတာတွေ့ရတယ်။ ကျွန်တော်တို့အနေနဲ့ ဒီပွဲမတိုင်ခင် ဇူလိုင် ၂၅ ရက်မှာ Lethwei in Japan ပွဲ ရှိခဲ့တော့ အဲဒီမှာ ထိခိုက်ဒဏ်ရာရတဲ့ ကစားသမားတွေကို အစားထိုးခဲ့ရတာရှိပါတယ်။ အထူးသဖြင့် တူးတူးကို စိန်ခေါ်ထားတဲ့ ဂျပန်လက်ဝှေ့ကျော် တိုခဲရှီဟာ လက်ခုံရိုး ကျိုးသွားခဲ့လို့ ဘရာဇီးကစားသမားနဲ့ အစားထိုးခဲ့ရတယ်။ ပြည်ပ ကစားသမားတွေကတော့ ဒီရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံရွှေခါးပတ်ကို လိုချင်လို့ ဝင်ထိုးတဲ့သူတွေ ဖြစ်ပါတယ်"ဟု ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းပြသည်။

"ကျွန်တော်တို့အနေနဲ့ ပြည်တွင်းပြည်ပမှာ ရိုးရာလက်ဝှေ့ပွဲသွင်းတဲ့အတွေ့အကြုံ ဆယ်စုနှစ်တစ်ခု ရှိခဲ့ပြီမို့ ဒီပွဲကို ရိုးရာလက်ဝှေ့နည်းစနစ်တွေအတိုင်း ကျင်းပမှာဖြစ်သလို ခမ်းနားထည်ဝါတဲ့ မြန်မာ့ဆိုင်းဝိုင်းကြီးနဲ့ ထုံးစံအတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို ဖော်ကျူးပြီး ကျင်းပသွားမှာဖြစ်ပါတယ်။ ထူးခြားချက်က ဒီပွဲမှာ ကမ္ဘာ့နိုင်ငံအသီးသီးက ရိုးရာ လက်ဝှေ့အဖွဲ့တွေကို ကြည့်ရှုဖို့ ဖိတ်ကြားထားပါတယ်။ ကျွန်တော်တို့အနေနဲ့ အောက်တိုဘာမှာ Lethwei in Taiwan ကို ကျင်းပမှာဖြစ်လို့ ထိုင်ဝမ်က မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ် တာဝန်ရှိသူတွေ လာရောက်မှာဖြစ်ပါတယ်။ ကြိုတင်လက်မှတ်ဘယ်လောက်ဖိုးရောင်းရရင် ရုံမှာလူပြည့်မယ်ဆိုတဲ့ ခန့်မှန်းချက်အရလည်း အခု လက်မှတ်မရောင်းသေးပေမယ့် ဘွတ်ကင်လုပ်ထားတဲ့ အရေအတွက်ကိုကြည့်ရင် ဒီပွဲလည်း မနှစ်ကလို ရုံပြည့်ရုံလျှံ ဖြစ်ပါလိမ့်မယ်"ဟု မြန်မာ မာရှယ်အတ်စ်ဂရု(ပ်) မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏက ပြောသည်။

ဝါရင့် ရိုးရာလက်ဝှေ့ ဝါသနာရှင်တစ်ဦးက "ဒီပွဲတွေမှာ တစ်ကျော့ပြန် ပထမတန်းချန်ပီယံ တူးတူးရဲ့လက်စွမ်းကို ပြန်တွေ့ခွင့်ရမှာဖြစ်သလို ရန်နိုင်ထွန်းနဲ့ ကိန်းကော်လန်တို့ပွဲ၊ ဗျူဟာနဲ့ ဟီကာရီုတို့ပွဲ၊ ရဲသွေးနီနဲ့ ဘာဘက်တို့ ပွဲတွေကလည်း မကျေပွဲတွေဆိုတော့ အတော်လေးကို အကြိတ်အနယ် ရှိကြမယ်လို့ ထင်ပါတယ်။ ဟီကာရီုက ပြီးခဲ့တဲ့ဇူလိုင် ဂျပန်ပွဲမှာ ပူးတွဲသရေကျခဲ့ပေမယ့် ပြိုင်ဘက် စောဒါဝိတ်ကို နှာခေါင်းရိုးကျိုးစေခဲ့တယ်။ ပွဲအစအဆုံး တိုက်စစ်ကိုပဲ ဦးစားပေးတဲ့ ကစားသမားဖြစ်လို့ မြန်မာ့ရိုးရာလက်ဝှေ့ ချစ်ပရိသတ်တွေ နှစ်ခြိုက်မှာအမှန်ပဲ။ နယူးဇီလန်လက်ဝှေ့ကျော် ကိန်းကော်လန်ကတော့ K1 ချန်ပီယံပီပီ တိုက်ကွက်စုံတယ်။ သူကလည်း တိုက်စစ်သန် အားကစားသမားဖြစ်လို့ ရန်နိုင်ထွန်းနဲ့ပွဲမှာ တစ်ယောက်ယောက်တော့ အလဲထိုးခံရမယ်။ ရဲသွေးနီပွဲကလည်း အီရန်လက်ဝှေ့ကျော် ဘာဘက်က အသည်းမာ ဇွဲပါတဲ့ လက်ဝှေ့ကျော်ဖြစ်တော့ ပွဲကောင်းတစ်ပွဲ ဖြစ်လာမှာပါ"ဟု သူ့အမြင်ကို ပြောသည်။

တစ်နှစ်တွင် တစ်ကြိမ်သာကျင်းပပြီး မြန်မာ့ရိုးရာလက်ဝှေ့ ချစ်ပရိသတ်များ စောင့်စားနေသည့် စတုတ္ထအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ ပြိုင်ပွဲကြီးကို လာမည့် ဩဂုတ် ၁၈ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပတော့မည်ဖြစ်သည်။

သည်းထိတ်ရင်ဖို

နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ လက်ဝှေ့ကျော်များ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ကြမည့် ရိုးရာလက်ဝှေ့၏ ဂုဏ်သိက္ခာအမြင့်မားဆုံး ပြိုင်ပွဲကြီးဖြစ်၍ မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ ခါးပတ်ကြီးကို မည်သူတွေများ အောင်နိုင်ရရှိ ဆွတ်ခူးသွားမည်ကို ရိုးရာလက်ဝှေ့ချစ်ပရိသတ် ပြည်သူများ သည်းထိတ်ရင်ဖို ရှုမြင်ခံစားကြရတော့မည်ဖြစ်ပါကြောင်း။ ။

"အခုကျင်းပမယ့်ပွဲက ရိုးရာလက်ဝှေ့ကို စိတ်ဝင်စားတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ချန်ပီယံတွေနဲ့ မြန်မာနိုင်ငံက ရွှေခါးပတ် ချန်ပီယံတွေ ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပြီး ကမ္ဘာမှာ မြန်မာ့ရိုးရာလက်ဝှေ့ကို ပိုမိုထင်ပေါ်စေတဲ့ ဂုဏ်သိက္ခာအမြင့်မားဆုံး ပြိုင်ပွဲ ဖြစ်ပါတယ်"

မန္တလေး၌ လမ်းများတိုးချဲ့ပြီး လမ်း ၂၈ လမ်းကို တစ်ပြိုင်နက် အဆင့်မြှင့်တင်နေ

မန္တလေး ဩဂုတ် ၁၁

နေ့စဉ်နှင့်အမျှ တိုးတက်လာသော ယာဉ်များကြောင့် မန္တလေးမြို့တွင်းလမ်းများပေါ်တွင် ယာဉ်ကြော မကျပ်လာမီ လမ်းများကို ကြိုတင်တိုးချဲ့လျက်ရှိသလို လတ်တလောအနေဖြင့် မြို့တွင်းလမ်းပေါင်း ၂၈ လမ်းကို တစ်ပြိုင်နက် အဆင့်မြှင့်တင်နေကြောင်း မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ပြောကြားသည်။

အဆိုပါ လမ်းအဆင့်မြှင့်တင်သည့် လုပ်ငန်းများတွင် နိုင်လွန်ကတ္တရာ သို့မဟုတ် ကတ္တရာခင်းခြင်း၊ ကွန်ကရစ်နှင့် ကျောက်ချောခင်းခြင်း၊ အခြေခံလွှာ ပြုပြင်ခြင်း စသည်တို့ ပါဝင်ပြီး အောင်မြေသာစံမြို့နယ်အတွင်း ခြောက်လမ်း၊ ချမ်းအေးသာစံမြို့နယ်အတွင်း ခြောက်လမ်း၊ မဟာအောင်မြေမြို့နယ်တွင် ငါးလမ်း၊ ချမ်းမြသာစည်မြို့နယ်၌ တစ်လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၌ လေးလမ်းနှင့် အမရပူရမြို့နယ်၌ ခြောက်လမ်းကို တစ်ပြိုင်နက် ဆောင်ရွက်နေခြင်းဖြစ်သည်။

"လမ်းအများစုကို မြို့တော်ရဲ့ လိုအပ်ချက်အရ လမ်းတွေချဲ့ရပါတယ်၊ အရေးကြီးတဲ့ နေရာတွေမှာ လမ်းအသစ်တွေ ဖော်ထုတ်ရပါတယ်၊ မချဲ့ရင် ယာဉ်ကြောပိတ်မှာပါ၊ ပြည်သူတွေ အားကိုးလောက်တဲ့ မြို့တွင်းသယ်ယူပို့ဆောင်ရေးစနစ် Transportation Management System မရှိသေးလို့ နေ့စဉ်နှင့်အမျှ တိုးလာတဲ့ ယာဉ်တွေအတွက် ယာဉ်ကြောမကျပ်ခင် လမ်းတွေချဲ့နေရပါတယ်"ဟု မြို့တော်ဝန်က ပြောသည်။

လမ်းလုပ်ငန်းဆောင်ရွက်မှုများအနက် အောင်မြေသာစံမြို့နယ်မှ (၁၅)လမ်းတွင် အခြေခံလွှာ ပြုပြင်ခြင်းလုပ်ငန်း၊ မြို့ပတ်ကမ်းနားလမ်းတွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ (၇၆)လမ်းတွင် အခြေခံလွှာ ခင်းခြင်းလုပ်ငန်း၊ (၉)လမ်းတွင် အခြေခံလွှာခင်းခြင်း လုပ်ငန်း၊ (၁၄)လမ်းတွင် ညဈေးတည်ဆောက်မည့် နေရာ၌ ကျောက်ပျက်ဖြည့်ခြင်းနှင့် ရေမြောင်းပြုလုပ်နေသည့်လုပ်ငန်းများကို မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများက ဩဂုတ် ၁၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ စည်ပင်လမ်းတံတားဌာနမှူးနှင့် အင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကာ မြို့တော်ဝန်က လိုအပ်ချက်များအတွက် မှာကြားခဲ့သည်။

မြို့တွင်းလမ်းတစ်လမ်း၌ နိုင်လွန်ကတ္တရာခင်းကျင်းနေစဉ်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် (၆၆)လမ်းတွင် အခြေခံလွှာပြုပြင်ခြင်း၊ မဟာအောင်မြေမြို့နယ်မှ ရေနီမြောင်းလမ်းတွင် ကျောက်ပျက် အခြေခံလွှာခင်းခြင်း၊ ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်းတွင် အခြေခံလွှာနှင့် နိုင်လွန်ကတ္တရာခင်းခြင်းနှင့် ပြည်ကြီးတံခွန်မြို့နယ် မြဝတီမင်းကြီးလမ်းတွင် အခြေခံလွှာခင်းခြင်း လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

"လမ်းချဲ့ဖို့အတွက် ခေတ်အဆက်ဆက်က လမ်းမြေပေါ် ကျူးထားတဲ့ အဖီတွေ ဖျက်ရတယ်၊ လမ်းပေါ်ရောက်နေတဲ့ လျှပ်စစ်မီးတိုင်တွေနဲ့ ထရန်စဖော်မာတွေ၊ ဆက်သွယ်ရေးတိုင်တွေ ရှိနေတော့ သတ်မှတ်ရက်အတွင်း လုပ်ငန်းပြီးစီးဖို့ ခက်သလို နေရာရွှေ့ခကိုပါ စည်ပင်က စိုက်ထုတ်ပေးနေရတယ်"ဟုလည်း မြို့တော်ဝန်က ပြောသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့တော်အတွင်း လမ်းလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် လမ်းပေါင်း ၃၅၄ လမ်း၌ နိုင်လွန်ကတ္တရာ ၇၅ မိုင်ကျော်၊ Stabilized soil လမ်း ၂၈ မိုင်ကျော်၊ ကွန်ကရစ်လမ်း မိုင် ၂၀ ကျော်၊ ရိုးရိုးကတ္တရာလမ်း ၁၄ မိုင်ကျော်နှင့် ကျောက်ချောလမ်း ရှစ်မိုင်ကျော်တို့ကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

အောင်စံမောင်

ဝဥများကို ပြည်ပဝယ်လိုအားရှိပြီး ဈေးကောင်းရသဖြင့် ချင်းပြည်နယ်မှ မြို့နယ်များ၌ တိုးချဲ့စိုက်ပျိုးနေ

တီးတိန် ဩဂုတ် ၉

ချင်းပြည်နယ်အတွင်းမှ ထွက်ရှိသော ဝဥများကို ယခုနှစ်တွင် ပြည်ပဝယ်လိုအားရှိနေသလို ဈေးကောင်းလည်းရနေသဖြင့် ယခုနှစ် မိုးရာသီ ဝဥစိုက်ပျိုးရာသီအတွင်း ချင်းပြည်နယ်အတွင်းမှ မြို့နယ်များ၌ ဝဥစိုက်ပျိုးကေများ တိုးချဲ့၍ စိုက်ပျိုးနေကြကြောင်း သိရသည်။

"ဝဥကို ချင်းပြည်နယ်တောင်ပိုင်းမှာ စီးပွားဖြစ်စိုက်ပျိုးမှု များတယ်၊ ပြည်နယ်မြောက်ပိုင်း ဖလမ်း၊ ဟားခါး၊ တီးတိန်ဒေသတွေမှာတော့ စိုက်ပျိုးမှုနည်းတယ်၊ ဒါပေမယ့် အခုနှစ်မှာ ဝဥ ဈေးကောင်းရပြီး အရောင်းသွက်တဲ့အတွက် သီးနှံအမယ်သစ်အဖြစ် တိုးချဲ့စိုက်ပျိုးသူတွေရှိသလို စီးပွားဖြစ်စိုက်ပျိုးသူတွေလည်း များလာတယ်"ဟု တီးတိန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလျန်းကွပ်ဇထပ်က ပြောသည်။

ချင်းပြည်နယ် စိုက်ပျိုးရေးဌာန၏ တရားဝင်ထုတ်ပြန်ကြေညာချက်များအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ်အတွင်း ဝဥ စိုက်ပျိုးကေပေါင်း ၈၄၈ ကေရှိပြီး ပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင်၌ ၇၁၀၇ ကေ၊ ကန်ပက်လက်မြို့နယ်၌ ကေ ၇၃၀၊ ပြည်နယ်မြောက်ပိုင်း ဟားခါးမြို့နယ်၌ ၆၈၈ ကေ၊ ဖလမ်းမြို့နယ်၌ ၁၈၁ ကေနှင့် တီးတိန်မြို့နယ်၌ ၇၁၁ ကေဖြစ်ကြောင်း၊ အဆိုပါ စိုက်ကေများမှ နှစ်စဉ် ဝဥအစို ပိဿာချိန် သိန်းချီ ထွက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ချင်းပြည်နယ်မှာ ဝဥ အနီ၊ အဖြူ၊ အဝါဆိုပြီး သုံးမျိုးစလုံး စိုက်ပျိုးမှုရှိပါတယ်၊ ဒါပေမယ့် အနီနဲ့ အဝါက အထွက်နှုန်းကောင်းတဲ့အတွက် စိုက်ပျိုးမှု ပိုများပါတယ်"ဟု တီးတိန်မြို့နယ်မှ ဝဥစိုက် တောင်သူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်ထွက် ဝဥများကို ယခင်က သဘာဝတောတောင်များ၌ လိုက်လံရှာဖွေ တူးဖော်ကြရပြီး ယခုအခါ တောတွင်းမှ မျိုးပွား၍ ကိုယ်ပိုင်စိုက်ခင်းများဖြင့် စနစ်တကျ စိုက်ပျိုးလာကြရာ ပြည်ပမှဝယ်လက်များ ရောက်လာသကဲ့သို့ ပြည်တွင်းစိုက်ပျိုးရေးကုမ္ပဏီများကလည်း ဝဥစိုက်ပျိုးရေး ရက်တိုသင်တန်းများ ပို့ချလျက်ရှိကြောင်း၊ ချင်းပြည်နယ်မှ ကုန်ကြမ်းအဖြစ် ဝယ်ယူသည့် ဝဥများကို စားသုံးကုန်ပစ္စည်းထုတ်လုပ်ရန်အတွက်သာမက ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ အလှကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ စက္ကူလုပ်ငန်း၊ ကော်အမျိုးမျိုးထုတ်လုပ်ရေးလုပ်ငန်း၊ ချည်ထည်လုပ်ငန်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်း စသည်တို့တွင်ပါ စက်မှုကုန်ကြမ်းပစ္စည်းအဖြစ် အသုံးပြုကြကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

လွယ်ဂျယ်မြို့၌ ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းဖွင့်

ဗန်းမော် ဩဂုတ် ၁၂

ကချင်ပြည်နယ် လွယ်ဂျယ်မြို့၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)တို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းကို ဩဂုတ် ၁၂ ရက်က ဖွင့်လှစ်ခဲ့သည်။

လွယ်ဂျယ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် မြို့အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်းက အမှာစကားပြောကြားပြီး ပြည်သူ့ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာကိုကိုဇင်နှင့် မိုးမောက်ကြက်ခြေနီအသင်းခွဲမှ မြို့နယ်တပ်ဖွဲ့မှူး ဦးလှိုင်ကြူတို့က သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းသို့ လွယ်ဂျယ်မြို့ရှိ စစ်ရှောင်စခန်းများမှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးရက်ဖြစ်ကြောင်း သိရသည်။ **သျှမ်းကလေး(ဗန်းမော်)**

နိုင်ငံတကာလူငယ်များနေ့ အခမ်းအနား မန္တလေး၌ကျင်းပ

မန္တလေး ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ကြီးမှူး၍ ၂၀၁၉ ခုနှစ် နိုင်ငံတကာလူငယ်များနေ့ အခမ်းအနားကို ဩဂုတ် ၁၁ ရက်က မန္တလေး ပညာရေးကောလိပ် ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး အမျိုးသမီးကော်မတီနာယက ဒေါက်တာယုယုမေ တက်ရောက်၍ လူငယ်များအား အားပေးနှုတ်ဆက်ကာ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ကိုလင်းသီဟက လူငယ်ရေးရာမူဝါဒ အကောင်အထည်ဖော်မည့် မဟာဗျူဟာလုပ်ငန်းစဉ် အကျဉ်းချုပ်ကို ရှင်းလင်းပြီး 'လူငယ်များ အလုပ်အကိုင် အခွင့်အလမ်း လက်လှမ်းမီရရှိနိုင်ရေး' ခေါင်းစဉ်ဖြင့် London Business Academy-Mandalay မှ ဦးအာကာကျော်၊ ရွှေမင်းသားဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမြတ်သူဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီမင်းဟန်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး(ငြိမ်း) ဦးတင်ထွန်းနှင့် တိုင်းဒေသကြီး လူငယ်ကော်မတီဝင် ကိုဝေယံတို့က စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။ အဆိုပါ နိုင်ငံတကာလူငယ်များနေ့ အခမ်းအနားတွင် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ကာ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသိပညာပေးပြခန်းများကိုလည်း မွန်းလွဲ ၂ နာရီမှ ည ၈ နာရီအထိ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **ဝေဖြိုးအောင်(ပြန်/ဆက်)**

ဆိပ်ဖြူမြို့မှ တန့်ကြည့်တောင်ဘုရားပွဲတော်သို့ RBE လူစီးအထူးရထား ပြေးဆွဲပေးမည်

ဆိပ်ဖြူ ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ တန့်ကြည့်တောင် စွယ်တော်မြတ်စေတီ၏ ဗုဒ္ဓပူဇနိယပွဲတော်အတွက် ဆိပ်ဖြူဘူတာမှ တန့်ကြည့်ဘူတာသို့ RBE လူစီးအထူးရထားများကို ဩဂုတ် ၁၃ ရက်မှ စတင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တန့်ကြည့်တောင် စွယ်တော်မြတ်စေတီသည် ပုဂံယဉ်ကျေးမှုနယ်မြေ၏ ရှေးဟောင်းသမိုင်းဝင် စွယ်တော်လေးဆူအနက် တစ်ဆူအပါဝင်ဖြစ်ပြီး နှစ်စဉ် ဝါခေါင်လပြည့်နေ့တွင် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပကာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူနှင့် ဒေသခံပြည်သူများဖြင့် စည်ကားသော ဘုရားပွဲတော်တစ်ခုဖြစ်သည်။ ထို့ကြောင့် ပွဲတော်ကာလအတွင်း ဘုရားဖူးပြည်သူများ သွာလာမှုလွယ်ကူစေရန် မြန်မာ့မီးရထား တိုင်းအမှတ်(၁၀)ပခုက္ကူက နှစ်စဉ် RBE လူစီးအထူးရထားများကို ပြေးဆွဲပေးလေ့ရှိသည်။

ဆိပ်ဖြူဘူတာ၌ ပြေးဆွဲနေသော ခရီးသည်တင်ရထားတစ်စင်း

ယခုနှစ်တွင်လည်း ဘုရားပွဲတော်ကာလဖြစ်သည့် ဩဂုတ် ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တွင် ပုံမှန်ရထားစီးနင်းခ ဈေးနှုန်းများအတိုင်း ဆိပ်ဖြူ-ပခုက္ကူ ပုံမှန်ရထားနှင့် ဆိပ်ဖြူ-တန့်ကြည့်တောင် RBE လူစီးအထူးရထားများကို တစ်နေ့ သုံးကြိမ် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ နေ့ချင်းပြန် ဘုရားဖူးများအတွက် ဆိပ်ဖြူ-တန့်ကြည့်တောင် RBE လူစီးအထူးရထားများကို နံနက် ၇ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ ညအိပ်ဘုရားဖူးများအတွက် ဆိပ်ဖြူ-ပခုက္ကူ ပုံမှန်ရထားကို မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ဆိပ်ဖြူ-တန့်ကြည့်တောင် RBE လူစီးအထူးရထားကို ညနေ ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း အစုန်အဆန် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုရားဖူး ခရီးသွားပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန်အတွက် ရထားလမ်းပိုင်းများကိုလည်း လမ်းအင်ဂျင်နီယာ ဦးအေးမင်းအောင်နှင့် ဝန်ထမ်းများက ဌာနမှ ဘက်ဟိုးယာဉ်တစ်စီးနှင့်အတူ တန့်ကြည့်တောင်ဘူတာတွင် အခြေပြု၍ စနစ်တကျ ကြီးကြပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထား တိုင်းအမှတ်(၁၀)ပခုက္ကူမှ လက်ထောက်မန်နေဂျာ ဦးခင်မောင်ဌေး၏ ပြောကြားချက်အရ သိရသည်။

စိုးလင်းနိုင်(ပြန်/ဆက်)

ပူတာအိုမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးအသိပညာပေး ဟောပြောပွဲ ကျင်းပ

ပူတာအို ဩဂုတ် ၁၂

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မန်စေခွန်ကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ဩဂုတ် ၁၀ ရက်က ဒေသခံများအား အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဆီ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမြင့်သူ၊ ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကိုကိုကျော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းဘိုတို့က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ကောင်းမွန်သော ငါး၊ ပုစွန်မွေးမြူရေးကျင့်စဉ်များ၊ ကောင်းမွန်သောတိရစ္ဆာန် မွေးမြူရေးကျင့်စဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဒေသခံများအား အသိပညာပေးဟောပြောခဲ့ကြသည်။

ဖုန်ကန်(ပူတာအို)

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ

လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်မှ ကမ္ဘာ့ရှားပါးစာရင်းဝင် မြန်မာကြယ်လိပ်များ

မြန်မာမျိုး ကြယ်လိပ်များ

ကမ္ဘာပေါ်တွင် ရှားပါးတိရစ္ဆာန်စာရင်းဝင်ဖြစ်သည့် မြန်မာကြယ်လိပ်များကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ညောင်ဦးမြို့မှ ချောက်မြို့သို့သွားရာ ကားလမ်းဘေးရှိ သီရိပစ္စယာကျေးရွာမှ လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်၌ ထိန်းသိမ်းမွေးမြူထားသည်။

လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်တွင်ရှိသည့် ကြယ်လိပ်များကို ၂၀၀၁ ခုနှစ်က စတင်မွေးမြူခဲ့ပြီး စတင်မွေးမြူစဉ်က အထီး ၄၂ ကောင်နှင့် အမ အကောင် ၄၀ စုစုပေါင်း ၈၂ ကောင်သာ ရှိခဲ့ရာမှ လက်ရှိအချိန်တွင် ကြယ်လိပ်ခြံအတွင်း ကြယ်လိပ် စုစုပေါင်း ၅၈၀၆ ကောင်အထိ ရှိနေပြီဖြစ်ကြောင်း လောကနန္ဒာဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးရွှေဒွေးမောင်ထံမှ သိရသည်။

လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်အတွင်းရှိ ကြယ်လိပ်များမှာ မြန်မာမျိုး ကြယ်လိပ်များဖြစ်ပြီး မြန်မာနိုင်ငံ တစ်နိုင်ငံတည်းတွင်သာရှိသောမျိုး ဖြစ်သည်။

ကြယ်လိပ်မွေးသည့်ရည်ရွယ်ချက်များ

(၁) မူရင်းဒေသများတွင် မျိုးပျောက်ကွယ်မည်ကို စိုးရိမ်ဖွယ်ဖြစ်နေ၍ ကြယ်လိပ်များကို ခြံခတ်မွေးမြူပြီး မျိုးပွားလာစေရန်
(၂) ပေါက်ပွားလာသော သားပေါက်များကို မူရင်းဒေသသို့ ပြန်လွှတ်ပေးရန်
(၃) ဝါသနာရှင်၊ ပညာရှင်များ သုတေသနပြု လေ့လာနိုင်ရန်
(၄) အများပြည်သူ အနီးကပ်လေ့လာနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်၌ ကြယ်လိပ်များကို ထိန်းသိမ်းမွေးမြူနေခြင်းဖြစ်ကြောင်း ဥယျာဉ်အုပ်ချုပ်ရေးမှူးက ရှင်းပြသည်။

မွေးဖွားပုံနှင့် ပေါက်ပွားနှုန်း

ကြယ်လိပ်များ၏ မွေးဖွားပုံနှင့် ပေါက်ပွားနှုန်းမှာ မေလမှ ဩဂုတ်လအထိ လေးလသည် မိတ်လိုက်သောရာသီဖြစ်ပြီး စက်တင်ဘာမှ မတ်လအထိသည် ဥဥသည့် ရာသီဖြစ်ကြောင်း၊ လိပ်မတစ်ကောင်သည် ဥရာသီ တစ်ရာသီအတွင်း တစ်ကြိမ်မှ ခြောက်ကြိမ်အထိ ဥတတ်ကြောင်း၊ တစ်ခါဥလျှင် တစ်လုံးမှ ၁၆ လုံးအထိ ဥတတ်ပြီး ဥများသည် မေ၊ ဇွန်၊ ဇူလိုင်လအတွင်း အကောင်ပေါက်ကြောင်း၊ မေလတွင် အများဆုံး ပေါက်ပွားတတ်ပြီး ပေါက်ပွားလာသည့် ကြယ်လိပ်လေးများကို ခြံခတ်မွေးမြူထားရကြောင်း၊ မြွေ၊ သိန်းငှက်နှင့် စွန်များ စားသောက်မည်စိုးသဖြင့် ကြယ်လိပ်အသေးများကို ခြံခတ်မွေးမြူရခြင်းဖြစ်ကြောင်း၊ သုံးနှစ်ကြာအောင် ခြံခတ်မွေးပြီးမှ ဘေးမဲ့တောထဲသို့ ထည့်ရကြောင်း၊ ထို့နောက် ငါးနှစ် သို့မဟုတ် ခြောက်နှစ်အရွယ်ရောက်မှ မူရင်းဒေသသို့ ပြန်လွှတ်ပေးရကြောင်း ဘေးမဲ့တောဥယျာဉ် ကြယ်လိပ်စခန်းမှ တောခေါင်းဦးမြင့်မောင်ထံမှ သိရသည်။

လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်အတွင်း ထိန်းသိမ်းမွေးမြူထားသော လေးနှစ်သားအရွယ် ကြယ်လိပ်များကို တွေ့ရစဉ်။

ကျန်းမာရေးစစ်ဆေးပေးခြင်း

ကြယ်လိပ်များ၏ ကျန်းမာရေးအတွက် တစ်ရက်လျှင် အစာကို တစ်ကြိမ်သာ ကျွေးရပြီး အများအားဖြင့် ညနေ ၃ နာရီအချိန်တွင် အစာကျွေးလေ့ရှိကာ ထိုအချိန်တွင် ကျန်းမာရေးလည်း စစ်ဆေးပေးလေ့ရှိကြောင်း၊ ကြယ်လိပ်များကို ကျန်းမာရေးစစ်ဆေးရာတွင် နှာစေးခြင်း၊ ကိုယ်လက်ရောင်ရမ်းခြင်းများ တွေ့ရှိလျှင် သီးခြားခွဲထားပြီး အုပ်ချုပ်ရေးမှူးထံ ပြသကာ အုပ်ချုပ်ရေးမှူးက သက်ဆိုင်ရာ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးသို့ ပြသ၍ လိုအပ်သောဆေးဝါးများ ထိုးပေးရကြောင်း၊ ယခုလို စောင့်ရှောက်ပေးမှုကြောင့် လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်၌ ကြယ်လိပ်များ သေဆုံးမှု နည်းပါးကြောင်း၊ ယခု ၂၀၁၉ ခုနှစ် မေလမှ ဇူလိုင်လအတွင်း ဥများ၏ ၄၈ ရာခိုင်နှုန်း အောင်မြင်စွာ သားပေါက်ကာ စုစုပေါင်း ၁၃၁၅ ကောင် ပေါက်ပွားခဲ့ကြောင်း၊ ကြယ်လိပ်များမှာ သားပေါက်မှုနှုန်း ကောင်းမွန်သလို သေနှုန်းနည်းခြင်းကြောင့် ကောင်ရေများစွာ တိုးလာနေကြောင်း ကြယ်လိပ်စခန်းမှ တောအုပ်ဦးအောင်ကျော်ထံမှ သိရသည်။

"ကြယ်လိပ်ခြံအတွင်း ကြယ်လိပ်ကောင်ရေ များလာတာနဲ့အမျှ ခြံထဲမှာ လိပ်မတွေအတွက် ဥဥဖို့ နေရာအခက်အခဲတွေ ဖြစ်လာတဲ့အပြင် မူရင်းဒေသတွေကို ပြန်လည်စေလွှတ်ဖို့ဆိုတဲ့ အဓိကရည်ရွယ်ချက်ကို အကောင်အထည်ဖော်တဲ့အခါမှာ အကောင်ရေများများ လွှတ်နိုင်ဖို့ လိုနေပါတယ်"ဟု ၎င်းက ပြောသည်။

ကာကွယ်စောင့်ရှောက်မှု အခက်အခဲ

ကြယ်လိပ်များသည် လှပသည့်အတွက် နိုင်ငံတကာတွင် အိမ်မွေးတိရစ္ဆာန်အဖြစ်မွေးကြပြီး အချို့နိုင်ငံများ၌ ကြယ်လိပ်များကို အိမ်၌မွေးထားလျှင် လာဘ်ကောင်းသည်ဟု အယူအဆများရှိ၍ ကြယ်လိပ်၏တန်ဖိုးမှာ တရားမဝင်ဈေးကွက်များတွင် များစွာ မြင့်တက်နေတတ်ကြောင်း၊ လောကနန္ဒာ ကြယ်လိပ်ခြံအတွင်း၌လည်း ကြယ်လိပ်အကောင်ရေ များပြားလာသည်နှင့်အမျှ မသမာသူများ၏ ခိုးယူမှုမှ ကာကွယ်နိုင်ရန် စောင့်ရှောက်နေရသဖြင့် ကာကွယ်စောင့်ရှောက်မှုအပိုင်း၌ များစွာအခက်အခဲရှိနေကြောင်း ဥယျာဉ်အုပ်ချုပ်ရေးမှူးက ၎င်းတို့၏ အခက်အခဲကို ပြောပြသည်။

လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်အတွင်း ကမ္ဘာပေါ်တွင် ရှားပါးတိရစ္ဆာန်မျိုးစိတ်တစ်ခုဖြစ်သော မြန်မာမျိုး ကြယ်လိပ်များကို နှစ်စဉ် ကောင်ရေ ထောင်ဂဏန်းအထိ ထိန်းသိမ်းမွေးမြူကာ တိုးပွားအောင် ဆောင်ရွက်လျက်ရှိသည့်အပြင် အသက် နှစ် ၂၀ ခန့်ရှိသော ကမ္ဘာ့အကြီးဆုံး ကြယ်လိပ်ကြီးကိုလည်း ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

သတင်းဆောင်းပါး - ဘိုဘို(မလှိုင်)

ထိုင်းနယ်စပ် ဆင်ခွန်းဂိတ် တောင်ခြေဈေး၌ မြန်မာသစ်ခွပန်းများ အရောင်းအဝယ်ကျဆင်း

မော်တောင် ဩဂုတ် ၁၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မော်တောင်ဒေသအတွင်းရှိ မြန်မာ- ထိုင်း နှစ်နိုင်ငံနယ်စပ် ဆင်ခွန်းဂိတ် တောင်ခြေဈေး၌ ရောင်းချနေသော မြန်မာနိုင်ငံထွက် သစ်ခွပန်းများကို နှစ်နိုင်ငံနယ်စပ်ဂိတ်၌ ထိုင်းနိုင်ငံဘက်သို့ သယ်ယူခွင့်မပြုသည့်အတွက် မြန်မာသစ်ခွပန်းများ အရောင်းအဝယ် ကျဆင်းနေကြောင်း သိရသည်။

"လွန်ခဲ့တဲ့ ငါးနှစ်ကျော်က မြန်မာသစ်ခွပန်းကို ထိုင်းနိုင်ငံသားတွေနဲ့ ကမ္ဘာလှည့်ခရီးသွားတွေ နှစ်သက်ပြီး ဝယ်ယူမှုများခဲ့တယ်၊ အခုနောက်ပိုင်း သစ်ခွပန်းတွေ အရောင်းအဝယ် နည်းပါးလာတယ်၊ နှစ်နိုင်ငံကြားက လုံခြုံရေးဂိတ်တွေမှာ အဖမ်းအဆီးတွေ များလာတော့ ထိုင်းဘက်က ဝယ်သူတွေက မဝယ်ရဲကြလို့ဖြစ်ပါတယ်၊ ဒီလိုဖြစ်နေတော့ မြန်မာဈေးသည်တွေမှာ အခက်အခဲ ဖြစ်နေတယ်"ဟု ထိုင်းနိုင်ငံ ဆင်ခွန်းဂိတ် တောင်ခြေဈေး၌ သစ်ခွပန်းရောင်းချနေသည့် မော်တောင်ဒေသခံ တစ်ဦးက ပြောသည်။

ဆင်ခွန်းဂိတ် တောင်ခြေဈေးမှ မြန်မာသစ်ခွပန်း အရောင်းဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း တောတောင်များတွင် သဘာဝအလျောက် ပေါက်ရောက်နေသည့် သစ်ခွပန်းမျိုးစိတ်ပေါင်း ၁၀၀၀ ကျော်ကို ထိုင်းနိုင်ငံ ဆင်ခွန်းနယ်စပ်ဂိတ် တောင်ခြေဈေး၌ မြန်မာဘက်ခြမ်းမှ ယခင်နှစ်များကပင် သွားရောက်ရောင်းချနေခဲ့ခြင်း ဖြစ်သည်။

"အရင်က နယ်စပ်ဂိတ်မှာ ဈေးသည်တွေကို တရားဝင်ဖြတ်သန်းရောင်းဝယ်ခွင့် ပြုထားပါတယ်၊ အခုတော့ သစ်ခွပန်းမျိုးတွေကို သယ်ယူခွင့်မပြုတော့လို့ ပန်းသည်တွေမှာ အရောင်းအဝယ်လုပ်ဖို့ ခက်နေတယ်"ဟု ထိုဈေး၌ သစ်ခွပန်းရောင်းနေသည့် ဒေါ်မီးမီးက ပြောသည်။

မြန်မာဈေးသည်များအနေဖြင့် သစ်ခွပန်းရောင်းချရာတွင် လွတ်လပ်စွာ ရောင်းချနိုင်ရေးအတွက် တရားဝင်အခွန်ဆောင်၍ ရောင်းချနိုင်အောင်လုပ်ပေးရန် လိုလားနေကြသည်။ ထိုင်းနိုင်ငံဘက် ဆင်ခွန်းနယ်စပ်ဂိတ်ရှိ သစ်ခွပန်းဈေးတန်းတွင် မြန်မာမျိုးစိတ် သစ်ခွပန်းနှင့် ထိုင်းမျိုးစိတ် သစ်ခွပန်းဟု အမျိုးအစားနှစ်မျိုး ရောင်းချလျက်ရှိရာ တနင်္သာရီရိုးမအတွင်း သဘာဝအလျောက် ပေါက်ရောက်သည့် မြန်မာသစ်ခွပန်း မျိုးစိတ်များကို ကမ္ဘာလှည့်ခရီးသွားများနှင့် ထိုင်းနိုင်ငံသားအများစုက နှစ်သက်သောကြောင့် တရားဝင်ရောင်းခွင့်ရမည်ဆိုပါက အရောင်းအဝယ်ကောင်းကြောင်း သိရသည်။

၂၀၁၈ မေလမှ စတင်ပြဋ္ဌာန်းထားသည့် သစ်တောဌာန ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေတွင် တားမြစ်ထားသည့်ကုန်စည် အမျိုး ၂၀ ရှိပြီး သဘာဝအပင်များနှင့် နိုင်ငံတကာကုန်သွယ်မှုတွင် ထိန်းချုပ်ထားသော အပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်း၊ တင်သွင်း၊ တင်ပို့၊ ရောင်းချခြင်းများ ပြုလုပ်လျှင် သုံးနှစ်မှ ၁၀ နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်နိုင်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

မြင့်ဦး(မြိတ်)

ကသာမြို့၌ ရေဝတီရေချိုငါးများ ဈေးကွက်သို့ စတင်ဝင်ရောက်

ကသာ ဩဂုတ် ၁၂

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မေ၊ ဇွန်၊ ဇူလိုင်လများကို ငါးရစ်ငါးသန် မဖမ်းရသောကာလအဖြစ် သတ်မှတ်ခဲ့ပြီး ဩဂုတ်လမှ စတင်ကာ ငါးဖမ်းခြင်းကို ဥပဒေနှင့်အညီ ငါးလုပ်ငန်းဦးစီးဌာနက ခွင့်ပြုပေးထားသောကြောင့် ယခု ဩဂုတ်လ ဒုတိယပတ်အတွင်းမှစ၍ ကသာမြို့နယ် ငါးဈေးကွက်အတွင်းသို့ ရေဝတီ ရေချိုငါးများ စတင်ဝင်ရောက်လာကြောင်း သိရသည်။

ကသာမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘမောင်က ငါးသယံဇာတထိန်းသိမ်းရေး လုပ်ငန်းများကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ကသာမြို့နယ် အင်းသူကြီးများ၊ ရေလုပ်သားများနှင့် သယံဇာတထိန်းသိမ်းရေး စိတ်ပါဝင်စားသူများ ပူးပေါင်းဆောင်ရွက်နေမှုကြောင့် ငါးသယံဇာတများ ပေါများလာပြီး ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုနေသူများ အလုပ်အကိုင် အဆင်ပြေလာကြောင်း၊ အခွန်အခများလည်း တိုးပွားလာကြောင်း၊ ယခု ငါးဖမ်းရာသီ စတင်သည့်အချိန်မှာပင် ယခင်နှစ်များထက်စော၍ ရေဝတီရေချိုငါးများ ရရှိလာခြင်းမှာ ရေဝတီမြစ်ရေသည် မြစ်နှင့်ဆက်စပ်နေသော အင်းများအတွင်းသို့ ဝင်ရောက်မှုများ၍ ငါးဝင်ရောက်မှုလည်း များလာသောကြောင့်ဖြစ်ကြောင်း ပြောသည်။

ကသာမြို့နယ်အတွင်း မိုးတား၊ ကုန်းသာ၊ ဘွက်၊ သပြေသာ၊ ဝဲကြီး၊ ကျောက်ထုံးကြီး၊ သပြေပင်၊ အင်းဒရန့် စသည့် ကျေးရွာအုပ်စုများ၌ အင်းပေါင်း ၇၄ အင်းရှိပြီး ရွှေလီမြစ်ရိုးအောက်ပိုင်းမှလာသော ငါးစင်စပ်(ငါးသန်) တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ စံပယ်ငါးလူး(ငါးသန်) တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ ဒိုးလုံး(ငါးဖယ်အောင်းသေး) တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဟန်မျိုးကျော်(ကသာ)

ဝမ်းတွင်းမြို့နယ် ချည်မျှင်ရှည်ဝါ ဧက ၁၀၀ စိုက်ခင်းကြောင့် ဒေသခံအမျိုးသမီးများ အလုပ်အကိုင်ရနေ

ဝမ်းတွင်း ဩဂုတ် ၁၂

ဝမ်းတွင်းမြို့နယ် ကိုင်းကျေးရွာ၌ ချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၁၀၀ စိုက်ကွင်းကို စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ ကိုင်းကျေးရွာမှ ဒေသခံတောင်သူ ၄၅ ဦး ပါဝင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်တွင် တစ်ဧကမှ ပိဿာ ၈၀၀ ကျော် ထွက်ရှိသည့်အပြင် ဒေသခံ အမျိုးသမီးများပါ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။

"ချည်မျှင်ရှည်ဝါ အထူးဇုန် စိုက်ကွင်းမှာ ဒေသခံတောင်သူများ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များ အခမဲ့ ဖြန့်ဝေပေးတဲ့အပြင် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်ဧကများအားလုံး တစ်ဧက ဝါပိဿာ ၈၀၀ နှင့်အထက် ထွက်ရှိရေးနဲ့ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်းတွေကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်၊ စတင်စိုက်ပျိုးချိန်မှစပြီး အပင်သက်တမ်းတစ်လျှောက် စိုက်ပျိုးရေးဝန်ထမ်းတွေက ကင်းထောက် မှတ်တမ်းယူတဲ့ နည်းစနစ်နဲ့ စိုက်ကွင်းအတွင်းကွင်းဆင်းပြီး အထွက်နှုန်းကောင်းအောင်လည်း ဆောင်ရွက်ပေးနေပါတယ်"ဟု ချည်မျှင်ရှည်ဝါ အထူးဇုန်စိုက်ကွင်းမှ တာဝန်ခံအရာရှိ လက်ထောက်ဦးစီးမှူး ဦးငြိမ်းရွှေက ပြောသည်။

အဆိုပါ ချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၁၀၀ စိုက်ကွင်းကို ယခုနှစ်တွင် မတ် ၁၅ ရက်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ ယခင်နှစ်ကလည်း စိုက်ပျိုးမှုရှိခဲ့သော်လည်း စိုက်ပျိုးချိန် မမှန်ခြင်း၊ စိုက်ပျိုးသည့်နည်းစနစ် မမှန်ခြင်း၊ ရောဂါပိုးမွှားမကျအောင် ကြိုတင်ကာကွယ်နိုင်မှုမရှိခြင်းတို့ကြောင့် အပင်ကြီးထွားနှုန်း လျော့နည်းခဲ့သလို ရောဂါပိုးမွှား ကျရောက်ခဲ့သည့်အတွက် ဝါအထွက်နှုန်းလည်း လျော့နည်းခဲ့ကြောင်း၊ ယခုနှစ်တွင် ဒေသခံတောင်သူများက စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးနည်းစနစ်များအတိုင်း ဆောင်ရွက်ခဲ့သည့်အတွက် အပင်ကြီးထွားမှုကောင်းပြီး ရောဂါပိုးမွှား ကျရောက်ခြင်း မရှိဘဲ တစ်ဧကအထွက်နှုန်း ပိဿာ ၈၀၀ ကျော် ထွက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရာတွင် မျိုးစေ့များကို စိုက်ပျိုးရေးဦးစီးဌာနမှ အခမဲ့ရရှိသော်လည်း ထယ်ရေးပြုပြင်ခ၊ သဘာဝမြေဆွေး၊ ဓာတ်မြေသြဇာ၊ ကာကွယ်ဆေးများအတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျခဲ့ကြောင်း၊ စိုက်ပျိုးစရိတ် များသော်လည်း ဝါအထွက်နှုန်း ကောင်းမွန်ခဲ့သည့်အတွက် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း၊ ထွက်ရှိသည့် ချည်မျှင်ရှည်ဝါများကို တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ နှုန်းဖြင့် စိုက်ပျိုးရေးဦးစီးဌာနက ပြန်လည်ဝယ်ယူပေးသလို ဝါကုန်သည်များကလည်း ကျေးရွာအရောက် ကွင်းဆင်းဝယ်ယူနေသည့်အတွက် ရောင်းချရာတွင်လည်း အဆင်ပြေကြောင်း ဧက ၁၀၀ စိုက်ကွင်းတွင် ပါဝင်စိုက်ပျိုးခဲ့သည့် တောင်သူဦးဖိုးပြားက ပြောသည်။

ချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၁၀၀ စိုက်ကွင်းကြောင့် ဒေသခံပြည်သူများမှာလည်း ယခင်က ကြုံရာနေ့စားအလုပ်များကို လုပ်နေရာမှ စိုက်ခင်းအတွင်း၌ အပင် သားခွဲခြင်းနှင့် ပေါင်းသင်ခြင်းအလုပ်ကို လုပ်ကိုင်လာနိုင်၍ ဒေသခံ နေ့စား အလုပ်သမားများအတွက်လည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အဆိုပါ ဧက ၁၀၀ စိုက်ကွင်း၏ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများ သိရှိပြီး လိုက်ပါစိုက်ပျိုးနိုင်စေရန် ဒေသခံ တောင်သူများအား စိုက်ကွင်းသို့ ဖိတ်ခေါ်ပြသကာ တောင်သူများသိရှိလိုသည့် စိုက်ပျိုးရေးဆိုင်ရာများကိုလည်း ခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးနေကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၅ သိန်း၊
(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊
(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၅ သိန်း၊
(၄) တတိယအကြိမ်နှင့်အထက် ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့် စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့် ညီမျှသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော ကုန်စည်နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

ဇယား (၁)

ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန်မူလလျာထားချက်

(ကျပ်သန်းပေါင်း)

အမှတ်စဉ်		ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ	အကြောင်းအရာ	၂၀၁၉ ခန့်မှန်းခြေ
၁			**ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်**	၄,၀၇၁,၁၈၃.၃၇၄
	၁	ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန	ယစ်မျိုးခွန်၊	၁,၁၃၀.၀၃၃
	၂	စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန	ကုန်သွယ်လုပ်ငန်းခွန်၊	၂,၁၉၉,၄၆၇.၄၉၅
	၃	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊	၆,၀၀၀.၀၀၀
	၄	စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန	မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊	၂၀၃,၅၆၃.၁၉၂
	၅	ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန	မော်တော်ယာဉ်၊ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊	၁၅၂,၂၀၀.၀၀၀
	၆	စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန	ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊	၇၇,၆၁၆.၇၂၀
	၇	ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန	ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး၊	၈၉၉.၅၄၀
	၈	စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန	အထူးကုန်စည်ခွန်၊	၁,၃၃၀,၂၈၆.၃၉၄
	၉	စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန	ရတနာခွန်	၁၀၀,၀၀၀.၀၀၀
၂			**ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်**	**၂,၃၈၉,၆၄၅.၀၀၈**
	၁	စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန	ဝင်ငွေခွန်	၂,၃၈၉,၆၄၅.၀၀၈
၃			**အကောက်ခွန်**	**၅၂၀,၀၀၀.၀၀၀**
	၁	စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန	အကောက်ခွန်	၅၂၀,၀၀၀.၀၀၀
၄			**နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှု အပေါ် ကောက်ခံသည့် အခွန်အကောက်**	**၈၈၈,၅၆၉.၅၀၂**
	၁	ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ဌာန	မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊	၁၇.၅၃၉
	၂	နေပြည်တော်ကောင်စီ	ရေခွန်၊	၇၇.၅၂၃
	၃	ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ဌာန	တာတမံခွန်၊	၁.၂၆၀
	၄	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန	သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့် သစ်တောခွန်၊	၅,၈၀၂.၆၁၃
	၅	ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ဌာန	ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊	၆၃.၄၄၄
	၆	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊	၃,၀၀၀.၀၀၀
	၇	သတ္တုတွင်းဝန်ကြီးဌာန	ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန်၊	၄၅၇,၇၅၅.၃၂၈
	၈	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန	ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်	၃၀,၃၈၆.၈၇၄
	၉	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန	ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊	၃၇၈,၅၉၅.၂၀၀
	၁၀	သတ္တုတွင်းဝန်ကြီးဌာန	ရေအားအရင်းအမြစ်မှ လျှပ်စစ် ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊	၁၂,၁၉၇.၀၀၀
	၁၁	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်။	၆၇၂.၇၀၁
			စုစုပေါင်း	**၇,၈၆၉,၃၉၇.၈၈၄**

ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာဥပဒေကြမ်း

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)

၁၃၈၁ ခုနှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ပြည်ထောင်စုအစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ရေနံ (Petroleum)** ဆိုသည်မှာ ဟိုက်ဒြိုကာဗွန်အရောအနှောဖြစ်သော ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ (Fossil Fuel) များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံစိမ်း (Crude Oil)၊ လေဆီ (Condensate) နှင့် သဘာဝဓာတ်ငွေ့ (Natural Gas) တို့ပါဝင်သည်။

(ဃ) **ရေနံစိမ်း (Crude Oil)** ဆိုသည်မှာ မြေအောက်မှရရှိသော သဘာဝအလျောက် ဖြစ်တည်လာသည့် ရေနံအရည် သို့မဟုတ် အခဲကိုသော်လည်းကောင်း၊ ယေဖုလကျောက်မှ ထွက်ရှိသော အရည်ကိုသော်လည်းကောင်း၊ ဟိုက်ဒြိုဂျင်နှင့် ကာဗွန်ဒြပ်စင်များ အဓိကပေါင်းစပ်ပါဝင်သည့် ဒြပ်ပေါင်းရည်ကိုသော်လည်းကောင်း၊ သဘာဝဓာတ်ငွေ့ဒြပ်ပေါင်းစုမှ အပူချိန်နှင့် ဖိအားအပြောင်းအလဲကြောင့် ဖြစ်တည်လာသည့် လေဆီ (Condensate)ကိုသော်လည်းကောင်း ဆိုသည်။

(င) **သဘာဝဓာတ်ငွေ့ (Natural Gas)** ဆိုသည်မှာ ရေနံတွင်းမှထုတ်ယူရရှိသော ဟိုက်ဒြိုဂျင်နှင့် ကာဗွန်ဒြပ်စင်များ ပေါင်းစပ်ပါဝင်နေသည့် အငွေ့အခြေအနေရှိသည့် ဒြပ်ပေါင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံနှင့်အခြားဒြပ်ပေါင်းများ ပါဝင်နေသော ဓာတ်ငွေ့စို၊ ယေဖုလကျောက်မှ ထွက်ရှိသော အငွေ့ကိုသော်လည်းကောင်း၊ အခြားဒြပ်ပေါင်းများ သဘာဝအလျောက် သို့မဟုတ် ပြုပြင်ဖယ်ရှားသဖြင့် ဖြစ်လာသည့် ဓာတ်ငွေ့ခြောက်၊ ဓာတ်ငွေ့တွင်းထိပ်မှထွက်သော ဓာတ်ငွေ့နှင့် ဓာတ်ငွေ့စိုမှ ခွဲခြားထုတ်ယူ၍ ကြွင်းကျန်ရစ်သော ကြွင်းကျန်ဓာတ်ငွေ့တို့လည်း ပါဝင်သည်။

(စ) **ရေနံလုပ်ငန်း (Petroleum Activity)** ဆိုသည်မှာ နိုင်ငံတော်၏ ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ဆောင်ရွက်သည့် ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်း သို့မဟုတ် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံလုပ်ငန်းနှင့်ဆက်စပ်သော စီမံကိန်းရေးဆွဲခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ အင်ဂျင်နီယာလုပ်ငန်းများ၊ တည်ဆောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊ ဝယ်ယူခြင်းလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ စနစ်တကျ ဖျက်သိမ်းခြင်းလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ရေနံလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဆ) **ရေနံစူးစမ်းရှာဖွေခြင်း** ဆိုသည်မှာ ရေနံခိုအောင်းမှု အလားအလာကောင်းမွန်သည့် ကျောက်လွှာအနေအထား ရှိ မရှိနှင့် ရေနံခိုအောင်းမှုကို စီးပွားဖြစ် ထုတ်လုပ်နိုင်ခြင်း ရှိ မရှိ တို့ကို ဘူမိဗေဒ၊ ဘူမိရူပဗေဒ၊ ဘူမိဓာတုဗေဒနည်းပညာ သို့မဟုတ် အခြားခေတ်မီ တိုးတက်သော နည်းပညာတို့ဖြင့် စူးစမ်းရှာဖွေခြင်းနှင့် စမ်းသပ်တိုင်းတာခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ရှာဖွေရေးတွင်းတူးခြင်းနှင့် အကဲဖြတ်တွင်းတူးခြင်းတို့ မပါဝင်။

(ဆက်လက်ဖော်ပြပါမည်)

မိုဘိုင်းဖုန်းအသုံးပြုမှုကြောင့် ကင်ဆာဖြစ်နိုင်ခြေနဲ့ ပတ်သက်တဲ့ သုတေသနပြုမှုတွေ ဆက်လက်ဆောင်ရွက်ဖို့ လိုအပ်နေတယ်

ဒေါက်တာခိုင်ခိုင်စိုး

မိုဘိုင်းဆက်သွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေး ခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပ

မိုဘိုင်းဆက်သွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေး ခေါင်းစဉ်ဖြင့် စကားဝိုင်းကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်အောင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုးနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်ဇာကျော်တို့က ဩဂုတ် ၈ ရက်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ဆွေးနွေးခဲ့ကြသည်။

မိုဘိုင်းဆက်သွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေး ခေါင်းစဉ်ဖြင့် စကားဝိုင်း ကျင်းပစဉ်။

အစီအစဉ်မှူး။ ။ မြန်မာနိုင်ငံမှာ ဆက်သွယ်ရေးအော်ပရေတာ တာဝါတွေနဲ့ ကွန်ရက်တည်ဆောက်ချိန် တချို့ဒေသတွေမှာ လျှပ်စစ်သံလိုက်စက်ကွင်းကြောင့် ကျန်းမာရေးအတွက် စိုးရိမ်မှုရှိခဲ့ပါတယ်။ တကယ်လို့ ပြည်သူတွေအနေနဲ့ လျှပ်စစ်သံလိုက်လှိုင်း (EMF)တွေကြောင့် ဆိုးကျိုးရှိနိုင်တယ်လို့ သံသယရှိရင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ဘယ်လိုတွေဆောင်ရွက်ပေးနေပါသလဲ။

ဦးဇာနည်အောင်။ ။ လူမှု ပတ်ဝန်းကျင်မှာ အသွင်မျိုးစုံနဲ့ လျှပ်စစ်လှိုင်း၊ သံလိုက်လှိုင်း၊ လျှပ်စစ်သံလိုက်လှိုင်း (EMF) အနည်းနဲ့အများ ရှိကြပါတယ်။ ဒီလိုပတ်ဝန်းကျင်မှာရှိတဲ့ လျှပ်စစ်လှိုင်း၊ သံလိုက်လှိုင်း၊ လျှပ်စစ်သံလိုက်လှိုင်း (EMF)တွေကို လက်ရှိ မိုဘိုင်းဖုန်း Application တွေနဲ့ အကြမ်းဖျင်း တိုင်းတာနိုင်ပါတယ်။

ဈေး၊ ကျောင်း၊ ဆေးရုံ၊ သာသနာရေး အဆောက်အအုံတွေအတွက် လူအများ စုဝေးရာနေရာတွေမှာ လျှပ်စစ်သံလိုက်လှိုင်း (EMF) ပမာဏဘယ်လောက်ရှိတယ်ဆိုတာကို နိုင်ငံတကာအသိအမှတ်ပြုစက်တွေနဲ့ တိုင်းတာပေးပါတယ်။ တစ်ဦးချင်းအနေနဲ့ လျှပ်စစ်သံလိုက်လှိုင်း(EMF) ပမာဏမြင့်တက်နေကြောင်း အထောက်အထားတစ်ခုခုအရ တိုင်းတာပေးဖို့ တင်ပြလာရင် ဆောင်ရွက်ပေးသွားနိုင်ဖို့ စီစဉ်ထားပါတယ်။

အစီအစဉ်မှူး ။ ။ လျှပ်စစ်သံလိုက်လှိုင်း(EMF) နဲ့ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လေ့လာသုံးသပ်ချက်ကိုလည်း သိရှိလိုပါတယ်။

ဒေါက်တာခိုင်ခိုင်စိုး။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ လျှပ်စစ်သံလိုက်လှိုင်းတွေကြောင့် ကျန်းမာရေးအပေါ် ထိခိုက်နိုင်မှုတွေနဲ့ ပတ်သက်ပြီး သုတေသနတွေပြုလုပ်ထားခြင်း မရှိသေးပေမယ့် ၂၀၁၄ ခုနှစ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားတဲ့ လျှပ်စစ်သံလိုက်လှိုင်းနဲ့ ပြည်သူ့ကျန်းမာရေးစာစောင်၊ လျှပ်စစ်သံလိုက်လှိုင်းဆိုတာ ဘာလဲဆိုတဲ့ စာစောင်နဲ့ International Commission on Non - Ionizing Radiation Protection (ICNIRP) Guidelines က ထုတ်ပြန်ချက်တွေကို ထုတ်နုတ်အခြေခံပြီး ဆွေးနွေးတင်ပြလိုပါတယ်။

တစ်သျှူး တစ်ကီလိုဂရမ်က စွမ်းအင် 4 W ပမာဏအထိကို မိနစ် ၃၀ အကြာ စုပ်ယူနှုန်းကြောင့်ဖြစ်ပေါ်လာတဲ့ ခန္ဓာကိုယ်အပူချိန်မြင့်တက်မှုဟာ ၁ ဒီဂရီစင်တီဂရိတ်အောက် လျော့နည်းတယ်ဆိုတာနဲ့ စွမ်းအင် 4W ထက်ပိုပြီး စုပ်ယူရင် အန္တရာယ်ရှိတဲ့ ခန္ဓာကိုယ်အပူချိန်မြင့်တက်မှုရှိနိုင်တယ်လို့ ICNIRP Guidelines မှာ ဖော်ပြထားပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လျှပ်စစ်သံလိုက်လှိုင်းတွေကြောင့် ဦးနှောက်မှာရှိတဲ့ လျှပ်စစ်စီးမှု (Brain Electrical Activity) အပေါ် သက်ရောက်မှု၊ ဦးနှောက်အပေါ် သက်ရောက်မှု (Cognitive Function)၊ အိပ်စက်ခြင်းအပေါ် သက်ရောက်မှု၊ နှလုံးခုန်မှုအပေါ် သက်ရောက်မှု၊ သွေးဖိအားအပေါ် သက်ရောက်မှုတွေကို Volunteer တွေနဲ့ လေ့လာဆန်းစစ်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

ဒီလိုလေ့လာတဲ့အခါ သံလိုက်လှိုင်းနဲ့ ပတ်သက်ပြီးတော့ လူတွေခံစားရတယ်လို့ပြောတဲ့ လက္ခဏာတွေဖြစ်တဲ့ ခေါင်းကိုက်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ပျို့ခြင်း၊ လိင်စိတ်နည်းပါးခြင်း၊ အားနည်းခြင်းတွေဟာ လျှပ်စစ်သံလိုက်လှိုင်းတွေနဲ့ ထိတွေ့မှုနဲ့ ဆက်စပ်မှုရှိ/မရှိကို သုတေသနပြုတဲ့အခါ ဆက်စပ်မှုရှိတယ်ဆိုတာ အထောက်အထား မပြနိုင်ခဲ့ပါဘူး။

ပြီးတော့ လျှပ်စစ်သံလိုက်လှိုင်းတွေနဲ့ ပတ်သက်ပြီး ကျန်းမာရေးထိခိုက်မှုတွေဖြစ်တဲ့ သားပျက်သားလျှောဖြစ်ခြင်း၊ သန္ဓေသားရဲ့ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ပုံသဏ္ဌာန် မှုမမှန်ဖြစ်ခြင်း၊ ကိုယ်အလေးချိန်မပြည့်တဲ့ ကလေးမွေးဖွားခြင်း၊ မွေးရာပါရောဂါရှိတဲ့ ကလေးမွေးဖွားခြင်းဆိုတာတွေကို အထောက်အထား မတွေ့ရှိရသေးဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားတဲ့ လျှပ်စစ်သံလိုက်လှိုင်းဆိုတာ ဘာလဲ စာစောင်မှာ ဖော်ပြထားပါတယ်။

အများပြည်သူကိုင်တွယ်နေတဲ့ မိုဘိုင်းဖုန်းအသုံးပြုမှုနဲ့ပတ်သက်ပြီး ဦးခေါင်းပိုင်းနဲ့ လည်ပင်းပိုင်းမှာဖြစ်ပွားတဲ့ ကင်ဆာတွေရဲ့ ဆက်စပ်မှုကို International Agency for Research on Cancer (IARC) က သုတေသနတွေ ပြုလုပ်ခဲ့ကြတယ်လို့ သိရပါတယ်။ ဒီသုတေသနပြုမှုမှာပါဝင်တဲ့ နိုင်ငံပေါင်း ၁၃ နိုင်ငံက အချက်အလက်တွေကို အသေးစိတ် လေ့လာဆန်းစစ်ရာမှာ မိုဘိုင်းဖုန်းကို ၁၀ နှစ်ကျော် အသုံးပြုပေမယ့် မိုဘိုင်းဖုန်း အချိန်ကြာမြင့်စွာ အသုံးအပြုဆုံး လူတွေရဲ့ ၁၀ ရာခိုင်နှုန်းမှာ Giloma ဖြစ်နိုင်ခြေ မြင့်မားတာကို တချို့လေ့လာဆန်းစစ်မှုတွေအရ တွေ့ရှိရပေမယ့် ခိုင်မာတဲ့ အထောက်အထားတော့ မတွေ့ရှိရဘူးလို့ သိရပါတယ်။

မိုဘိုင်းဖုန်းအသုံးပြုမှုနဲ့ ပတ်သက်ပြီး အချက်အလက်တွေက ၁၅ နှစ်ထက်ကျော်ပြီး မရှိသေးတဲ့အတွက် မိုဘိုင်းဖုန်းအသုံးပြုမှုကြောင့် ကင်ဆာဖြစ်နိုင်ချေနဲ့ ပတ်သက်တဲ့ သုတေသနပြုမှုတွေ ဆက်လက်ဆောင်ရွက်ဖို့ လိုအပ်နေတယ်လို့လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားတဲ့ လျှပ်စစ်သံလိုက်လှိုင်းနှင့် ပြည်သူ့ကျန်းမာရေး စာစောင်ကနေ လေ့လာသိရှိရပါတယ်။ ဒါကြောင့် ကျန်းမာရေး ပြဿနာတွေနဲ့ဆက်စပ်ပြီး သုတေသနပြုလုပ်မှုတွေ လိုအပ်နေပါသေးတယ်။

ခြုံငုံသုံးသပ်မယ်ဆိုရင် သတ်မှတ်စံနှုန်းပမာဏထက် ကျော်လွန်ခြင်းမရှိတဲ့ လျှပ်စစ်သံလိုက်လှိုင်းတွေနဲ့ ထိတွေ့မှုတွေကြောင့် လူတွေရဲ့ ကျန်းမာရေးကို ထိခိုက်နိုင်တယ်ဆိုတဲ့ အထောက်အထားတွေ မတွေ့ရသေးပါဘူး။ ICNIRP အနေနဲ့ လျှပ်စစ်သံလိုက်လှိုင်းတွေနဲ့ ထိတွေ့မှုပမာဏသတ်မှတ်ချက်ကိုတော့ အများပြည်သူသက်ရောက်မှု (General Public Exposure) နဲ့ (Working Exposure) ဆိုပြီး ခွဲခြားသတ်မှတ်ထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် ထိတွေ့မှုပမာဏ သတ်မှတ်ချက်တွေ ကျော်လွန်ခြင်း မရှိရလေအောင် ထိန်းချုပ်ဆောင်ရွက်ခြင်း၊ အမြဲမပြတ် စောင့်ကြည့်တိုင်းတာခြင်းတွေ ပြုလုပ်ပြီးတော့ လျှပ်စစ်သံလိုက်လှိုင်းတွေကြောင့်ဖြစ်ပေါ်နိုင်တဲ့ ကျန်းမာရေးပြဿနာတွေ ကာကွယ်ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှာ လျှပ်စစ်သံလိုက်လှိုင်း(EMF) တိုင်းတာရေးစက်ပစ္စည်းတွေ ရှိ/မရှိဆိုတာနဲ့ တိုင်းတာခဲ့ဖူးခြင်း ရှိ/မရှိဆိုတာ သိရှိလိုပါတယ်။

> **“ နိုင်ငံပေါင်း ၁၃ နိုင်ငံက အချက်အလက်တွေကို အသေးစိတ် လေ့လာဆန်းစစ်ရာမှာ မိုဘိုင်းဖုန်းကို ၁၀ နှစ်ကျော် အသုံးပြုပေမယ့် မိုဘိုင်းဖုန်းအချိန်ကြာမြင့်စွာ အသုံးအပြုဆုံးလူတွေရဲ့ ၁၀ ရာခိုင်နှုန်းမှာ Giloma ဖြစ်နိုင်ခြေမြင့်မားတာကို တချို့ လေ့လာဆန်းစစ်မှုတွေအရ တွေ့ရှိရပေမယ့် ခိုင်မာတဲ့အထောက်အထားတော့ မတွေ့ရှိရဘူးလို့ သိရ”**

ဒေါ်တင်ဇာကျော်။ ။ ကျွန်မတို့ဌာနအနေနဲ့ အများပြည်သူအပေါ် လျှပ်စစ်သံလိုက်လှိုင်း ထိတွေ့မှုပမာဏ သတ်မှတ်ချက်တွေကျော်လွန်ခြင်းမရှိရလေအောင် ထိန်းချုပ်ဆောင်ရွက်ခြင်း၊ အမြဲမပြတ်စောင့်ကြည့် တိုင်းတာခြင်းတွေ ပြုလုပ်နိုင်ဖို့ အော်ပရေတာတွေ စတင်ဝင်ရောက်စဉ်ကတည်းက ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ International Commission on Non - Ionizing Radiation Protection (ICNIRP) ရဲ့စီစဉ်ပေးမှုနဲ့အတူ GSM Association (GSMA)ရဲ့ အကူအညီနဲ့ ကျွန်မတို့နိုင်ငံမှာ EMF တိုင်းတာစစ်ဆေးခြင်း လုပ်ငန်းတွေကို Ericsson က တိုင်းတာရေး စက်ပစ္စည်းတွေနဲ့ ပညာရှင်တွေ ပူးပေါင်းပါဝင်ကူညီမှုနဲ့ ရန်ကုန်မြို့နဲ့ မန္တလေးမြို့မှာ ၁၀ ရက်ကြာ မြေပြင်ပေါ်မှာ စိုက်ထူထားတဲ့ Ground Base လို့ခေါ်တဲ့ ဆက်သွယ်ရေးတာဝါတိုင် ၁၃ တိုင်နဲ့ Roof Top လို့ခေါ်တဲ့ အထပ်မြင့်အဆောက်အအုံတွေအပေါ်မှာ စိုက်ထူထားတဲ့ တာဝါတိုင် ၆ တိုင်ကို တိုင်းတာဆောင်ရွက်ခဲ့ပါတယ်။

အခုလက်ရှိ အချိန်မှာတော့ မြန်မာနိုင်ငံက ဆက်သွယ်ရေးတာဝါတွေက ထုတ်လွှင့်တဲ့ EMF နဲ့ ပတ်သက်ပြီး ICNIRP စံသတ်မှတ်ချက်အရ လုံခြုံစိတ်ချရတဲ့ Safety Level မှာ ရှိ/ မရှိဆိုတာ ပိုမိုတိကျစွာ တိုင်းတာစစ်ဆေးနိုင်ဖို့အတွက် NARDA Safety Test Solution ကထုတ်လုပ်တဲ့ EMF Measuring Equipment SRM3006 နှစ်စုံကို အခုနှစ် ဇွန်လက ဝယ်ယူထားရှိပြီး ဖြစ်ပါတယ်။

ဌာနက ဝယ်ယူထားတဲ့ တိုင်းတာရေးစက်နဲ့ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်က အများပြည်သူဆိုင်ရာနေရာတွေဖြစ်တဲ့ ဆေးရုံ၊ ဈေး၊ ကျောင်း၊ တက္ကသိုလ်နဲ့ တာဝါတိုင်တချို့ကို EMF တိုင်းတာရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ EMF တိုင်းတာရေးလုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ ရှိပါတယ်။ တိုင်းတာတွေ့ရှိမှုတွေအရ အကြမ်းဖျင်းအားဖြင့် ဆက်သွယ်ရေးတာဝါ တိုင်တွေမှာ တပ်ဆင်ထားတဲ့ မိုဘိုင်းရေဒီယို ဆက်သွယ်ရေးပစ္စည်းတွေ တစ်နည်းအားဖြင့် အင်တင်နာတွေက အများပြည်သူအပေါ် သက်ရောက်တဲ့ EMF ပမာဏဟာ ICNIRP ရဲ့ စံသတ်မှတ်ချက်အရ လုံခြုံစိတ်ချရတဲ့ Safety Level မှာ ရှိပါတယ်။

အစီအစဉ်မှူး။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း ဆက်သွယ်ရေး ကွန်ရက်ကောင်းမွန်စေဖို့ ဆောင်ရွက်တဲ့အခါ ဆက်သွယ်ရေးတာဝါ အမြောက်အမြားကြောင့် EMF Level သိသိသာသာ မြင့်တက်နိုင်ပါသလား။

ဒေါ်တင်ဇာကျော်။ ။ တာဝါတွေမှာ တပ်ဆင်ထားတဲ့ ရေဒီယိုစက်ပစ္စည်းတွေ၊ ဥပမာ အင်တင်နာများက ရေဒီယိုလှိုင်းတွေထုတ်လွှင့်မှုကသာ Electromagnetic Field (EMF)ကို ဖြစ်ပေါ်စေပါတယ်။ နေရာဒေသတစ်ခုလုံး ဆက်သွယ်ရေးကွန်ရက် အပြည့်အဝရရှိနိုင်ဖို့အတွက် တာဝါတည်ဆောက်တဲ့နေရာမှာ အရေအတွက်နည်းနည်းပဲ တည်ဆောက်မယ်ဆိုရင် မိုဘိုင်းဖုန်းလိုင်းတွေ ကောင်းကောင်းမွန်မွန် ဖမ်းယူဖို့အတွက်ကျတော့ ရေဒီယိုစက်ပစ္စည်းတွေက လွှင့်အားမြှင့်တင် အသုံးပြုရမှာဖြစ်တဲ့အတွက် EMF Level မြင့်တက်လာစေနိုင်ပါတယ်။

နေရာဒေသတစ်ခုမှာ ဆက်သွယ်ရေးကွန်ရက် အပြည့်အဝလွှမ်းခြုံမှုရရှိအောင် လွှင့်အားများတဲ့ တာဝါအနည်းငယ်နဲ့ ဆောင်ရွက်တာမျိုးထက် လွှင့်အားနည်းတဲ့ တာဝါပျံ့နှံ့ပြီးတော့ တည်ဆောက်ခြင်းက အနီးအနားရှိနေထိုင်သူတွေကို EMF သက်ရောက်မှုပမာဏ ပိုမိုလျော့နည်းစေနိုင်တာကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရေဒီယိုဆက်သွယ်ရေးပစ္စည်းတွေရဲ့ လွှင့်အားကိုလည်း ကန့်သတ်ထားရှိပါတယ်။

မြန်မာနိုင်ငံမှာ မိုဘိုင်းဆက်သွယ်ရေးကွန်ရက် အပြည့်အဝ လွှမ်းခြုံထားပြီးဖြစ်တဲ့ အဓိကမြို့ကြီးတွေမှာ ဆက်သွယ်ရေးတာဝါတိုင်တွေကို ICNIRP ရဲ့ စံသတ်မှတ်ချက်အရ တိုင်းတာစစ်ဆေးမှုမှာ Roof Top တာဝါတွေမှာ အင်တင်နာကို မျက်နှာမူတဲ့ ၁၀ မီတာက တိုင်းတာတဲ့အခါ EMF Level ဟာ ရာခိုင်နှုန်းအားဖြင့် Safety Standard 100 ရာခိုင်နှုန်းမှာ ၁ ရာခိုင်နှုန်းသာ ရှိပါတယ်။ Ground Base တာဝါတွေမှာတော့ ၁ ရာခိုင်နှုန်းအောက် လျော့နည်းတာကို တိုင်းတာတွေ့ရှိရပါတယ်။

ဒါ့အပြင် ဆက်သွယ်ရေးတာဝါတွေ တည်ဆောက်ရာမှာလည်း သတ်မှတ်စံချိန်စံညွှန်းအတိုင်း တည်ဆောက်ပါက EMF သက်ရောက်မှုပမာဏဟာ ICNIRP စံသတ်မှတ်ချက် Safety Level မှာသာ တွေ့ရှိရမှာ ဖြစ်ပါတယ်။

အစီအစဉ်မှူး ။ ။ နောက်ဆုံးအနေနဲ့ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနအနေနဲ့ EMF နဲ့ ပတ်သက်ပြီး ဆက်သွယ်ရေးအော်ပရေတာတွေကို ကြီးကြပ်ဆောင်ရွက်နေမှုနဲ့ ပြည်သူကို အသိပေးတင်ပြလိုတဲ့ အချက်ရှိရင် ပြောပြပေးပါ။

ဦးဇာနည်အောင်။ ။ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနအနေနဲ့ ပြည်သူတွေမှာ မလိုလားအပ်တဲ့ ကျန်းမာရေးအန္တရာယ်တွေ မဖြစ်ပေါ်စေဖို့ ရေဒီယိုစခန်း (BTS)တွေအတွက် တာဝါတိုင်တွေ အသစ်တိုးချဲ့တည်ဆောက်ခြင်းတွေကို နိုင်ငံတကာ သတ်မှတ်ချက် စံချိန်စံညွှန်းတွေနဲ့အညီသာ စနစ်တကျစိစစ်ခွင့်ပြုပေးနေပါတယ်။ ဒီလိုခွင့်ပြု တည်ဆောက်ပြီးတဲ့ စခန်းတွေကိုလည်း သတ်မှတ်ချက်တွေအတွင်း အမှန်တကယ် ရှိ/မရှိ ကွင်းဆင်းစစ်ဆေးတိုင်းတာမှုတွေကိုလည်း ပြုလုပ်ပြီးတော့ သက်ဆိုင်ရာအော်ပရေတာတွေကို လိုအပ်သလို စိစစ်မှုတွေ ဆောင်ရွက်နေပါတယ်။

စာမျက်နှာ ၂၇ သို့

ပြင်ဦးလွင်ဓာတ်တော်ချိုင့် ရေတံခွန်ရေစီးဆင်းမှုတစ်ရက်မျှပြတ်တောက်ခဲ့ပြီး ယခုအချိန်တွင် ပုံမှန်အတိုင်း ပြန်လည်စီးဆင်း

ပြင်ဦးလွင် ဩဂုတ် ၁၂

ပြင်ဦးလွင်မြို့အနီးစခန်းရှိ ဓာတ်တော်ချိုင့်ရေတံခွန်၌ ယမန်နေ့က စတင်၍ ရေစီးဆင်းမှုခေတ္တ ပြတ်တောက်သွားခဲ့ပြီး **(ယာပုံ)** ယနေ့နံနက်ပိုင်းတွင် ပုံမှန်အတိုင်း ပြန်လည်စီးဆင်းနေပြီ ဖြစ်ကြောင်း သိရသည်။

“ မနေ့ကမနက် ၁၀ နာရီခွဲလောက်က ‘ ဝုန်း ’ဆိုတဲ့ အသံကျယ်ကြီးကြားလိုက်ရပြီး နောက်ပိုင်းမှာ ရေတံခွန်မှာ ရေမစီးတော့ဘူးလို့ သိလိုက်ရတယ်။ ဒီမှာဈေးရောင်းနေတာ ကြာလှပြီ တစ်ခါမှမကြုံဖူး၊ မကြားဖူးလို့ အံ့ဩတုန်လှုပ် သွားခဲ့ရတယ် ” ဟု ဓာတ်တော်ချိုင့် ရေတံခွန်တွင် ဈေးရောင်းနေသူတစ်ဦးက ပြောသည်။

ဖြစ်ပွားပုံမှာ ဓာတ်တော်ချိုင့်ရေတံခွန်တွင် ရေတံခွန်အဆင့် လေးဆင့်ရှိနေပြီး ဒုတိယအဆင့်တွင် ရေစီးအားကြောင့် ဂလိုင်ပေါက်တစ်ခုဖြစ်သွားကာ ပုံမှန်စီးဆင်းနေသော ရေများက ဂလိုင်မှစီးဝင်သွားပြီး နောက်အဆင့်ရေတံခွန်များ ရှိရာသို့ မရောက်တော့ခြင်းဖြစ်ကြောင်း သိရသည်။

“ ဒီလိုဖြစ်စဉ်မျိုးကို Sinkhole (ထုံးကျောက်စားပြီး အပေါက်ဖြစ်သွားခြင်း) လို့ ခေါ်ပါတယ်။ ပြင်ဦးလွင်မြို့နယ် အတွင်းမှာရှိနေတဲ့တောင်တွေက ထုံးကျောက်တောင်တွေ ဖြစ်နေပြီး အခုဓာတ်တော်ချိုင့်ရေတံခွန်ကလည်း ထုံးကျောက်တောင်ပဲဖြစ်နေလို့ ဒီလိုဖြစ်သွားရတာပါ။ ပေါက်သွားရတဲ့ အပေါက်ကို လုံအောင်ပိတ်ဆို့လိုက်တာ ဒါမှမဟုတ် ရေလမ်းကြောင်း လွှဲပေးနိုင်ရင် ပုံမှန်အတိုင်း ရေပြန်လည်စီးဆင်းနိုင်ပါတယ် ” ဟု ပြင်ဦးလွင်မြို့ရှိ ဘူမိဗေဒပညာရှင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

ရေတံခွန်၌ ဂလိုင်ပေါက်ဖြစ်သွားရာ ဒုတိယအဆင့်သို့ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ သက်ဆိုင်ရာတာဝန်ရှိသူများ လာရောက် ကြည့်ရှုစစ်ဆေးကြပြီး အပေါက်အတွင်းသို့ ကျောက်ချခြင်း၊ သဲအိတ်ဖို့ခြင်းများပြုလုပ်၍ ယခုအခါ ရေပုံမှန်စီးဆင်းလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

သက်နိုင် (ပြင်ဦးလွင်)

လားရှိုးမြို့၌ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက် သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

လားရှိုး ဩဂုတ် ၁၂

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ယနေ့နံနက်ပိုင်းက လားရှိုးမြို့ လူငယ်သင်တန်းကျောင်းခန်းမ၌ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက် သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပရာ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်မှူး၊ ညွှန်ကြားရေးမှူး ဦးတင်ထွန်းလင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ခဲ့ရာ သင်တန်းသား သင်တန်းသူများကိုယ်စား အရှေ့မြောက် တိုင်းစစ်ဌာနချုပ်မှ သင်တန်းသားတစ်ဦးနှင့် လားရှိုးတက္ကသိုလ်မှ ဆရာမ တစ်ဦးတို့က လက်ခံယူပေးခဲ့သည်။

ထို့နောက် လားရှိုးတက္ကသိုလ်သတ္တဗေဒဌာနမှ တွဲဖက်ပါမောက္ခဆရာမ ဒေါက်တာဒေါ်လဲ့လဲ့ထွန်းက သင်တန်းသားများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ငါးမွေးမြူရေးနှင့် ငါးသားဖောက်သင်တန်း၌ စာတွေ့လက်တွေ့များပါဝင်ပြီး လက်တွေ့ဆေးထိုးသားဖောက်ခြင်းကို လားရှိုးမြို့ရှိ ကုန်းမြင့်လယ်ယာအမှတ်(၁)၊ ငါးမွေးမြူရေးကန်၌ သင်တန်းဆရာသုံးဦးတို့က သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ လားရှိုးတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ဆရာမများ၊ လားရှိုးမြို့ပေါ်ရှိ ငါးမွေးတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟန်ငွေး(လားရှိုး)

သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။

စာမျက်နှာ ၂၆ မှ

လှိုင်းနှုန်းစဉ်ဆိုင်ရာ နည်းဥပဒေ ၂၃ နည်းဥပဒေခွဲ (င) အပိုဒ်ခွဲ ၄ မှာ “ရေဒီယိုစခန်းတစ်ခုစီသည် အများပြည်သူကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ရရှိသူ၏ ဝန်ထမ်းများနှင့် ကန်ထရိုက်တာများကိုဖြစ်စေ ဘေးဖြစ်စေသော ထုတ်လွှင့်မှုမျိုး မဖြစ်စေရန် ဆောင်ရွက်မှုများ” လို့ လိုက်နာဖို့ နည်းဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။

မိုဘိုင်းဆက်သွယ်ရေးနဲ့ ပြည်သူ့ကျန်းမာရေးအတွက် ၂၀၁၃ ခုနှစ်ကတည်းက ကျန်းမာရေး ဝန်ကြီးဌာန (ယခု ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပူးပေါင်းလေ့လာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တကယ်လို့ ပြည်သူတွေ နေထိုင်တဲ့နေရာမှာ EMF Level မြင့်တက်နေတယ်လို့ သံသယရှိရင် အထောက်အထားတစ်ခုခုနဲ့ အသိပေးစေလိုပါတယ်။ ဒီလိုပြည်သူတွေက အသိပေး ပြောကြားလာတဲ့အခါ ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ မိုဘိုင်းတာဝါတွေက EMF ထုတ်လွှင့်မှုကို လိုအပ်သလို စစ်ဆေးတိုင်းတာပေးသွားမှာ ဖြစ်ပါတယ်။ ဒီလိုတိုင်းတာရရှိတဲ့ အချက်အလက်တွေကိုလည်း ပြည်သူတွေသိရှိအောင် ပြန်ပြီးတော့ အသိပေးတင်ပြပေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ EMF နဲ့ ပတ်သက်ပြီး သိရှိလိုတာရှိရင် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို စာဖြင့်ဖြစ်စေ၊ ဌာနရဲ့ Facebook ကတစ်ဆင့်ဖြစ်စေ အသိပေးဆက်သွယ်မေးမြန်းနိုင်ပါတယ်။

အစီအစဉ်မှူး ။ ။ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ရှင်မင်း၊ ဓာတ်ပုံ-ကျော်ဇင်ထိုက်

ယာဉ်အန္တရာယ်ကင်းရေးအတွက် လမ်းစနစ်နှင့်ကိုက်ညီသည့် ဘယ်မောင်းယာဉ်များသုံးရန် လိုအပ်

ရန်ကုန် ဩဂုတ် ၁၂

ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မြန်မာနိုင်ငံ၏ လက်ယာကပ်မောင်း လမ်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များကို အသုံးပြုရန်လိုအပ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလျှန်ကျင့်မန်(ခ)ငမ်ခိုင်ပါးပါးက ပြောကြားသည်။

မြန်မာတစ်နိုင်ငံလုံးတွင် မော်တော်ယာဉ် အစီးရေ စုစုပေါင်း ၁၀ သိန်းကျော် ရှိသည့်အနက် လမ်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်မှာ အစီးရေ နှစ်သိန်းကျော်သာ ရှိသေးကြောင်းလည်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

“လမ်းပေါ်မှာ ယာဉ်အန္တရာယ်လျှော့ချဖို့ လုပ်ချင်တယ်ဆိုရင် လမ်းစနစ်နဲ့ကိုက်ညီတဲ့ယာဉ်တွေကို အသုံးပြုဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့မှာ National Road Safety Council ရဲ့ ၂၀၁၄-၂၀၂၀ ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၃ ခုနှစ်တုန်းက ယာဉ်တိုက်မှုကြောင့် သေဆုံးတာ ၄၀၀၀ ကျော်လောက် ရှိတယ်။ အဲဒီ ၄၀၀၀ ကျော်ကနေ တစ်ဝက်လောက်ကို ၂၀၂၀ မှာ လျှော့ချဖို့ ကျွန်တော်တို့ လုပ်တာဖြစ်ပါတယ်။ ဒီရည်မှန်းချက်ကို အောင်မြင်အောင် လုပ်ဖို့ဆိုရင် လမ်းပေါ်မှာအသုံးပြုနေတဲ့၊ လမ်းစနစ်နဲ့မကိုက်ညီဘဲ ပြောင်းပြန်ဖြစ်နေတဲ့ ညာမောင်းတွေကို တဖြည်းဖြည်း လျှော့ချဖို့ လုပ်ရမှာဖြစ်ပါတယ်”ဟု ညွှန်ကြားရေးမှူးက ပြောသည်။

မြန်မာနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာ ၆ ရက်မှစ၍ လက်ဝဲကပ်မောင်းစနစ်မှ လက်ယာကပ်မောင်းစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ရာ မြန်မာနိုင်ငံ၏ လမ်းစနစ်အရ လက်ယာကပ်မောင်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များ အသုံးပြုမှသာ ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် မော်တော်ယာဉ်ဥပဒေတွင်လည်း ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရန် လက်ယာကပ်မောင်းစနစ်နှင့်ကိုက်ညီသည့် ဘယ်မောင်းယာဉ်များသာ အသုံးပြုနိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း သိရသည်။

“ကျွန်တော်တို့နိုင်ငံမှာ လက်ယာကပ်မောင်းစနစ်ကို ၁၉၇၀ ပြည့်နှစ်ကတည်းက ပြောင်းခဲ့ပေမယ့် လက်ယာ ကပ်မောင်းစနစ်နဲ့ ကိုက်ညီတဲ့ ဘယ်မောင်းယာဉ်တွေကို မတင်သွင်းနိုင်ခဲ့ဘူး။ အဲဒီကတည်းက မလုပ်ဖြစ်တဲ့ဟာက အခုထက်ထိ ကျွန်တော်တို့ မဖြေရှင်းနိုင်ဘူး။ မော်တော်ယာဉ်ဥပဒေပြဋ္ဌာန်းမှုပဲ ကျွန်တော်တို့ ဒီဟာတွေကို အလေးထားလာကြတာဖြစ်ပါတယ်” ဟုလည်း ညွှန်ကြားရေးမှူးက ဆက်ပြောသည်။

လက်ရှိ အစိုးရအဖွဲ့က Road Safety နှင့် ပတ်သက်၍ စုဖောင်ဒေးရှင်း၏ အထောက်အပံ့ဖြင့် အဆင့်မြင့် ကျွမ်းကျင်ပညာရှင်များအား ဖိတ်ခေါ်၍ အကြံပြုချက်များ ရယူခဲ့ရာတွင်လည်း ယင်းအကြံပြုချက် ၄၃ ချက်ထဲတွင် လမ်းစနစ်အရ လက်ယာကပ်မောင်းစနစ်နှင့်မကိုက်ညီသည့် ယာဉ်များကို လျှော့ချရန် အကြံပြုထားကြောင်း သိရသည်။ “နိုင်ငံတကာက ကျွမ်းကျင်တဲ့သူတွေလာရင် Road Safety နဲ့ပတ်သက်လို့ ဒါကို ပထမဆုံး ထောက်ပြကြတယ်။ ဒီလို ပြောင်းပြန်ဖြစ်နေတဲ့ဟာတွေကြောင့် ယာဉ်တိုက်မှုတွေဖြစ်ရတာ များတဲ့ အကြောင်း သုံးသပ်ကြတယ်”ဟု ညွှန်ကြားရေးမှူးက ပြောသည်။

ထို့ကြောင့် ၂၀၁၉ ခုနှစ်မှစ၍ လက်ယာကပ်မောင်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များကိုသာ တင်သွင်းခွင့်ပြုထားကြောင်းလည်း ၎င်းက ထပ်မံပြောကြားသည်။ လက်ရှိ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်အစီးရေမှာ ၁၀၉၀၀၀၀ ကျော်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး တစ်ခုတည်းတွင် အစီးရေ ၅၄၀၀၀၀ ကျော် ရှိသဖြင့် တစ်နိုင်ငံလုံးရှိ မော်တော်ယာဉ်အစီးရေ၏ တစ်ဝက်ကျော်သည် ရန်ကုန်တိုင်းဒေသကြီး၌ ရှိနေကြောင်း သိရသည်။

ပြည်တွင်းမှ ယာဉ်ပိုင်ရှင်အများစုမှာ ယာဉ်များတင်သွင်းရာတွင် ဘယ်မောင်းယာဉ်များက ပိုကောင်းသည်ကို လက်ခံကြသော်လည်း ဂျပန်မှ တစ်ပတ်ရစ် ညာမောင်းကားဟောင်းများ တင်သွင်းရာတွင် အခွန်အခ သက်သာခြင်းနှင့် မောင်းနှင်အသုံးပြုရာတွင် အကြမ်းခံခြင်းတို့ကြောင့် အခွန်အခ ပိုများသော တရုတ် ဘယ်မောင်းကားသစ်များထက် ဂျပန်ညာမောင်းကားဟောင်းများကို ပို၍အကြိုက်တွေ့ကြကြောင်း သိရသည်။

ငြိမ်းငြိမ်း

ဟိုပင်၌ လူ့အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်သူများဆိုင်ရာ အမြင်ဖွင့်သင်တန်းဖွင့်

ဟိုပင် ဩဂုတ် ၁၂

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူ့အခွင့်အရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဆိုင်ရာ အမြင်ဖွင့်သင်တန်းကို ယနေ့နံနက်ပိုင်းက ဟိုပင်ဒေသရှိ ပြည်သူလူထုများ လူ့အခွင့်အရေးနှင့် ဥပဒေဆိုင်ရာ အသိပညာများ သိရှိနားလည်စေရန်၊ ဒေသတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို ချိတ်ဆက် တိုင်ကြားနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည်။

ယင်းသင်တန်းကို ညီမျှခြင်း မြန်မာနှင့် ဖွံ့ဖြိုးရေးမဏ္ဍိုင်တို့အဖွဲ့မှ ဦးနော်ဆိုင်း၊ ဦးလင်းနိုင်ငွေနှင့် ဒေါ်သန်းသန်းဦးတို့က ဦးဆောင်၍ လူ့အခွင့်အရေး သဘောတရားနှင့် လူ့အခွင့်အရေး အဓိပ္ပာယ်ဖွင့်ဆိုချက်၊ လူ့အခွင့်အရေး ကြေညာစာတမ်းသမိုင်းကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါအချက်များ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၏ အခွင့်အရေးအချက်များ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား ကန့်သတ်ထားသည့် ကာကွယ်ထားသော ဥပဒေများ လေ့လာခြင်း၊ လူ့အခွင့်အရေး လုပ်ငန်းစဉ်နှင့် အစိုးရတာဝန်များ၊ သတင်းအချက်အလက်ကောက်ယူခြင်း လုပ်ငန်းစဉ်များ၊ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ပတ်သက်၍ တိုင်ကြားနိုင်သောယန္တရားများကို သင်တန်းသား ၂၅ ဦးဖြင့် ၅ ရက်ကြာ ဆွေးနွေး ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

တိုးတိုးမေ(ဟိုပင်)

မြတ်ဗောဓိ ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့ ခရီးစဉ်အားလုံး စရိတ်ငြိမ်း

(၁. ၉. ၂၀၁၉နေ့ထိမည့်သည့်ခရီးစဉ်မဆိုစရံပေးသွင်းသူများကို (၇၀၀၀၀/-ကျပ်)တိတိလျှော့ပေးထားပြီးဖြစ်ပါသည်။)
သာသနာ့ဝန်ထမ်းများကို (၅၀၀၀၀/-ကျပ်)တိတိထပ်မံလျှော့ပေးပါသည်။

၈ ရက်ခရီး – ၁၀သိန်းကျပ် – သံဝေဇနိယ(၄)ဌာန၊ အဝိဇဟိတ (၃)ဌာန (အိန္ဒိယ-နီပေါ)
HOTEL - ၃ည (oct-3)(nov-21)(dec-24)(jan-21)(feb-21)(mar-17,24)(apr-13)

၁၂ ရက်ခရီး – ၁၁သိန်းကျပ် – HOTEL - ၃ည သံဝေဇနိယ(၄)ဌာန၊ အဝိဇဟိတ (၄)ဌာန (သက်သာနပိုရ်) (oct-11)(nov-9)(dec-6)(jan-6)(feb-7)(mar-3)(apr-6) ဘုရားဌာန အားလုံး၊ (အိန္ဒိယ-နီပေါ) အထူးခရီးစဉ်

၁၅ ရက်ခရီး – ၁၂သိန်းကျပ် – သံဝေဇနိယ (၄)ဌာန၊ အဝိဇဟိတ (၄)ဌာန၊ ဂင်္ဂါမြစ်၊အာဂရာ (တပ်ချပ်မဟာ)၊ နယူးဒေလီနေရာစုံ (အိန္ဒိယ-နီပေါ)
HOTEL - ၅ည
(oct-1,17)(nov-2,16)(dec-2,17)(jan-2,16,31)(feb-15)(mar-3,19)(apr-6)

(၁၀) ဦး တစ်စု (၁) ဦးလက်ဆောင်ပေးသည်။ နယ်မှ ခရီးသည်များ ကြို/ပို့ တည်းခိုရေး အခမဲ့ပေးသည်။ ယာနာနို့ဆွမ်း၊ ရေချမ်း၊ ပန်း ၊ သစ်သီးဆွမ်း၊ပေါက်ပေါက်ဆုပ်၊ India GSM Simcard နှင့် ကားပေါ်တွင် Internet Wi-Fi Free Service ဘုရားဌာန (၄)ဌာနတွင်စုပေါင်းကြာသပ်န်း (11) ထည်၊အိပ်ယာခင်း၊ခေါင်းအုံးစွပ် ဓမ္မဒါနပေးသည်။ ကားညမောင်း(လုံးဝ) မပါပါ။နိုင်ငံကူးလက်မှတ်မရှိလျှင်ကူညီဆောင်ရွက်ပေးပါသည်။ရန်ကုန်မြို့အတွင်းအိမ်အရောက်ဝန်ဆောင်မှုပေးပါသည်။

ရန်ကုန်ရုံးချုပ်။အမှတ်(၁၃၃၊၁၃၅၊၁၃၇)၊အခန်း(၃/အေ)၊ လမ်း(၄၀)၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 49338595, 09 788304828, 09 263125261, 09 420134528
မန္တလေးရုံးခွဲ။ Ph : 09 797512889
နေပြည်တော် -၀၉၈၉၄၄၃၄၄၅၉၊ဘားအံ-၀၉၄၄၉၀၀၅၁၆၈၊ကျောက်ပန်းတောင်း-၀၉၄၂၅၀၀၇၁၀၆၊ပြည်-၀၉၅၃၁၂၁၃၃

ဒါန ဗုဒ္ဓဂယာအဖွဲ့၏ ဘုရားဖူးခရီးစဉ်များ

အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၁၅ ရက်) 700 USD + ၂၀၀၀၀၀ိ/–
ထွက်ခွာမည့်နေ့ရက်များ – အောက်တိုဘာ ၉၊ ၁၃ (သီတင်းကျွတ်လပြည့်နေ့ အထူးခရီး) ၂၇၊ နိုဝင်ဘာ ၃၊ ၁၀ (တန်ဆောင်မုန်းလပြည့်နေ့ အထူးခရီး) ၁၇၊ ၂၄၊ ဒီဇင်ဘာ ၈၊ ၂၂၊ ဇန်နဝါရီ ၅၊ ၁၉၊ ဖေဖော်ဝါရီ ၂၊ ၉၊ ၁၆၊ ၂၃၊ မတ် ၈၊ ၁၅၊ ၂၂၊ ၂၉၊ ဧပြီ ၆ (သင်္ကြန် အထူးခရီး)၊
အိန္ဒိယ နှင့် နီပေါ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၈ ရက်) 600 USD + ၁၅၀၀၀၀ိ/–
ထွက်ခွာမည့်နေ့ရက်များ – ဖေဖော်ဝါရီ ၂၊ ဧပြီ ၅၊
သီရိလင်္ကာ ဘုရားဖူးခရီးစဉ် (ဟိုတယ် တည်း/စား) (၇ ရက်) 1270 USD
ထွက်ခွာမည့်နေ့ရက်များ – စက်တင်ဘာ ၉၊ အောက်တိုဘာ ၁၂၊ နိုဝင်ဘာ ၉၊ ဒီဇင်ဘာ ၁၂၊ ဇန်နဝါရီ ၉၊ ဖေဖော်ဝါရီ ၁၂၊ မတ် ၉၊ ဧပြီ ၁၂၊
(ခရီးစတင် ထွက်ခွာမည့်နေ့ မတိုင်မီ ၄၅ ရက် ကြိုတင်၍ စရံနှင့်တကွ စာရင်းပေးသွင်းပါက ၃၀၀၀၀ိ/– လျှော့ပေးပါမည်။)
(မိသားစုနှင့်အဖွဲ့အစည်း သီးသန့် ဟိုတယ်ခရီးစဉ်အဖြစ် သွားရောက်လိုပါက စိတ်တိုင်းကျညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပါသည်။)
■ ဒါနဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ – တိုက် ၂၅၊ အခန်း –၃၀၃၊ တာထဝ်၊ ယုဇနစီးပွားရေးဇာတ်၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း၊ ရန်ကုန်။ ဖုန်း – ၅၃၆၃၄၈၊ ၅၃၇၇၀၇၊ ၅၃၇၇၀၈၊ ၀၉ ၅၀၀ ၁၇၆၃၊ ၀၉ ၅၀၁၃၇၂၇၊ ၀၉ ၂၅၆၁၇၄၄၁၄၊ ၀၉ ၂၅၆၃၁၈၀၄၃၊ ၀၉ ၅၁၆ ၄၆၆၄

ဖခင်အမည်မှန်
ပင်းတယမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မောင်မင်းဟိန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ပို ၁၃/ပတယ(နိုင်)၀၂၃၉၅၇ ဖြစ်ပါကြောင်း။
ဦးမောင်ပို

ဖခင်အမည်မှန်
အောင်ပန်းမြို့၊ အလင်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မစုမြတ်မြတ်ထွန်း၏ဖခင်အမည်မှန်မှာ ဦးသန်းလှိုင် ၁၂/ဒပန(နိုင်)၀၃၈၁၁၇ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ရပ်စောက်မြို့နယ်၊ အလက (ထီခမ်း)၊ အဌမတန်းမှ မောင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ဖြစ်ပါကြောင်း။
ဦးမောင်ဇော်

(10)ဦး (1)ဦး အခမဲ့အပြင် ရန်ကုန်တွင် ညစာ ဘုဖေး ပော့ပေါ့/အကင်နှင့်အတူ ဂယာသို့ အခမဲ့လိုက်ပါခွင့် ကံစမ်းမဲအားထပ်မံရရှိရန် 2019 ဩဂုတ်လ (15)ရက်မတိုင်မီ နယူးနီလာသို့ စရံ (2)သိန်းဖြင့် ရက်ကောင်းလေးများရရှိရန် သွားရောက်စာရင်းပေးကြပါစို့

နယူးနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဂယာသီးသန့်ခရီးစဉ်ထွက်ခွာမည့်ရက်- Oct 3, Oct 21, Nov 1, Nov 8, Nov 7, Nov 25, Dec 19, Jan 2, Jan 13, Jan 31, Feb 14, Feb 21, Feb 17, Mar 2, Mar 12, April 11, April 9.

(ဂယာသီးသန့်ခရီးစဉ် စရံ(2)သိန်း+US550 (1)ပတ် / စရံ (2)သိန်း+US750 (15)ရက် နှင့် ကိုးလ်ကတ္တားအပါ (15)ရက် စရံ (2)သိန်း + US800

အသက်သာဆုံးခရီးစဉ် ဖွားပွင့်၊ပေဟာစံ (၄)ဌာန+ကိုးလ်ကတ္တားဈေးဂယ်၊ စရံ(၂) သိန်း+US 550 (၁၁) ရက်ခရီးစဉ်နှင့် (၁၅) ရက်ခရီးစဉ် ဒေလီ+ ကိုးလ်ကတ္တား(ဘုရားဌာနအစုံ) စရံ(2)သိန်း US 650 ထွက်ခွာမည့်ရက်များ Oct 19, Oct 5, Nov 20, Nov 6, Dec 4, Dec 2, Jan 1, Jan 11, Feb 1, Feb 15, Mar 4, Mar 16, April 6.

06230406201337301-KBZ ဘဏ်၊ အလုံ၊ ကမ်းနားလမ်း၊ ဆင်မင်းဈေးအနီး၊ B1(101) သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ ရန်ကုန်။
(Email/Facebook: newnilar) / Viber: 5052973, 5069624, 5071583
Office: /899060007/799422740/786337158/9694964952

ပျောက်ဆုံးကြောင်း
ကျွန်တော်၏ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် လုပ်သက်စာအုပ်အမှတ်-ရန် ၇၁၈၇/၁၃သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။
ဦးထွန်းထွန်းနိုင် ဖုန်း-၀၉-၇၉၅၄၅၂၆၇၁

ဖခင်အမည်မှန်
မုံရွာမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(I)မှ မောင်ညီညီအောင်၏ ဖခင်အမည်မှန်မှာ ဦးရွှေသင်း ၅/ဒပယ(နိုင်)၀၆၀၂၆၃ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄၇ယ/၈၀၉၇၇ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းစိုး ၅/မမန(နိုင်)၀၇၀၄၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ဖခင်အမည်မှန်
ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်မြို့၊ အထက(ခွဲ) နဝမတန်း(A)မှ မောင်ရဲထွန်းဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းဝင်း ၁၀/ကထန(နိုင်)၀၇၂၆၁၆ ဖြစ်ပါကြောင်း။
ဦးထွန်းဝင်း

ဖခင်အမည်မှန်
မကွေးမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ရှိုင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးခိုင်ဦး ၈/မကန(နိုင်)၁၂၁၆၉၇ ဖြစ်ပါကြောင်း။
ဦးမျိုးခိုင်ဦး

အမည်မှန်
ဦးကျော်အေး၏သား သာစည်မြို့နယ်၊ ၄က်မင်းကုန်းကျေးရွာအုပ်စု၊ သမန်းကြားကျေးရွာနေ ဦးကိုလေး ၉/သစန(နိုင်)၀၇၄၁၁၀၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်ကို ဖြစ်ပါကြောင်း။
ဦးမောင်ကို

ဖခင်အမည်မှန်
မန်စီမြို့နယ်၊ မန်သာကျေးရွာအုပ်စု၊ ကံကြီးကျေးရွာနေ အထက (မန်သာ) နဝမတန်းမှ မောင်သက်နိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင် ၁/မစန(နိုင်)၀၁၉၁၈၀ ဖြစ်ပါကြောင်း။
ဦးစန်းလွင်

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြရပ်ကွက်၊ သရဖီလမ်းနှင့် (၁၈)လမ်းထောင့်၊ မြေကွက်အမှတ်(၅၅၃)ဟုခေါ်တွင်သော ဦးကြည်ရှိန် ၁၂/လကန(နိုင်)၀၅၁၄၇၆ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအမျိုးအစား အလျား×အနံ(၈၀×၆၅)ပေ မြေကွက်ပေါ်ရှိ ခေါင်းရင်းဘက်ခြမ်းမှ ဒုတိယမြောက်အကွက်(ဘယ်လက်ခြမ်း)ဖြစ်သော အလျား×အနံ(၂၀×၆၅)ပေ အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သော ဦးကြည်ရှိန်၏ သား/သမီးများဖြစ်ကြသော ဦးသိန်းထွန်း၊ ဦးသန်းထွန်း၊ ဒေါ်စန်းရီ၊ ဦးခင်ရွှေ၊ ဒေါ်ဝင်းမြိုင်၊ ဦးစန်းထွန်း၊ ဒေါ်မြဝင်း၊ ဦးမောင်မောင်မြင့်၊ ဦးမျိုးမြင့်တို့ မောင်နှမကိုးဦးမှ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မီမီပွင့်ဖူး (LL.B)	ဒေါ်နန်းဝင်းဝင်းသန့် (LL.B,D.B.L,D.I.L)
အထက်တန်းရှေ့နေ (စဉ်-၄၈၀၁၉)	တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၀၀)
ဖုန်း-၀၉-၇၈၄၈၄၉၇၆၄	ဖုန်း-၀၉-၄၂၀၂၄၂၃၃

အမှတ်(၉၆၂)၊ နေခြည်လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ အထက(ခွဲ)တအုံ နဝမတန်း အတွဲ(၇)မှ မောင်ဗိုလ်သိန်းကျော်ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင် ၅/ဝလန (နိုင်)၁၂၇၃၇၁ ဖြစ်ပါကြောင်း။
ဦးအောင်နိုင်

တစ်ဦးတည်းဖြစ်ပါကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်တက္ကသိုလ် အဝေးသင်ဌာနမှ အင်္ဂလိပ်စာအထူးပြု ခုံအမှတ် ၄-အဖ၄(၀၁၂)ဖြင့် စတုတ္ထနှစ် အောင်မြင်ခဲ့သော မလှဲ့သီရိပန်၏ဖခင် ဦးမင်းနိုင်နှင့် ဦးမြင့်နိုင် ၇/ဝမန(နိုင်)၀၁၈၃၁၀မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
ဦးမင်းနိုင်(ခ)ဦးမြင့်နိုင်

ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ အထက(ခွဲ)တအုံ အဌမတန်းမှ မထားထားဝေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကို ၅/ရဘန(နိုင်)၁၇၅၁၃၄ ဖြစ်ပါကြောင်း။
ဦးအောင်ကိုကို

ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ အထက(ခွဲ)တအုံ နဝမတန်း အတွဲ(၁)မှ မောင်ရှိုင်းထက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဗို ၅/ရဘန(နိုင်)၂၁၉၀၄၀ ဖြစ်ပါကြောင်း။
ဦးကျော်ဗို

ဖခင်အမည်မှန်
ရွှေဘိုမြို့နယ်၊ အထက(ခွဲ)တအုံ တက္ကသိုလ်ဝင်တန်း အတွဲ(၁)မှ မောင်ခန့်စည်သူနိုင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင် ၅/ရဘန(နိုင်)၁၆၃၆၄၀ ဖြစ်ပါကြောင်း။
ဦးသိန်းနိုင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၅၁ယ/၆၃၆၇ Honda Click 125,M/C ယာဉ်လက်ဝယ်ရှိသူ Auto RY Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် SGG/12289 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြတ် ၅/ရဘန(နိုင်)၁၃၃၆၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့

မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများ ဒေဝယက္ခမန်းဆေးနဲ့ ကာကွယ်ပါ

မိုးဦးကျပြီဖြစ်၍ သရက်သီး၊ ပိန္နဲသီး၊ ဒူးရင်းသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီး၊ နာနတ်သီး စသည့်ရာသီစာများကို မဆင်မခြင်စားသုံးခြင်းကြောင့် အဖုအကျိတ်အမျိုးမျိုး၊ ယားနာများ၊ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ သံကောင်၊ တုတ်ကောင်များနှင့် ကူးစက်သောရောဂါများ ပုံမှန်ဖြစ်ပွားတတ်ပါသည်။ ဖော်ပြပါ ရာသီစာ လွန်ကဲစွာစားသုံးခြင်းကြောင့် အဖုအကျိတ်များနှင့် ရောဂါများဖြစ်ပွားလျှင် ဒေဝယက္ခအကျိတ်ကြေမန်းဆေးကို သုံးစွဲခြင်းဖြင့် ကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
-အမြို့မြို့ဆိုင်များတွင် လွယ်လင့်တကူ ရရှိနိုင်ရန် စီစဉ်ထားပါသည်။
-ရဟန်းသံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ လိုအပ်ပါက အလှူခံတော်မူကြပါ။

အဖုအကျိတ်ဆို ပေါင်ဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်

ဒေဝယက္ခအကျိတ်ကြေအနုမြူမန်းဆေး၊ ပဲခူးမြို့၊ ဖုန်း-၀၉-၅၃၀၀၁၄၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါကော်မတီ
တင်ဒါခေါ်ယူခြင်း
၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ပြည်သူ့ကျန်းမာရေးနှင့်ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့ (ဈေးများဌာန) ကွပ်ကဲမှုအောက်ရှိ ဈေး(၇)ဈေး၏ သန့်စင်ခန်းဝင်ခကောက်ခံခြင်းလုပ်ငန်းများအား ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် အငှားချထားရန်အတွက် အိတ်ပိတ်တင်ဒါအဆိုပြုလွှာများတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

သန့်စင်ခန်းအမည်	- ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံရွှေပြည်ဈေး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂)ဈေး၊ အလုံမြို့နယ်၊ အလုံဈေး၊ သကေတမြို့နယ်၊ စံပြဥယျာဉ်ဈေး၊ လှိုင်သာယာမြို့နယ်၊ ပိတောက်မြိုင်ဈေး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ဈေး၊ လှိုင်မြို့နယ်၊ သီရိမင်္ဂလာဈေးသန့်စင်ခန်းအမှတ်(၁၊ ၂၊ ၃)
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်**	- ၉-၈-၂၀၁၉ရက်မှ ၆-၉-၂၀၁၉ရက်အထိ
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့်တင်သွင်းရမည့်နေရာ**	- မြို့တော်ခန်းမ(ဒုတိယထပ်)၊ ဈေးများဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်**	- ၉-၉-၂၀၁၉ရက်(တနင်္လာနေ့) ၁၄း၀၀နာရီ

၅။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၏ ဖုန်း-၃၇၆၇၀၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။
တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

တရုတ်စကားပြန်အဖြစ်(၆)လပြတ်သင်တန်း
အလုပ်ပါတစ်ခါတည်း အင်တာဗျူးရမည်။ (၁၅) နှစ်အတွေ့အကြုံရှိ GESC တရုတ်စကားပြောစာသင်ကျောင်းမှအထူးလေ့ကျင့်သင်ကြားပေးမည်။ လစာ(၃-၆) သိန်းရမည်
ဖုန်း– ၀၉၅၀-၆၃၃၆၉၊ ၀၉၅၄-၁၀၅၉၂

ဖခင်အမည်မှန်
ကျိုက်ထိုမြို့နယ်၊ အထက(အင်္ဂဘို) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဆန်းပြည့်နိုင်နှင့် တက္ကသိုလ်ဝင်တန်း(B)မှ မောင်ချမ်းမြေ့လှိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်း ၇/ပခန(နိုင်)၁၀၇၅၈၇ ဖြစ်ပါကြောင်း။
ဦးကျော်ဝင်း

ဖခင်အမည်မှန်
လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ် အထက(၂) တက္ကသိုလ်ဝင်တန်းမှ မဝေဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၁၄/လပတ(နိုင်)၁၇၁၂၆၄ ဖြစ်ပါကြောင်း။
ဦးစိုးဝင်း

ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 8K/1214 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)

ဖခင်အမည်မှန်
တန့်ယန်းမြို့နယ်၊ အကယ်ဒမီကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မသဇင်ဖူးဝေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဆန်ဆမ် ၁၃/တယန(နိုင်)၀၃၀၁၈၆ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင် (၈၆၇)၊ ဧရိယာ ၀ ဒသမ ၀၉၆၈ဧကရှိ မြေဂရန်အမှုတွဲအမှတ်၊ ၁၆၅-၅/၂၀၀၁-၂၀၀၂(စီ)ဖြင့် ဦးစိုင်းမောက်ခမ်း အမည်ပေါက်မြေဖြစ်ပြီး ၂၂-၇-၂၀၁၉ရက်တွင် ဦးကျန်လောက်နိုင်၁၃/လကန(နိုင်)၀၀၆၂၈၂သို့ လွှဲပြောင်းရောင်းချပြီးဖြစ်၍ ဦးကျန်လောက်နိုင်မှ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ၁၅ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ဖခင်အမည်မှန်
ကျောင်းကုန်းမြို့နယ်၊ အစုကြီးကျေးရွာ အထက တက္ကသိုလ်ဝင်တန်း (C)မှ မောင်စည်သူဝင်း၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်လင်း ၁၄/ကပန(နိုင်)၁၄၉၂၉၉ ဖြစ်ပါကြောင်း။
ဦးသက်နိုင်လင်း

ဖခင်အမည်မှန်
ကျောင်းကုန်းမြို့နယ်၊ အစုကြီးကျေးရွာ အထက တက္ကသိုလ်ဝင်တန်း(C)မှ မောင်စိုးမြတ်မင်းနှင့် ပုသိမ်တက္ကသိုလ် ဒုတိယနှစ် ဓာတုဗေဒမှ မောင်အေးမြတ်မင်း၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၁၄/ကပန(နိုင်)၁၁၇၇၂၇ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၈)၊ အမှတ် (၂၁)နေ ဦးလောက်စီး ၁၃/ဟပတ(နိုင်)၀၁၀၆၉၆သည် အထက်ပါတံဆိပ်ဖြင့် ထုတ်လုပ်မည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
ကန့်ကွက်လိုပါက
ဖုန်း-၀၉-၇၈၇၇၈၃၈၆၆

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း
လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၅)၊ အကွက်အမှတ် (၁၀/ကောင်းခါးရပ်)၊ ဦးပိုင် (၆)၊ ဧရိယာ ၀ ဒသမ ၀၇၉၈ဧက၊ အမှုတွဲအမှတ်-၁၅၆.၅၊ ၂၀၀၀-၂၀၀၁(အေ)ဖြင့် ဦးလက်ဆေး ၁၃/လရန(နိုင်)၀၈၇၅၇၇မှ အမည်ပေါက်ပိုင်ဆိုင်ပြီး အဆိုပါမြေဂရန်မှာ နေအိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ကြေညာပါသည့်ရက်မှ ၂၀ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

ဒေါ်မေနွယ်စိုး၏ ၂၊၈၊၂၀၁၉ ရက်စွဲ မြန်မာ့အလင်းသတင်းစာပါ အသိပေး အကြောင်းကြားစာနှင့် ပတ်သက်၍ ပြန်လည်အသိပေး အကြောင်းကြားကြော်ငြာခြင်း
ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်မေနွယ်စိုး (၁၃/တခလ(နိုင်)၀၄၁၃၂၀) သိရှိသတိပြုလိုက်နှာ ဆောင်ရွက်ရန် အကြောင်းပြန်ကြားလိုက်ပါသည်။
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အမှတ်-၅ ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၉/စွမ်ဆက်N) ဦးပိုင်အမှတ်(၇၄)၊ မြေဧရိယာ ၀.၀၇၂ဧကရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည်ဦးစိန်ဝမ်း အမည်ပေါက်တရားဝင်ပိုင်ဆိုင်လျက်ရှိသော ပစ္စည်းများဖြစ်သည်မှာ ခြွင်းချက်မရှိမှန်ကန်ပါသည်။ ဖော်ပြပါ ပစ္စည်းများကို ဦးစိန်ဝမ်းသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်းမရှိပါ။ ဦးစိန်ဝမ်းမှ ဒေါ်မေနွယ်စိုးသို့ ရောင်းချထားခြင်း အခြားနည်းလွှဲပြောင်း ပေးထားခြင်း၊ ခေတ္တခဏသော်လည်းကောင်း၊ ထာဝရသော်လည်းကောင်း နေထိုင်ခွင့် ပြုထားခြင်းလုံးဝမရှိခဲ့ပါ။ သို့ဖြစ်ပါသောကြောင့် ဦးစိန်ဝမ်းထံမှ ဝယ်ယူထားပြီး "ဦးစိန်ဝမ်းက အိမ်ခြံမြေရောင်းချစဉ်က တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ပေးရန် နှုတ်ကတိပဋိညာဉ်အတိုင်း" ဆိုသည်မှာ မမှန်မကန်လွန်စွာများယွင်းသော လိမ်လည်လုပ်ကြံမှုကြီးဖြစ်နေပါသည်။ ပိုင်ရှင် ဦးစိန်ဝမ်း၏ ခွင့်ပြုချက်မရှိသော ဥပစာအတွင်း ဝင်ရောက်နေထိုင်နေခြင်းသည် ဥပဒေကိုချိုးဖောက်ကျူးလွန်နေခြင်း ဖြစ်ပါသည်။ သို့ပါ၍ဥပစာအတွင်းမှ အမြန်ဆုံးဖယ်ရှားပေးပါရန် အသိပေး အကြောင်းကြားလိုက်ပါသည်။

ဦးခင်မောင်အေး B.A.R.L တရားလွှတ်တော်ရှေ့နေ (စဉ် ၅၃၃၅)
ဖုန်း ။ ၀၉-၃၃၈၈၈၈၆၀၊ ၀၉-၇၉၅၂၅၀၅၆

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း ဦးစီးဌာန(၆၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်နှင့် အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

၂၀၁၉ခုနှစ် စက်တင်ဘာ ၁ရက်တွင် ကျရောက်သည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (၆၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ကွယ်လွန်သူဝန်ထမ်းဟောင်းများနှင့် ဝန်ထမ်းများကိုရည်စူး၍လည်းကောင်း၊ ဘုရားအမှူးပြုသော သံဃာတော်အရှင်သူမြတ်များအား အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဝန်ထမ်းဟောင်းများ၊ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများနှင့် ကွယ်လွန်သူဝန်ထမ်းများ၏မိသားစုဝင်များ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်ရက် - ၂၀၁၉ ခုနှစ် ဩဂုတ် ၃၁ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀း၀၀ နာရီ
ကျင်းပမည့်နေရာ - စစစ ဓမ္မာရုံ၊ အာဇာနည်လမ်း၊ (မူလကမ္ဘာအေးဘုရားအနီး) ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်။

လှူဒါန်းလိုသည့် ပုဂ္ဂိုလ်များ အလှူငွေ/ပစ္စည်းများကို ၃၀-၈-၂၀၁၉ရက် (သောကြာနေ့) နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-
ဦးတင်မြင့် ဖုန်း-၀၉-၄၃၁၇၅၄၅၅၊ ဦးအေးမောင်သန်း ဖုန်း-၀၉-၅၁၂၁၅၉၉၊ ဦးသိန်းဟန် ဖုန်း-၀၉-၅၂၇၅၄၆၈၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၈၅၁၃၂၊ ဦးမောင်မောင်အောင် ဖုန်း-၀၉-၅၀၄၁၉၁၁၊ ဦးကြည်ရွှင် ဖုန်း-၀၉-၇၃၅၅၅၄၄၄
(သီးခြားဖိတ်စာမပို့ပါ။)

အများပြည်သူသိရှိစေရန် ကြေညာခြင်း

